# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝတ်(ဓမ္မပဒ - ၁၄၆)



၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၈)


# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။ (ဓါတ်ပုံ)

**တက်ရောက်ကြည်ညို**

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးခင်မောင်ဝင်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

**ဆောင်ရွက်တော်မူ**

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာနန္ဒက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက ဆောင်ရွက်တော်မူသည်။

**အစည်းအဝေးထမြောက်**

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။


*စာမျက်နှာ ၃ ကော်လံ ၅* ❖


# စည်ပင်ခွင့်ပြုချက်မရှိ ဆောက်လုပ်ထားသော အထပ်မြင့်အဆောက်အအုံများ မြို့တော်စည်ပင်မှ လျှော့ပေါ့ခွင့်ပြုမိန့် ထုတ်ပေးမည့်အစီအစဉ် ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးမှ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်သောကြောင့် တရားစွဲဆိုအရေးယူထားသော လူနေအဆောက်အအုံများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒဏ်ကြေးများလျှော့ပေါ့၍ ခွင့်ပြုမိန့်ထုတ်ပေးမည့် အစီအစဉ်များကို တရားစွဲဆိုခံထားရသော ပြည်သူများနှင့် တွေ့ဆုံရှင်းလင်းပြောကြားသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက သဃ်န်းကျွန်းမြို့နယ် ထွေ/အုပ် ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(အဆောက်အအုံ)ဒုတိယဌာနမှူး ဦးနေဝင်းနှင့်ယင်းဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် လ/ထ အုပ်ချုပ်ရေးမှူးများ၊ တရားစွဲဆိုခံထားရသော ရှစ်ရပ်ကွက်မှ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ထားသော ပြည်သူများ တက်ရောက်ကြသည်။

"ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥပဒေအသစ်မထွက်ခင်မှာ ခွင့်ပြုချက်မဲ့ဆောက်လုပ်ထားတဲ့ အမှုတွေပိတ်သိမ်းနိုင်ဖို့ အခုလို ဒဏ်ကြေးငွေတွေ လျှော့ချပေးလိုက်တာဖြစ်ပါတယ်၊ ပုံမှန်ဒဏ်ကြေးငွေ ၁၀၀ ရာခိုင်နှုန်းအပေါ်မှာ အခု ၇၀ ရာခိုင်နှုန်းထိ လျှော့ချပြီးတော့ ၃၀ ရာခိုင်နှုန်းကိုပဲ ဆောင်ပေးရမှာဖြစ်ပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်းက တွေ့ဆုံရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑


## ရောဝတီလင်းပိုင်တို့၏ ကံကြမ္မာ

ဆောင်းပါး စာ » ၆

## ဂျေရုဆလင်ရှိ အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးကို မေလတွင် စတင်ဖွင့်လှစ်ရန် စီစဉ်

နိုင်ငံတကာ စာ » ၁၄





ကမ္ဘာကျော်ဆေးကုမ္ပဏီ Roche မှ ထုတ်လုပ်သော
အရည်အသွေးမြင့်သွေးချိုတိုင်းစက်
Accu-Chek Performa နှင့် Accu-Chek Active အား
AA Medical Products Ltd. မှ
တင်သွင်းဖြန့်ချိနေပြီဖြစ်ပါသည်။
Customer Hotline:
01-9000647 (Ext: 100-400)

Roche

ACCU-CHEK

မြန်မာ့အလင်း

# စွမ်းအားငယ်မီးစက်တို့၏ အလားအလာ

လျှပ်စစ်မီးသည် ကျေးလက်ပြည်သူတို့၏ဘဝကို ပြောင်းလဲမြှင့်တင်ပေးနိုင်သော အရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ လျှပ်စစ်မီးသည် ကျေးလက်ကျောင်းသူ ကျောင်းသားတို့၏ စာပေသင်ယူမှုကို ထိထိရောက်ရောက် ပံ့ပိုးတွန်းအားပေးနိုင်ပါသည်။ လျှပ်စစ်မီးရရှိပါက ရုပ်မြင်သံကြားမှ တစ်ဆင့်အကြားအမြင် ဗဟုသုတတို့ကို ဆည်းပူးနိုင်ပါသည်။ လျှပ်စစ်မီးရရှိပါက အသေးစားလုပ်ငန်းတို့ကို ဖန်တီးဆောင်ရွက်နိုင်ပါသည်။ လျှပ်စစ်မီး၏ အသုံးဝင်ပုံကို တင်ပြရမည်ဆိုပါက ဆုံးနိုင်မည်မဟုတ်ဟုပင် ပြောဆိုရမည် ဖြစ်ပါသည်။

သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သော နိုင်ငံတော်၌ ကျေးလက်အားလုံးသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေးကို အချိန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရဦးမည် ဖြစ်ပါသည်။ ကျေးလက်အားလုံးသို့ မဟာဓာတ်အားလိုင်းရောက်ရှိရေးသည် အချိန်ယူရမည်ဖြစ်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသော လုပ်ငန်းစီမံကိန်းမျိုးလည်း ဖြစ်ပါသည်။ ဤသို့သော အခြေအနေမျိုး၌ ကျေးရွာတိုင်းသို့ မဟာဓာတ်အားလိုင်းရောက်ရှိသည်အထိ ထိုင်စောင့်နေ၍ မရနိုင်ပါ။ တိုင်းပြည်၏ပကတိအခြေအနေနှင့်ကိုက်ညီသော နည်းလမ်းပေါင်းစုံကို ဖန်တီးဖော်ဆောင်၍ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။

ကျေးရွာအတော်များများ၌ နေရောင်ခြည်စွမ်းအင်ကိုသုံး၍ လျှပ်စစ်ဓာတ်အားရယူသုံးစွဲနေသည်ကို ပို၍ ပို၍ ကျယ်ကျယ်ပြန့်ပြန့် တွေ့လာနေရပါသည်။ သို့သော် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးရရှိရေးသည် ကျေးလက်ပြည်သူအများစု၏ သုံးစွဲနိုင်စွမ်းထက်မြင့်မားနေဆဲ ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ ကျေးလက်ပြည်သူတို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းသစ်တို့ကို ကြံဆရှာဖွေရမည် ဖြစ်ပါသည်။ တင်ပြရမည်ဆိုပါက ဤကဲ့သို့နည်းလမ်းသစ်များ ကြံဆရှာဖွေနိုင်ရေးသည် အမျိုးသားရေးလိုအပ်ချက်ဟုပင် ပြောဆိုနိုင်ပါသည်။ အဆိုပါ အမျိုးသားရေးလိုအပ်ချက်နှင့်အညီ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ပူးပေါင်း၍ စွမ်းအားငယ် မီးစက် (1 KW Generator) တို့ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟူသော သတင်းကောင်းတစ်ရပ် မကြာမီကထွက်ပေါ်လာခဲ့သည်ကို တွေ့ရှိရပါသည်။

ဂျပန်နိုင်ငံမှပညာရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ ပညာရှင်များ ပူးပေါင်းထုတ်လုပ်သည့်စွမ်းအားငယ်မီးစက်သည် ကျေးရွာတို့၏ အခြေခံလျှပ်စစ်မီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ထုတ်လုပ်သော မီးစက်ငယ်များ ဖြစ်ပါသည်။ စွမ်းအားငယ်မီးစက်တစ်လုံးသည် လေးပေမီးချောင်း အချောင်း ၂၀ခန့်အသုံးပြုနိုင်သည့် လျှပ်စစ်ဓာတ်ကိုထုတ်လုပ်ပေးနိုင်ပါသည်။ ဤစွမ်းအားငယ်မီးစက်၏ အားသာချက်သည် ကျေးလက်တို့၏ပကတိအနေအထားကို အခြေခံ၍ လျှပ်စစ်ဓာတ် ထုတ်လုပ်ပေးနိုင်ခြင်း ဖြစ်ပါသည်။ အဆိုပါ စွမ်းအားငယ်မီးစက်အားစမ်းသပ်လည်ပတ်ပုံကို ကြည့်ရှုမှုဖြင့် ကျေးလက်တောရွာတို့၏ ပကတိအခြေအနေအပေါ်ထင်ဟပ်နိုင်ပုံကို သိမြင်နိုင်မည် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်၌ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိမ်းစားပင်အုပ်စု၌ ဤစွမ်းအားငယ်မီးစက်ကို စမ်းသပ်လည်ပတ်ခဲ့ပါသည်။ လယ်ယာမြေများသို့ ရေပေးဝေသည့် ဆည်မြောင်းတူးမြောင်းအတွင်း ဤစွမ်းအားငယ်မီးစက်ကို တပ်ဆင်၍ စမ်းသပ်လည်ပတ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့သော တူးမြောင်းမျိုးသည် မြန်မာနိုင်ငံအနှံ့အပြားရှိ ကျေးလက်တောရွာတို့၌ မြင်တွေ့နိုင်သော တူးမြောင်းမျိုး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စွမ်းအားငယ်မီးစက်ထုတ်လုပ်ရေး စီမံကိန်းကို ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# လီဆူတိုင်းရင်းသားများ စာပေနှင့်ရိုးရာယဉ်ကျေးမှု စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက (၅၃) ကြိမ်မြောက် လီဆူတိုင်းရင်းသားများ စာပေနှင့် ရိုးရာယဉ်ကျေးမှု စုပေါင်းနှစ်သစ်ကူးပွဲတော် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

နန်းတော်ဦးမုခ်ဦးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာနှင့် မိုးကုတ်မြို့နယ် ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့ဥက္ကဋ္ဌ သုဓမ္မမဏ်ိဇောတဓရ ဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လီဆူတိုင်းရင်းသားပေါင်း ဝ ဒသမ ၅သန်းကျော်နေထိုင်လျက်ရှိကာ ရာခိုင်နှုန်းအားဖြင့် ဝ ဒသမ ၉၄ ရာခိုင်နှုန်းရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိပြီး စည်းလုံးညီညွတ်စွာဖြင့် ယဉ်ကျေးမှုဓလေ့များ အပြန်အလှန်လေးစားမှုရရှိ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လီဆူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်အတွက် အလှူငွေကျပ် သိန်းနှစ်ဆယ်အား ပွဲတော်ကျင်းပရေးကော်မတီကို ပေးအပ်လှူဒါန်းပြီး လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဂူဆာက နှစ်သစ်ကူးပွဲတော် ဂုဏ်ပြုစကား ပြောကြားသည်။

တောင်ကြီးမြို့၌ ပွဲတော်ကို ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ရာ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် ရပ်နီးရပ်ဝေးမှ လီဆူတိုင်းရင်းသား သုံးထောင်ခန့် ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

"လီဆူပွဲတော်ကို ကျင်းပလာတာ (၅၃) ကြိမ်ရှိပါပြီ၊ အခုလို စည်းစည်းလုံးလုံးတွေ့မြင်ရလို့ ဝမ်းလည်းသာပါတယ်၊ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေးလည်း လိုအပ်နေပါသေးတယ်၊ အားလုံးပျံ့နှံ့နေပေမယ့် ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ တောင်ပိုင်းတွေမှာ အများဆုံးနေထိုင်ကြပါတယ်၊ အခုလို ရပ်နီးရပ်ဝေးက မိမိတို့ရဲ့ တိုင်းရင်းသားတွေကို တွေ့ရတာ ဝမ်းသာကြည်နူးရပါတယ်"ဟု လီဆူတိုင်းရင်းသား ဒေါက်တာ အောင်အောင်က ပြောသည်။

**သန်းထိုက် (လှိုင်သာယာ)**
**ဓာတ်ပုံ- သန်းစိုး**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ရှားတော ဖေဖော်ဝါရီ ၂၄**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်ရည်ရွယ်၍ မြို့နယ် ဒေါဝယ်ရောကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းအမှတ်စဉ် ၄/၂၀၁၈ လက်သမား၊ ပန်းရန်သင်တန်းကို ဖေဖော်ဝါရီလ တတိယပတ်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို နှစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ကျေးရွာပြည်သူများအား မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်တန်း ဖေဖော်ဝါရီ ၂၄**

ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ကာ ထုတ်ချေးပေးခဲ့သည်။

အဆိုပါ ငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်က ကျောက်တန်းမြို့နယ် ကမာလမ်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းအတွက် ၁၀၆ ဦး၊ မွေးမြူရေးလုပ်ငန်းအတွက် ၁၈ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ၁၄ ဦး၊ ရေလုပ်ငန်းအတွက် နှစ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းအတွက် တစ်ဦးတို့အား ငွေကျပ် ၃၂၀၄၀၀၀၀ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအရောက်ကွင်းဆင်းထုတ်ချေးပေးခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း (ကျောက်တန်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၄-၂-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်ကျောင်းနှင့် ဝိဇ္ဇောတာရုံစာသင်တိုက်များသို့ အလှူငွေများ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ စစ်ကိုင်းပရိယတ္တိစာသင်တိုက် ဗဟန်းမြို့နယ် နန္ဒဝန်လမ်းရှိ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်ကျောင်းနှင့် မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် မြစပယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်တို့၌ သာသနာသုံးရပ်၏ အဓိကရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာကို ထမ်းဆောင်နေကြသော သံဃာတော်များအတွက် အလှူတော်ငွေများ သွားရောက်လှူဒါန်းသည်။**




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ စစ်ကိုင်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး စစ်ကိုင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာနန္ဒ ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ်တရားတော်ကို ရွတ်ပွား ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံရယူသည်။

ယင်းနောက် စစ်ကိုင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်က အနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟန်းမြို့နယ် နန္ဒဝန်လမ်းရှိ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်ကျောင်းသို့ရောက်ရှိပြီး မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်ကျောင်း ယောဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသအား ပြည်ထောင်စုဝန်ကြီးက ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေ ကျပ်သိန်း ၃၀ ဆက်ကပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် ၉ ရပ်ကွက် မြစပယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်သို့ သွားရောက်ပြီး ဝိဇ္ဇောတာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် သြဝါဒါစရိယ ရွှေကျင်နိကာယ အဓိပတိဥက္ကဋ္ဌ မဟာနာယကဓမ္မသေနာပတိ ရွှေကျင်သာသနာပိုင်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇ္ဇောတအား ပြည်ထောင်စုဝန်ကြီးက ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေ ကျပ်သိန်း ၃၀ ဆက်ကပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံရယူသည်။

အခမ်းအနားသို့ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး အကြီးစားစက်ရုံများနှင့် စက်မှုသင်တန်းကျောင်း(သာဂရ)၌ စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အမှတ် (၁၅) အကြီးစားစက်ရုံတွင် လူနာတင်ယာဉ် ထုတ်လုပ်ရန် ပြည်ပမှ ရောက်ရှိလာသော လူနာတင်ယာဉ် အသုံးအဆောင်ပစ္စည်းများနှင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော Toyota Commuter ကားသစ်များအား ပြည်ပမှ ပညာရှင်များနှင့်အတူ ယခုလနောက်ဆုံးပတ်တွင် စတင်ထုတ်လုပ်တော့မည်ဖြစ်၍ နိုင်ငံတကာစံချိန်မီ ထုတ်လုပ်နိုင်ရေးကို မှာကြားသည်။



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှပညာရှင်များ နှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ပညာရှင်အဖွဲ့များ ပူးပေါင်း၍ နိုင်ငံတကာအသိအမှတ်ပြု CAAS (Commission on Accreditation of Ambulance Services) လက်မှတ်ရရှိရန်နှင့် မော်တော်ယာဉ် အန္တရာယ်ကင်းရှင်းရေး လက်မှတ်များကို စနစ်တကျထုတ်ပေးနိုင်ရန် "ပူးပေါင်းအဖွဲ့" ဖွဲ့စည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အမှတ် (၂၆)အကြီးစားစက်ရုံတွင် Mini Hydro Turbine ထုတ်လုပ်ထားရှိမှု ကြည့်ရှုစစ်ဆေးပြီး ရေဇင်းဆည်တွင် စမ်းသပ်လည်ပတ်မှုအရ တွေ့ရှိချက်များကို အခြေခံ၍ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်သောတာဘိုင်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်ရန် လိုအပ်သည်များကို မှာကြားခဲ့သည်။ ထို့နောက်တန် ၂၅၀ ဆံ့ ဆန်နှင့် သီးနှံသိုလှောင် Silo အစိတ်အပိုင်းများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ စက်ရုံမှထုတ်လုပ်မည့် တန် ၂၅၀ ဆံ့ ဆန်နှင့်သီးနှံသိုလှောင် Silo ကိုရခိုင်ပြည်နယ် အစိုးရက ခွင့်ပြုထားသော မောင်တောဒေသ၊ အခေါင်းပေါက်ကျေးရွာတွင် မကြာမီတပ်ဆင်တော့မည်ဖြစ်သည်။

ထို့နောက် CNC Machine သင်တန်းခန်းမများကို ကြည့်ရှုစစ်ဆေးပြီး စက်များ၏ အသုံးဝင်ပုံကို သေချာစွာ လေ့လာဆည်းပူးကြရန်နှင့် ထိရောက်အကျိုးရှိစွာ အသုံးချရန် မှာကြားသည်။ စက်မှုသင်တန်းကျောင်းတိုင်းတွင် သက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်ရုံငယ်များ ပူးတွဲတည်ဆောက်၍ သင်တန်းကာလအတွင်းမှာပင် လက်တွေ့လုပ်ငန်းရပ်များကို လေ့လာသင်ယူစေပြီး စာတွေ့လက်တွေ့ အသုံးချနိုင်သော ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်လာစေရေးကို စီမံချက်ချမှတ်ဆောင်ရွက်ရန် မှာကြားသည်။

မုံရွာ၊ ပခုက္ကူနှင့် မြင်းခြံတို့တွင်လည်း စက်မှုသင်တန်းကျောင်းများနှင့် ဆက်စပ်၍ မော်တော်ယာဉ်ပြင်ဆင်မှုနှင့် စက်မှုလုပ်ငန်းအလုပ်ရုံငယ် (Workshop) များ ဖြစ်ထွန်းလာစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ထို့နောက် ဖြန့်ဝေဆက်ကပ်ထားသည့် အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မနှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာစာရာဘိဝံသတို့က ရှင်းလင်းပြောကြားပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

**ဒုတိယနေ့ အစည်းအဝေးရပ်နား**

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေး ကို ပြန်လည်စတင်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာကို ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကဏ္ဍအလိုက် ကိုယ်စားလှယ် ဆရာတော်များက ဆွေးနွေးတော်မူကြပြီး ဒုတိယနေ့ အစည်းအဝေးကို ရပ်နားသည်။

**တစ်နေ့တာဆွမ်းဆက်ကပ်**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများကို မိခင်ကြီး ဒေါ်တင်ဝင်းရီအား အမှူးထား၍ ဗိုလ်မှူးကြီးသိန်းဌေး (ငြိမ်း)၊ ဒေါက်တာ ဒေါ်မြသီတာ (သီဟသုဓမ္မသိင်္ဂီ)၊ သမီး အမရာနှင့် အိန္ဒြေမဒီဆွေတင်၊ သားလင်းမောင်မောင်နှင့် လင်းညီညီဆွေတင် မိသားစု အမှတ် ၃၃ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်က တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

❏ *ရှေ့ဖုံးမှ*

ဆက်လက်၍ မကြာခင်ကာလတွင် အသစ်ထွက်ရှိလာမည့် ဥပဒေမူကြမ်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက "စည်ပင်သာယာဥပဒေအသစ်မူကြမ်းစာအုပ် ရောက်ရှိလာပါပြီ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေက စာအုပ်ထဲမှာပါတဲ့ အချက်အလက်တွေအပေါ်မှာပါတဲ့ အချို့အချက်တွေ၊ လိုအပ်တဲ့ အချက်တွေပေါ်မှာ ဆွေးနွေးပြီးရင် ဒီဥပဒေက အတည်ဖြစ်သွားပါပြီ၊ အဲဒီဥပဒေ အတည်ဖြစ်သွားရင် ပြင်းထန်တဲ့ အရေးယူ ဆောင်ရွက်ချက်တွေပါဝင်နေတဲ့အတွက် ဒီဥပဒေအသစ်မထွက်ခင် ဒဏ်ကြေးငွေတွေကို တာဝန်သိစွာ ပေးဆောင်စေချင်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ယင်းနောက် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်သောကြောင့် တရားစွဲဆို အရေးယူခံထားရသော အဆောက်အအုံများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဒဏ်ကြေးငွေများ လျှော့ပေါ့၍ ခွင့်ပြုမိန့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ခွင့်ပြုချက်မဲ့ ဆောင်ရွက်ထားသည့် မိဘပြည်သူများအား ရန်ကုန်မြို့တော်စည်ပင် အင်ဂျင်နီယာဌာန (အဆောက်အအုံ)ဒုတိယဌာနမှူး ဦးနေဝင်းက မြို့တော်စည်ပင်က ဖြေလျှော့မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။



ရှင်းလင်းပွဲ တက်ရောက်လာသည့် ပြည်သူများကလည်း "ကျွန်တော်တို့မြေရှင်တွေကို ၃၀ ရာခိုင်နှုန်းပဲ ဒဏ်ကြေးငွေပေးဆောင်ဖို့ သတ်မှတ်လိုက်တဲ့ အပေါ်မှာ ဝမ်းသာပါတယ်၊ သို့သော် တချို့ကန်ထရိုက်တွေက ဆောက်နေရင်း တစ်ဝက်တစ်ပျက်နဲ့ပဲ ရပ်ဆိုင်းထားမှုတွေ ပြုလုပ်ပါတယ်၊ တချို့ကန်ထရိုက်တွေက ဒဏ်ကြေးငွေ ပေးဆောင်မယ်ဆိုပြီး စာချုပ်ချုပ်ထားကာ လက်ရှိတွင် ဒဏ်ကြေးငွေများ မဆောင်ထားတဲ့အတွက် မြေရှင်တွေအနေနဲ့ နစ်နာမှုများပါတယ်"ဟု ၎င်းတို့၏ အတွေ့အကြုံအခက်အခဲများအား ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒဏ်ကြေးငွေကျပ် ၃၀ ရာခိုင်နှုန်းသာ ပေးဆောင်ရမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့် လူနေအထပ်မြင့်အဆောက်အအုံ ဆောက်လုပ်မည့် ပြည်သူများကို လိုက်နာရမည့် စည်းကမ်းများ၊ ပြစ်ဒဏ်များနှင့်ပတ်သက်ပြီး ဆွေးနွေးရှင်းလင်းပွဲများ ပြုလုပ်ပေးခဲ့ပြီး လိုင်စင်ရ ကန်ထရိုက်တာများနှင့်သာ ဆောက်လုပ်ကြရန် အသိပေးညွှန်ကြားထားသော်လည်း မြေရှင်အများစုမှာ လိုက်နာခြင်းမရှိခဲ့သည့်အတွက် ယခုလိုဒဏ်ကြေးငွေပေးဆောင်ရမည့်အမှုများ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း၊ ဒဏ်ကြေးငွေဆောင်ရမည့်သူများမှာ မိမိတို့ ပေးဆောင်ရမည့် ဒဏ်ကြေးငွေများကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ သွားရောက်၍ အသေးစိတ် စုံစမ်းညှိနှိုင်းမေးမြန်း၍ ဆောင်ရွက်နိုင်ကြောင်း အင်ဂျင်နီယာ အဆောက်အအုံ ဒုတိယဌာနမှူးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က နိဂုံးချုပ်ရှင်းလင်းခဲ့ကြသည်။ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဒဏ်ကြေးငွေပေးဆောင်ရန် အဆောက်အအုံ အလုံးရေမှာ ၅၆၀ ရှိနေပြီး အဆိုပါ ဖြေလျှော့ဒဏ်ကြေးငွေများနှင့် ပတ်သက်၍ ရှင်းလင်းခြင်းကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ရပ်ကွက်ရှစ်ရပ်ကွက် ပြည်သူများအား လည်းကောင်း ရှင်းလင်းခဲ့သည်။

ဖေဖော်ဝါရီ ၂၅ ရက် နံနက်တွင်လည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၌ ရပ်ကွက် ၁၂ ရပ်ကွက် ပြည်သူများအား ထပ်မံရှင်းလင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာ အဆောက်အအုံဌာနမှ သိရသည်။

**စမ်းစမ်းကြည် (သဃ်န်းကျွန်း)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော် တည်ဆောက်ပြီးစီးမှု စစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ ကျောက်တော်ကြီးဘုရား ပရိဝုဏ်အတွင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ရန်ကုန်မြောက်ပိုင်းခရိုင်အတွက် စုပေါင်းတည်ဆောက်လှူဒါန်းသည့် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သီရိမင်္ဂလာ သာသနာ့ဗိမာန်တော်ကြီးအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များစုပေါင်း၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကာ ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး တည်ဆောက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်

# မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေးညှိနှိုင်းအစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

**စာကောင်းပေမွန် လေ့လာလိုသူများ အတွက် မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေး ဆင့်မအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)

ထို့နောက် မြန်မာစာအုပ် ၁၀၀ စာစဉ် ထုတ်ဝေရေးကော်မတီ အတွင်းရေးမှူး ဦးသန်းအုန်း (မောင်ဇေယျာ)က ယခု ဘဏ္ဍာနှစ်အတွင်း ပထမဆုံး (၃) တွဲ ထုတ်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဒုတိယတွဲနှင့် တတိယတွဲတွင် ပါဝင်မည့် စာအုပ်စာရင်း အတည်ပြုပေးနိုင်ရေးစသဖြင့် မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာစာအုပ် ၁၀၀ စာစဉ် ပထမတွဲ ထွက်ရှိနိုင်ရေး၊ ကဗျာနှင့် ဝတ္ထုတိုများ ရွေးချယ်ရာတွင် ဆောင်ရွက်သင့်သည့် အချက်များကို ဆွေးနွေးမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာစာအုပ် ၁၀၀ စာစဉ်တွင် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ အက်ဆေး၊ ပြဇာတ်၊ စာပဒေသာ စသည်ဖြင့် ကဏ္ဍများပါဝင်ပြီး ပထမဦးစွာ မြန်မာဝတ္ထုရှည်များပါဝင်သည့်အတွဲကို ယခုနှစ်အတွင်း ထွက်ရှိအောင် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနာယက ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်းက ဆောင်ရွက်မည့် လုပ်ငန်းများ၊ အတွင်းရေးမှူး ဒေါက်တာစန်းဝင်း က မြန်မာ့စွယ်စုံကျမ်း အတွဲ(၁) ပြန်လည်ထုတ်ဝေရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က မြန်မာ့စွယ်စုံကျမ်း အတွဲ(၁) ပြန်လည်ထုတ်ဝေရေးအတွက် စာပေဗိမာန် စာတည်းအဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီ နာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ တိုင်းရင်းသားလူမျိုးစုများနှင့် ပတ်သက်သည့် အချက်အလက်များကို စနစ်တကျပြုစုပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် ဆက်သွယ်အတည်ပြုရန်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပမည့် တိုင်းရင်းသား လူမျိုးစုများ၏ စာပေ ယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်မှ ရရှိသည့် အချက်အလက်များကို ကိုးကားအတည်ပြုရန် စသည်ဖြင့် မှာကြားသည်။

**သတင်းစဉ်**



# မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်သည့် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် လက်ရှိအခြေအနေနှင့် ဆီလျော်ကိုက်ညီသည့် ရုပ်ရှင်ဥပဒေသစ်တစ်ရပ် အမြန်ပေါ်ပေါက်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ဥပဒေသစ်မပေါ်ပေါက်မီ ကြားကာလတွင် ဆင်ဆာမူဝါဒနှင့် ပတ်သက်၍ ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးစိုးမိုး (ပန်းချီစိုးမိုး)နှင့် ဥက္ကဋ္ဌ ဦးဇင်ဝိုင်းတို့က ဆင်ဆာမူဝါဒနှင့် ပတ်သက်၍ ဖြေလျှော့သင့်သည်များနှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတွင် ပြင်ဆင်သင့်သည့်အချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ ပြန်လည်ဖွဲ့စည်းချိန်တွင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များကို လည်းကောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြင်ဆင်လိုသည့် အချက်များနှင့် ပတ်သက်၍ မတ်လ ၉ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ပြုလုပ်မည့် အလွှာစုံပါဝင်မည့် ဆွေးနွေးပွဲတွင် အသေးစိတ် ဆွေးနွေးစေလိုပါကြောင်းကို လည်းကောင်း ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**



# ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ကင်းထောက် လူငယ်များ ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ ကင်းထောက်လူငယ်များ ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ကိုရီးယားသမ္မတနိုင်ငံ ဖျောင်ချမ်းမြို့၌ ကျင်းပလျက်ရှိသည့် ဆောင်းရာသီ အိုလံပစ်ပွဲတော်၏ ဆက်စပ်အစီအစဉ်တစ်ခုဖြစ်သော ကမ္ဘာ့ကင်းထောက်လူငယ်များ ညီလာခံ (World Youth Camp Winter Olympic 2018) တက်ရောက်ရန် ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ တက္ကသိုလ်ကင်းထောက် အဖွဲ့ဝင်များဖြစ်ကြသည့် မမေပွင့်ရှင် (နိုင်ငံခြားဘာသာတက္ကသိုလ်-ကိုရီးယားဘာသာ)၊ မောင်ဇွဲခေါင်တေဇာ (အဝေးသင်တက္ကသိုလ်(ရန်ကုန်)- ပထမနှစ်)၊ မချောစုနန္ဒီဦး (ဒဂုံတက္ကသိုလ် (နိုင်ငံတကာဆက်ဆံရေး)- ဒုတိယနှစ်) တို့သည် ဖေဖော်ဝါရီ ၂၁ ရက် ညပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်မှူးချုပ်(အစီအစဉ်) ဦးအေးကြိုင်နှင့် တက္ကသိုလ်ကင်းထောက်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ကိုရီးယားသမ္မတနိုင်ငံ ဖျောင်ချမ်းမြို့၌ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ဆောင်းရာသီ အိုလံပစ်ပွဲတော်၏ ဆက်စပ်အစီအစဉ်တစ်ခုဖြစ်သော ကမ္ဘာ့ကင်းထောက်လူငယ်များ ညီလာခံ (World Youth Camp Winter Olympic 2018) တက်ရောက်မည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ တက္ကသိုလ်ကင်းထောက်အဖွဲ့ဝင် သုံးဦးသည် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် ကင်းထောက်လူငယ်များနှင့်အတူ ကမ္ဘာ့ကင်းထောက်လုပ်ငန်းများ၊ လူငယ်လှုပ်ရှားမှုများ၊ လူငယ်များ ကင်းထောက်လုပ်ငန်းလုပ်ဆောင်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများ၊ ဖြေရှင်းရမည့် နည်းလမ်းများနှင့် နိုင်ငံတကာ ကင်းထောက်အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို နိုင်ငံအလိုက် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ပြီး ကိုရီးယားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဆောင်းရာသီ အိုလံပစ်ပွဲတော်၌ အားကစားပွဲများကို လေ့လာကြည့်ရှုကြပြီး နိုင်ငံအလိုက် တက်ရောက်လျက်ရှိသည့် ကင်းထောက်လူငယ်များက အားကစားပြိုင်ပွဲများ ပါဝင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့နှင့်နမ့်စန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့နှင့်မိုင်းယန်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၃၅ လက်မ၊ မြဝတီမြို့တွင် ၀ ဒသမ ၃၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၀ ဒသမ ၁၆ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် လောင်းလုံးမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာသင်တန်း ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

**အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၃) (Postgraduate Diploma in Civil Service Management Batch No.3) ၏ တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီ တွင် ကျင်းပသည်။** (အောက်ပုံ)






အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများသည် နိုင်ငံ့ဝန်ထမ်းပြုပြင် ပြောင်းလဲရေးအတွက် Old Public Administration မှ လက်ရှိ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ဒီမိုကရေစီစနစ်နှင့် လျော်ညီသည့် New Public Management ၊ New Public Governance တို့ကို အထောက်အကူပြုစေမည့် New Public Service Delivery လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်မှုအပိုင်းတွင် Career Development Program ကို အထောက်အကူပြုမည့် (Educational Approach) ကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာတွင် ယခုလို အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာသင်တန်းများ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့်နည်းတူ ယခုနှစ် မတ်လတွင်လည်း အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်း၊ အမှတ်စဉ် ၁ ကို တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးတော့မည် ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာရှိကြီးများ တက်ရောက်ရမည့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းခေါင်းဆောင်မှုဆိုင်ရာ မဟာဘွဲ့ကို ဖွင့်လှစ်ပေးနိုင်ရေးအတွက် ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဂျပန်နိုင်ငံ Japan International Cooperation Agency (JICA)တို့ ပူးပေါင်း၍ နေပြည်တော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးပရဝဏ်အတွင်း ပြည်သူ့ဝန်ထမ်းအကယ်ဒမီ လေ့ကျင့်ရေး ဗဟိုသင်တန်းကျောင်း Civil Services Academy Training Center (Nay Pyi Taw) ကို တည်ဆောက်ပြီး အဆင့်ဆင့်သော နိုင်ငံ့ဝန်ထမ်းများအတွက် Short Term၊ Medium-Term နှင့် Long Term Training Course များကို Generalized Training Program နှင့် Specialized Training Program များ၊ Bachelor Degree နှင့် International Training Program များကို ဖွင့်လှစ်သွားရန် ဆွေးနွေးညှိနှိုင်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များ တာဝန်ယူဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒ(Civil Service Training Policy) နှင့် နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေးအစီအစဉ် (Civil Service Training Scheme) တို့ကို ထုတ်ပြန်နိုင်ရေးအတွက်လည်း နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒ(Civil Service Training Policy)ကို လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြထားရှိပြီးဖြစ်ကြောင်း။

ယနေ့ ၂၁ ရာစုကာလ၌ လူ့စွမ်းအားအရင်းအမြစ် (Human Resource)ကို သတ်မှတ်ရာတွင် လူကို လူ့စွမ်းအားအရင်းအမြစ်အဖြစ် မသတ်မှတ်တော့ဘဲ လူ၏သုတ (Knowledge)၊ ကျွမ်းကျင်မှု အတတ်ပညာ(Skill)၊ သမ္မာ (Expertise) တို့ဖြင့် တိုင်းတာသတ်မှတ်လာသည့်အတွက် မိမိတို့ဝန်ကြီးဌာန၊ အဖွဲ့အစည်းကို အသိပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် လေ့လာဆည်းပူးခြင်းမရှိသော (Knowledge Destroying Enterprise)မဖြစ်စေရန်နှင့် ကျွမ်းကျင်မှုအတတ်ပညာ (Skill)၊ သုတ(Knowledge)၊ သမ္မာ (Expertise) ရှိပြီး လေ့လာဆည်းပူးတီထွင်ဆန်းသစ်မှုရှိသည့် အဖွဲ့အစည်း (Knowledge Creating Enterprise) ဖြစ်စေဖို့ စွမ်းဆောင်သွားရန်လိုပါကြောင်း။

နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေးယန္တရား အောင်မြင်စွာ လည်ပတ်နိုင်ရေးနှင့် ပြည်သူများကို အပြည့်အဝဝန်ဆောင်မှု ပေးနိုင်ရေးတို့အတွက် တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ ထိုမှတစ်ဆင့် အစုအဖွဲ့၊ ထိုမှတစ်ဆင့် ဝန်ထမ်းအဖွဲ့အစည်းအပေါ် သစ္စာရှိပြီး တာဝန်ယူတတ်၍ လိုလားတက်ကြွစွာ တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းကောင်းများဖြစ်လာပြီး ယင်းစွမ်းဆောင်မှုတို့နှင့် ဝန်ထမ်းအဖွဲ့အစည်းရဲ့ ရည်မှန်းချက်များ အောင်မြင်အောင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီပေးကြရန်၊ ဝန်ထမ်း သက်တမ်းတစ်လျှောက်အစဉ်လေ့လာသင်ယူပြီး ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးစားကြစေလိုကြောင်း၊ “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဟူသော ဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းကောင်းများအဖြစ် ကျရာအခန်းကဏ္ဍမှ အဂတိတရား ကင်းရှင်းစွာဖြင့် စိတ်စေတနာအပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဘွဲ့ရမောင်မယ်များ စောင့်ထိန်းရမည့် ကတိသစ္စာကို ခံယူခြင်း၊ စံပြသင်တန်းသားဆု၊ စာပေထူးချွန်ဆုနှင့် စာပေဂုဏ်ထူးဆုရရှိသူများအား ဆုများချီးမြှင့်ခြင်းနှင့် ဘွဲ့ရမောင်မယ် ၁၇၂ ဦး တို့အား ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာဘွဲ့များ အသီးသီးအပ်နှင်းချီးမြှင့်ပေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ထို့နောက် ဆုရမောင်မယ်များနှင့် ၎င်းတို့၏မိဘများအား ဘွဲ့နှင်းသဘင်ခန်းမရှိ ဧည့်ခန်းဆောင်တွင် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဂုဏ်ပြုချီးကျူးစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူကာ ဝန်ကြီးဌာန အဖွဲ့အစည်း ၁၁ ခုအတွက် ပြန်တမ်းဝင်အရာရှိ ရာထူးရွေးချယ်ခြင်းခံရသည့် သင်တန်းသား ၃၄ ဦး၊ သင်တန်းသူ ၁၃၆ ဦးနှင့် ပြင်ပပုဂ္ဂလိကဝန်ထမ်းနှစ်ဦး စုစုပေါင်း ၁၇၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၆-၁၁-၂၀၁၇ ရက်မှ ၂၃-၂-၂၀၁၈ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ တက္ကသိုလ် အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးနှင့် တက္ကသိုလ်ပညာရပ်အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးညီညီစံ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏မိဘဆွေမျိုး မိတ်သင်္ဂဟများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးဆက်လက်ရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။ **မိုး/ဇလ**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း (ဝက်ထီးကန်)၏ အခြေခံရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၁၀၉/၁၇) စည်သူတပ်ခွဲသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ကျော်တေဇက သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။** ခရိုင်(ပြန်/ဆက်)

## မြန်မာ-အိန္ဒိယ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးညွှန်ကြားရေးမှူးချုပ်အဆင့် စည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တတိယအကြိမ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးနှင့် မြန်မာဘက်မှ ဆွေးနွေးမည့် ကိုယ်စားလှယ်အဖွဲ့ ၁၆ ဦး၊ အိန္ဒိယနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် H.E. Mr.Shri Abhay ဦးဆောင်သော ကိုယ်စားလှယ်ငါးဦး စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့ပြီး ရဲချုပ်အောင်ဝင်းဦးနှင့် အိန္ဒိယနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် H.E. Mr.Shri Abhay တို့က အဖွင့်အမှာစကားပြောကြားကြသည်။




ဆက်လက်၍ အစည်းအဝေးကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မြင့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် H.E. Mr.Shri Abhay ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့က ဒုတိယအကြိမ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေအား ပြန်လည်သုံးသပ်ခြင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးသင်တန်း ဆောင်ရွက်နိုင်မှု ပြန်လည်သုံးသပ်ခြင်း၊ ပရိကာဆာထိန်းချုပ်ရေး၊ နယ်စပ်ဆက်ဆံရေးအရာရှိရုံးများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းအချက်အလက်နှင့် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်းတို့ကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **ကိုရဲ**

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ ပြတ်တောက်မည့် အခြေအနေများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နေ၊ ဂြိုဟ်တုနှင့် ကမ္ဘာမြေကြီးတို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ် ပါသည်။ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်၊ အသံအချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိသည်။ ၎င်းဖြစ်စဉ်သည် အသုံးပြုသည့် Satellite ၊ ဖမ်းယူသည့် TVRO (စလောင်း)အရွယ်အစားနှင့် တည်နေရာတို့ပေါ်မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိနိုင်ပါသည်။ Thaicom -6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ မတ် ၁၇ ရက်အထိ မွန်းလွဲ ၁ နာရီဝန်းကျင်ခန့်တွင် ၃ မိနစ် မှ ၁၅ မိနစ်ခန့်အထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှု ဖြစ်စဉ် ဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဧရာဝတီလင်းပိုင်တို့၏ ကံကြမ္မာ

ကိုဘ (ကသာ)

ကမ္ဘာပေါ်တွင် လင်းပိုင်အမျိုးအစား ၃၁ မျိုးရှိသည့်အနက် ရေငန်ပိုင်းတွင် ကျက်စားနေထိုင်သော လင်းပိုင် ၂၇ မျိုးနှင့် ရေချိုပိုင်းတွင် နေထိုင်သော လင်းပိုင် ငါးမျိုးဟူ၍ အုပ်စုနှစ်မျိုးရှိသည်။ အမိမြန်မာနိုင်ငံအတွင်းရှိ လင်းပိုင်များသည် ရေချိုပိုင်းတွင် နေထိုင်သော မျိုးနွယ်အုပ်စုတွင် ပါဝင်သည်။ ဧရာဝတီလင်းပိုင်များသည် အေဒီ ၈ ရာစုကတည်းကစတင်ကာ ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားခဲ့ကြပြီး ရေဝက်များဟု ခေါ်တွင်၍ ကုန်သွယ်မှုပြုခဲ့ကြောင်း တရုတ်ပြည် ဟန်မင်းဆက်သမိုင်းတွင်ဖော်ပြပါရှိသည်။ ၁၉ ရာစု သဘာဝဗေဒပညာရှင် ဂျွန်အန်ဒါဆင်က ဧရာဝတီမြစ်အတွင်း စတင်တွေ့ရှိခဲ့ရာမှ ဧရာဝတီလင်းပိုင်ဟု အမည်ပေးခေါ်ဝေါ် သတ်မှတ်ခဲ့ပါသည်။

**မြန်မာ့ဂုဏ်ဆောင်ရေနေသတ္တဝါ**

ကမ္ဘာ့အလယ်တွင် အမိမြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ကြီးကို ဂုဏ်ပြု၍ အမည်ပေးထားသော လင်းပိုင်တို့သည် မြန်မာ့ဂုဏ်ဆောင် ရေနေသတ္တဝါအဖြစ် နာမည်ကျော်ကြားလျက်ရှိနေသည်မှာ ကျွန်ုပ်တို့မြန်မာလူမျိုးတို့အဖို့ ဂုဏ်ယူဖွယ်တစ်ရပ်ပင် ဖြစ်ပေသည်။ ဧရာဝတီလင်းပိုင်များအား ကမ္ဘာပေါ် တွင် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် တွေ့မြင်နိုင်ပြီး ဧရာဝတီလင်းပိုင်အမည်ဖြင့်သာ ခေါ်ဝေါ်သုံးနှုန်းကြပါသည်။

မြန်မာနိုင်ငံတွင် ဧရာဝတီလင်းပိုင်များအား ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်တို့တွင် တွေ့မြင်နိုင်ပါသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ဟုဆိုရာတွင် မန္တလေးမှ ဗန်းမော်အထိ မြင်တွေ့နိုင်ပါသည်။

ထိုသို့ တွေ့မြင်နိုင်သော်လည်း မြန်မာ့ဂုဏ်ဆောင်ဧရာဝတီလင်းပိုင်များသည် (International Union of Conservation of Nature and Natural Resources -IUCN) အဖွဲ့ကြီးမှ အနီရောင်အဆင့် မျိုးသုဉ်းလုနီးပါး အန္တရာယ်ကျရောက်နေသော မျိုးစိတ်အဖြစ် သတ်မှတ်ထားခြင်းခံရပါပေသည်။

**မျိုးသုဉ်းလုနီးပါးအန္တရာယ်ကျရောက်**

ဧရာဝတီလင်းပိုင်များသည် မျိုးသုဉ်းလုနီးပါး အန္တရာယ်ကျရောက်နေသော မျိုးစိတ်အဖြစ်သို့ သတ်မှတ်ခံထားရခြင်းမှာ ရေနေနို့တိုက်သတ္တဝါမျိုးစိတ်ဖြစ်ပြီး သုံးနှစ်လျှင် တစ်ကြိမ်သာ သားပေါက်ဖွားသဖြင့် ပေါက်ဖွားနှုန်းမလျင်မြန်ခြင်းနှင့် အဓိကအကြောင်းရင်းမှာ တရားမဝင်ငါးဖမ်းဆီးနည်းဖြစ်သော ဘက်ထရီ (သို့) ဒိုင်နမို လျှပ်စစ်ရှော့ခ်တိုက်ကျဉ်စက်များဖြင့် ငါးဖမ်းဆီးမှုများကြောင့် နှစ်စဉ်နှစ်တိုင်း သေဆုံးခဲ့ရပြီး တစ်နှစ်ထက်တစ်နှစ် တစ်စတစ်စ အကောင်ရေလျော့နည်းမှုများဖြင့် ရင်ဆိုင်ရလျက်ရှိသည်။

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဘက်ထရီရှော့ခ်တိုက်ကျဉ်စက်များကြောင့် ဧရာဝတီလင်းပိုင်သေဆုံးရခြင်းများမှာ-

**ဧရာဝတီလင်းပိုင်သေဆုံးမှုမှတ်တမ်း**

| စဉ် | ခုနှစ် | အတိုင်းအတာ | | အမျိုးအစား | | သေဆုံးသည့် နေရာဒေသ |
|---|---|---|---|---|---|---|
| | | အလျား | လုံးပတ် | အထီး | အမ | |
| ၁ | ၂၉-၇-၂၀၁၁ | 3'-9" | 2' | - | - | ထီးချိုင့်မြစ်ရိုး၊ ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်း |
| ၂ | ၁၂-၁၂-၂၀၁၇ | 5'-3" | 4'-2" | ထ | - | မိုးတားမြစ်ရိုး၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်း |
| ၃ | ဒီဇင်ဘာ-၂၀၁၄ | ၁ နှစ်အရွယ် | | - | မ | မြစ်ကမ်းကြီးရွာ၊ စဉ့်ကူးမြို့နယ်၊မန္တလေးတိုင်း |
| ၄ | ဒီဇင်ဘာ-၂၀၁၄ | - | - | - | - | မင်းကွန်းရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း |
| ၅ | ၁၈-၇-၂၀၁၅ | 6'-6" | 4'-6" | - | မ | မိုးတားမြစ်ရိုး၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်း |
| ၆ | ဧပြီလ၊ ၂၀၁၇ | - | - | ထ | - | ဧရာဝတီမြစ်အတွင်း |
| ၇ | ဇွန်လ၊ ၂၀၁၇ | အသက်(၃၀)နှစ် | - | - | မ | ဧရာဝတီမြစ်အတွင်း |
| ၈ | ၁၇-၁၂-၂၀၁၇ | 7'-6" | 4'-8" | - | မ | ကျောက်ပုံကျေးရွာ၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်း |

ယခုကဲ့သို့ ဘက်ထရီရှော့ခ်တိုက်၍ ကျဉ်စက်အသုံးပြု ငါးဖမ်းမှုကြောင့် ဧရာဝတီလင်းပိုင်များ သေဆုံးနေခြင်းများနှင့် အကြောင်း အမျိုးမျိုးကြောင့် လူမသိ သူမသိ သေဆုံးနေသော ဧရာဝတီလင်းပိုင်များ အကောင်ရေမည်မျှလျော့ပါးသေဆုံးနေသည်ကိုတော့ မခန့်မှန်းနိုင်သေးချေ။

ဧရာဝတီလင်းပိုင်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် တပ်မတော်အစိုးရလက်ထက်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society-WCS) တို့နှင့် ပူးပေါင်း၍ ၂၀၀၂ ခုနှစ်မှ စတင်ခဲ့ပြီး အောက်ပါ လုပ်ငန်းများကို ရည်ရွယ်ချက်ထား၍ ဆောင်ရွက်ခဲ့သည်။

(၁) နှစ်စဉ် ဧရာဝတီလင်းပိုင်အရေအတွက် စာရင်းကောက်ယူခြင်း၊

(၂) ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောခြင်း၊

(၃) ဧရာဝတီလင်းပိုင်တို့အပေါ် ကျရောက်နေသော အန္တရာယ်များ ဖော်ထုတ်ကာကွယ်ခြင်း၊

(၄) သုတေသနပြုလုပ်ခြင်းတို့ဖြစ်သည်။

၎င်းအဖွဲ့အနေဖြင့် ရည်ရွယ်ချက်ပါလုပ်ငန်းလေးရပ်အနက် အမှတ်စဉ် (၃) ဖြစ်သော ဧရာဝတီလင်းပိုင်တို့အပေါ် ကျရောက်နေသော အန္တရာယ်များဖော်ထုတ်ကာကွယ်ခြင်းလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိပေ။

**ထိန်းသိမ်းရေးဇရိယာအဖြစ်တည်ထောင်**

၂၀၀၅ ခုနှစ်တွင် မန္တလေးမြို့နှင့် ကျောက်မြောင်းမြို့အကြား ၇၄ ကီလိုမီတာအရှည်ရှိ ဧရာဝတီမြစ်အစိတ်အပိုင်းအား ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာအဖြစ် တည်ထောင်ခဲ့ပြီး လစဉ်ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးလုပ်ငန်းများအား ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့ ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ငါးနှစ်သက်တမ်းရှိနားလည်မှုစာချွန်လွှာ MOU ရေးထိုးနိုင်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်တွင် ဆက်လက်ရေးထိုးနိုင်ခဲ့ပြီး တတိယအကြိမ် ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ဧရာဝတီလင်းပိုင်များ၏ ပျံ့နှံ့တည်ရှိမှုဇရိယာအား အပိုင်းသုံးပိုင်းခွဲခြား၍ အပိုင်း ၁ မန္တလေးမြို့မှ တတိယမြစ်ကျဉ်းအောက်ပိုင်း(ကျောက်မြောင်းမြို့နယ်အထိ)၊ အပိုင်း ၂ တတိယမြစ်ကျဉ်းအထက်ပိုင်း ကန့်ဘလူမြို့နယ်မှ ဒုတိယကျွန်းအောက်ပိုင်း (ရွှေကူမြို့နယ်အထိ)၊ အပိုင်း ၃ ဒုတိယမြစ်ကျဉ်းအထက်ပိုင်းဆင်းခမ်း(ဗန်းမော်မြို့နယ်)မှ ဗန်းမော်မြို့အထက်ဝန်းကျင်အထိ ဖြစ်သည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာအား လင်းပိုင်များပျံ့နှံ့တည်ရှိမှုဇရိယာအတိုင်း တိုးချဲ့သင့်ပြီး လင်းပိုင်တို့အပေါ် ကျရောက်နေသော အန္တရာယ်များ ဖော်ထုတ်ကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်ရန် အရေးကြီးနေပေသည်။

၂၀၁၇ ခုနှစ်တွင် ၆၉ ကောင်ရှိရာမှ တစ်နှစ်တည်းမှာပင် သုံးကောင်သေဆုံးသဖြင့် ၆၆ ကောင်သာ ကျန်တော့မည်။ ၂၀၁၁ ခုနှစ်ကတည်းကဆိုပါမူ ခုနှစ်နှစ်အတွင်း ခြောက်ကောင် လျော့နည်းနေသဖြင့် ထိန်းသိမ်းမှုတိုးတက်မလာဘဲ ဆုတ်ယုတ်နေသည်ကို တွေ့ရှိရသဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)တို့၏ ပူးပေါင်းဆောင်ရွက်မှုမှာ ၂၀၀၂ ခုနှစ်မှ ယနေ့အထိ အဆိုပါပူးပေါင်းအဖွဲ့၏ ၁၆ နှစ်တာကာလအတွင်း ထိန်းသိမ်းကာကွယ်ခြင်းအပိုင်း၌ အောင်မြင်မှုမရရှိကြောင်း ထင်ရှားစွာ တွေ့မြင်သုံးသပ်ရပေသည်။

**တရားမဝင်ရှော့ခ်တိုက်ငါးဖမ်းခြင်း**

ဧရာဝတီလင်းပိုင်များ နှစ်စဉ်လျော့နည်းသေဆုံးပြီး တိုးတက်လာခြင်းမရှိသည့် အဓိကတရားခံများမှာ ဘက်ထရီရှော့ခ်တိုက်ကျဉ်စက် အသုံးပြုမှုကြောင့်ပင် ဖြစ်ပေသည်။ တရားမဝင် ငါးဖမ်းဆီးသူများအနေဖြင့် ဧရာဝတီလင်းပိုင်အား အသားကိုသော်လည်းကောင်း၊ အဆီနှင့် အခြားအင်္ဂါအစိတ်အပိုင်းများကို ရယူလိုသဖြင့် ဆောင်ရွက်ခြင်းမဟုတ်ပေ။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရေလုပ်ငန်းကို တရားဝင်အခွန်တိုင်၍ လုပ်ကိုင်နိုင်ခွင့်ရရှိပါလျက် "ဘယ်သူသေသေ ငတေမာရင်ပြီးရော" ဆိုသော စကားအတိုင်း တရားမဝင်ရှော့ခ်တိုက်ငါးဖမ်းဆီးခြင်းဖြင့် ငါးအထီးအမများပြီး မြိုးမြိုးမြက်မြက် အကျိုးရရှိသဖြင့် တစ်ပိုင်တစ်နိုင်သော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်သည်။ ၎င်းတို့၏ အပြုအမူသည် ရေနေအများစုငါးသတ္တဝါများကို အထိုက်အလျောက်လျော့နည်းစေ၍ ပြန်လည်ဖြည့်တင်းနိုင်သလို ပေါက်ပွားမှုအားကောင်းသဖြင့် အစားထိုးထိန်းသိမ်းနိုင်သော်လည်း ရှားပါးသော ရေနေနို့တိုက်သတ္တဝါ ဧရာဝတီလင်းပိုင်တို့ကို အစားထိုးဖြည့်တင်းနိုင်မည့် နည်းလမ်းများ မရှိသေးရကားထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းဖြင့်သာ ဆောင်ရွက်နိုင်ပေသေးသည်။ ဤသို့ဆိုလျှင် အဘယ်ကြောင့် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းခြင်းကို အဓိကလက်သည် တရားခံများဟု ပုံချရသနည်းဆိုလျှင်မူ ငါးအများစု၏ အလေ့အထသဘာဝအရ ညဉ့်အချိန်များတွင် ကမ်းတွင်လည်းကောင်း၊ စီးပါးခေါ်ရေတိမ်ရေနက်ဆက်စပ်ရာ ရေတိမ်ကမ်းနားတွင်လည်းကောင်း ညအိပ်စက်အနားယူလေ့ရှိသည်။ ဧရာဝတီလင်းပိုင်များအနေဖြင့် ညအချိန်အစာရှာရာတွင် ရေတိမ်စီးပါးနေရာများတွင် သဘာဝအရ အမြီးဖြင့်ချောက်ခြင်းနှာမှုတ်သံပေး၍ လှန့်ခြင်းများပြုလုပ်၍ ငါးများကို ဖမ်းယူစားသောက်ကြသည်။ ငါးကြီးများကို မစားဘဲ အနေတော်လက်တစ်ညှိုးတစ်ထွာ၊ တစ်မိုက် ငါးများကိုသာ ဖမ်းယူစားသောက်သည်။ နေ့၊ ည အချိန်တွင် ကွန်ပစ်လုပ်သားများနှင့် အကျိုးတူရှာဖွေခြင်းဖြစ်သည်။

**မြွေပါလည်းဆုံး၊ သားလည်းဆုံး**

ကျဉ်စက်အသုံးပြု တရားမဝင် ငါးဖမ်းဆီးရှာဖွေသူများအနေဖြင့်လည်း လင်းပိုင်များကဲ့သို့ ငါးများ ခိုအောင်းရာ စီးပါးကမ်းစပ်ချောင်း(ဂျောင်)၊ အိုင့်(အိုင်)ရေစီးမသန်သောနေရာများတွင် ညအိပ်ငါးများကို ရှော့ခ်တိုက်ငါးဖမ်းခြင်းအမှုကိုပြုကြသည်။ ဝမ်းတစ်ထွာစာအတွက် ရှာစားသူချင်းအတူတူ လူတို့၏ လျှပ်စစ်ရှော့ခ်တိုက် လျှပ်စစ်စီးအားကြောင့် ဧရာဝတီလင်းပိုင်များ ရုန်းမထွက်နိုင်ဘဲ သေဆုံးကြရကာ ဆုံးရှုံးမှုကို ဖြစ်ပေါ်ရနေပေသည်။ သို့ဖြစ်၍ ကျဉ်စက်အသုံးပြုရှော့ခ်တိုက် ငါးဖမ်းသူများကို ဖမ်းဆီးခြင်း၊ နှိမ်နင်းခြင်း ဆောင်ရွက်နိုင်မှသာ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးသည် ကျွဲကူးရေပါဆိုသကဲ့သို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆောင်ရွက်ပြီးဖြစ်ပေမည်။ ဖမ်းဆီးခြင်း၊ နှိမ်နင်းခြင်းလုပ်ငန်းကို ပြည်သူ့စစ်မဟာဗျူဟာကဲ့သို့ ကျင့်သုံး၍ တာဝန်အရှိဆုံး ငါးလုပ်ငန်းဦးစီးဌာန INGO၊ NGO အဖွဲ့အစည်းများ၊ ရေလုပ်ငန်းနှင့် ဆက်နွှယ်နေသော အင်းသူကြီးများ၊ ရေလုပ်သားအစုအဖွဲ့များ ပူးပေါင်းပါဝင်သော ရေလုပ်သား မဟာဗျူဟာအခင်းအကျင်းမျိုးကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းမရှိပါက မြွေပါလည်းဆုံး သားလည်းဆုံးအဖြစ်နှင့် ရင်ဆိုင်နေရပေမည်ဖြစ်သည်။

**နှစ်အလိုက် ဧရာဝတီလင်းပိုင်များ၏ စစ်ဆေးတွေ့ရှိချက်များ**

| ခုနှစ် | အကောင်အရေ |
|---|---|
| ၂၀၁၁ | ၇၂ |
| ၂၀၁၂ | ၆၇ |
| ၂၀၁၂ | ၅၁ |
| ၂၀၁၄ | ၆၃ |
| ၂၀၁၅ | ၅၈ |
| ၂၀၁၆ | ၆၅ |
| ၂၀၁၇ | ၆၉ |


၁၇-၁၂-၂၀၁၇ ရက်နေ့ ကျောက်ပုံကျေးရွာ၊ ကသာမြို့နယ် ၊ စစ်ကိုင်းတိုင်းဒေသကြီး ဧရာဝတီမြစ်အတွင်း သေဆုံးနေသော လင်းပိုင်မပုံ

**အရေးယူမှုအားနည်း**

ဘက်ထရီရှော့ခ်တိုက် ကျဉ်စက်ဖြင့် ငါးဖမ်းသူများ တိုးပွားလာခြင်းသည် အရေးယူမှုအားနည်းခြင်းကြောင့်လည်း ဖြစ်ပေသည်။ စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ (၄၅) တွင် တရားမဝင် ငါးဖမ်းနည်းဖြင့် ငါးဖမ်းဆီးပါက ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ်သုံးနှစ် ငွေကျပ်သုံးသိန်းကို သီးခြား သို့မဟုတ် တပေါင်းတည်းကျခံစေရန် ပြဋ္ဌာန်းထားသော်လည်း ပြစ်ဒဏ်ချမှတ်ရာတွင် အများဆုံး သုံးလခန့်သာ အပြစ်ပေးအရေးယူနေကြသဖြင့် ပြစ်မှုပြစ်ဒဏ်မမျှတခြင်းကြောင့် ဆက်လက်လုပ်ကိုင်နိုင်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေသည်။

ထို့အပြင် တရုတ်ပြည်မှ တင်သွင်းသော လျှပ်စစ်ကွိုင်ထုတ်ခေါ်လျှော့ပုံးသည် ဝပ် ၈၀၀၀ မှ ၁၀၀၀၀ အထိရှိသော ကျဉ်စက်ပုံးများကို ၁၂ ဗို့၊ ၂၄ ဗို့ ဘက်ထရီကြီးများဖြင့် ရှော့ခ်တိုက်ဖမ်းဆီးသဖြင့် ရေနေသယံဇာတများအပြင် ငါးနှင့် ဧရာဝတီလင်းပိုင်များကိုလည်း မျိုးသုဉ်းစေရန်ဖြစ်နေစေသည်။ ထို့ကြောင့် ကျဉ်စက်ပုံးများ ရောင်းဝယ်ဖောက်ကားခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်းတို့ကို ကြီးကြပ်ကန့်သတ်၍ ဥပဒေနှင့်အညီ တားမြစ်နိုင်ပါကလည်း ငါးသယံဇာတထိန်းသိမ်းမှုကို အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ ဧရာဝတီလင်းပိုင်များ သေဆုံးမှုတိုးပွားခြင်းကိုလည်း ကာကွယ်ရာရောက်ပေမည်။

**ဂုဏ်ယူဖွယ်ဖြစ်**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာန၊ ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၀၈ ခုနှစ် ဇန်နဝါရီလက မဲဇာမြစ်အတွင်း ပိတ်မိနေသော ဧရာဝတီလင်းပိုင် (မ) တစ်ကောင်အား ၂၇ မိုင်ဝေးသော ဧရာဝတီမြစ်အတွင်းသို့ ရွှေ့ပြောင်းသယ်ယူထိန်းသိမ်းနိုင်ခဲ့သဖြင့်လည်း မြန်မာ့ရေလုပ်ငန်းသမိုင်း၏ ကမ္ပည်းမော်ကွန်းကို ခိုင်ခိုင်မာမာရေးထိုးစိုက်ထူနိုင်ခဲ့ခြင်းသည်လည်း ဂုဏ်ယူဖွယ်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုသော် ဘက်ထရီရှော့ခ်တိုက်ကျဉ်စက်အသုံးပြု၍ ငါးဖမ်းဆီးခြင်းလုပ်ငန်းကို ရေလုပ်သားအစုအဖွဲ့ မဟာဗျူဟာ အခင်းအကျင်းအသွင်ဖြင့် ထိရောက်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း မပြုလုပ်နိုင်သရွေ့ ဧရာဝတီမြစ်နှင့် ဆက်စပ်နေသော မြစ်ချောင်းအင်းအိုင်များတွင် ငါးနှင့်ရေနေသယံဇာတများ၊ ဧရာဝတီလင်းပိုင်ကဲ့သို့ ရှားပါးစာရင်းဝင်မျိုးစိတ်များသည် ဆက်လက်သေဆုံးလျော့နည်းပျောက်ကွယ်သွားမည်ဖြစ်ပြီး အနာဂတ်တွင် မြန်မာ့ဂုဏ်ဆောင် ဧရာဝတီလင်းပိုင်တို့၏ ကံကြမ္မာသည် မတွေးဝံ့စရာ အခြေအနေဆိုးများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်မှာ မလွဲကေန်ပင်ဖြစ်ပေတော့သတည်း။ ။

# ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာပါက ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုများလျော့နည်းသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက်က ကျင်းပသည့် မီးသတ်ဦးစီးဌာန၏ လုပ်ငန်းလမ်းညွှန်မှု ခံယူပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မီးသတ်ပညာရပ်နှင့် ရှာဖွေကယ်ဆယ်ရေးနည်းပညာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်အတွက် အမြဲမပြတ်သုတေသနပြုလေ့လာပြီး ကျွမ်းကျင်မှုရရှိစေရေး ဇာတ်တိုက်လေ့ကျင့်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မီးသတ်တပ်ဖွဲ့၏ ပင်မလုပ်ငန်းများဖြစ်သည့် မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည့်အတွက် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာပါက ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများလျော့နည်းသွားမည်ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ကိုလည်း ပြည်သူလူထုက လေးစားယုံကြည်အားကိုးရသည့်တပ်ဖွဲ့အဖြစ် ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုယုံကြည်အားကိုးရသည့် တပ်ဖွဲ့အဖြစ် ဆက်လက်ထိန်းသိမ်းပြီး ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းကျောင်းအုပ်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်မီးသတ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်းတာ(တပ်ကုန်း)**



# အသိပညာရှင် အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

"လောကဥယျာဉ်မှူး" ဇာတ်ကား ဖန်တီးပုံဖော်ခဲ့ကြသည့် အသိပညာရှင် အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန် မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။

**သင်တန်းများကို ပံ့ပိုးပေး**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၄ ခုနှစ် မတ်လတွင် Education Channel စတင်ဖွဲ့စည်းရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ ဦးဆောင်ကာ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမီဒီယာအဖွဲ့များ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး ၂၀၁၄ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း Forever Media Group နှင့် အသေးစိတ်ညှိနှိုင်းခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ သင်တန်းများကို ပံ့ပိုးပေးခြင်း စသည့်တို့ကိုကြည့်ခြင်းအားဖြင့် မိမိတို့ဝန်ကြီးဌာနနှင့် Forever Group တို့၏ ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ကူညီမှုများသည် ကျေနပ်ဖွယ်ရှိသည်ကို တွေ့ရှိရပါကြောင်း။



**ပညာရေးဆိုင်ရာလှုပ်ရှားမှု**

ပြည်သူ့အစိုးရတက်လာပြီးနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ပြီး မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာနကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန အမည်ပြောင်းလဲပြီး ဦးစီးဌာနအနေဖြင့် အခြေခံစာတတ်မြောက်ရေးအစီအစဉ်၊ ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များအပြင် ပညာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် စပ်လျဉ်းပြီး ပြည်သူလူထု၊ မိဘ၊ ဆရာများနှင့် ကျောင်းသား ကျောင်းသူများ သိရှိစေရန်အတွက် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပညာပေးဇာတ်လမ်းတိုများ၊ Talk Show များ၊ သင်ခန်းစာပို့ချနေသည့် အစီအစဉ်ပုံစံများ ထုတ်လွှင့်ပေးခြင်းအပြင် နေ့စဉ်ထုတ်သတင်းစာများနှင့်ပညာရေး သတင်းလွှာများတွင် ပညာရေးဆိုင်ရာလှုပ်ရှားမှု၊ သတင်းနှင့်ဆောင်းပါးများ၊ ပညာရေးဆိုင်ရာကြေညာချက်များကို အခါအားလျော်စွာ ရေးသားထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

**အခြေခံစာတတ်မြောက်ရေး**

ထို့ပြင် ပညာရေး၊ ပညာပေးဗီဒီယိုဇာတ်ကားများ၊ ဇာတ်လမ်းတိုများ၊ မြန်မာစာ မြန်မာစကားအစီအစဉ်များ၊ ပညာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ပညာရေးအစီအစဉ်များကို ရိုက်ကူးထုတ်လုပ် တည်းဖြတ်ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြသခြင်း၊ ပညာရေးဝန်ကြီးဌာန Website မှ လွှင့်တင်ခြင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန Website နှင့် Educational Information Department Facebook မှ ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးမြင့်သော ပညာရေးစနစ်ကို ဖော်ဆောင်ရာတွင် စွမ်းဆောင်ရည်မြင့်မားသည့် ဆရာ၊ ဆရာမများ အထူးလိုအပ်သည့်အတွက် ဆရာ ဆရာမများအတွက် ဝေးလံဒေသရှိ ကျောင်းများမှ ဆရာနှင့် ကျောင်းသားများကို အထောက်အကူပြုနိုင်မည့် ဇာတ်လမ်းများ ရိုက်ကူးထုတ်လွှင့်ရမည်ဖြစ်ပါကြောင်း၊ School Calendar အရ ဆောင်ရွက်လျက်ရှိသည့် လှုပ်ရှားမှုများကို ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အခြေခံစာတတ်မြောက်ရေး အစီအစဉ်၊ လုပ်ငန်းအကျိုးပြုစာတတ်မြောက်ရေးအစီအစဉ်၊ ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်များနှင့်ပတ်သက်ပြီး အများပြည်သူသိရှိအောင် ရိုက်ကူးထုတ်လွှင့်ပေးမည်ဆိုပါက မြို့ကြီးပြကြီးများနှင့် ကျေးလက်တောရွာများပါမကျန် အကျိုးကျေးဇူးများစွာရရှိနိုင်မည် ဖြစ်ပါကြောင်း။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန အနေဖြင့်လည်း ပူးပေါင်းရိုက်ကူးခဲ့သည့် ဇာတ်လမ်းတိုများ၊ ပညာရေးအစီအစဉ်များမှ အတွေ့အကြုံကောင်းများကိုရယူပြီး ပညာရေးဝန်ကြီးဌာန၏ နယ်ပယ်အသီးသီးတွင်ရှိနေကြသည့် ပညာရေးကဏ္ဍစုံမှ ဆရာ ဆရာမများ၏ သဘောသဘာဝများ၊ အနစ်နာခံမှုများကို ဖော်ထုတ်ပြသပေးနိုင်ရေးကိုလည်း တိုက်တွန်းလိုပါကြောင်း၊ Forever Group အနေဖြင့် ပညာရေးဝန်ကြီးဌာန၏ Education Channel ကိုလည်း ဆက်လက်ပူးပေါင်းပေးပြီး ပညာရေးဆိုင်ရာ အသိပညာပေး ဇာတ်လမ်းများ၊ အစီအစဉ်များရိုက်ကူးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များအပေါ် ပံ့ပိုးပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိဂုံးချုပ်အနေဖြင့် ဆရာ ဆရာမများ အနေဖြင့် အနာဂတ်ကလေးငယ်များကို အလှပဆုံး၊ အလန်းဆန်းဆုံးဖြစ်အောင် ဖန်တီးပုံဖော်ကြသည့် လောကဥယျာဉ်မှူးများ ဖြစ်အောင် နှလုံးသားမှုဟန်ဖြင့် ပြုစုပျိုးထောင်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပညာရေးနည်းပညာနှင့် သတင်းဖြန့်ချိရေးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခ က "လောကဥယျာဉ်မှူး" ဇာတ်ကားဖြစ်ပေါ်လာပုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက Forever Group မှတာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် လောကဥယျာဉ်မှူး ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူများ၏ သက်ဝင်လှုပ်ရှားမှုများကို အကျဉ်းချုပ်ထုတ်နုတ်တင်ပြပြီး လောကဥယျာဉ်မှူး ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ၁၀ ဦးအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျော့ဖုံးမှ*

ထို့နောက် ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်နှစ်ခုပိုင်ရှင် အောင်လအန်ဆန်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ချီးမြှင့်ငွေအား My Me ပရောဂျက်မှ ကလေးငယ်များ၏ ပညာရေးနှင့် ကချင်ပြည်နယ်ရှိ ပရဟိတလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ချန်ပီယံဆုအား ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းနှင့် နောက်ပြိုင်ပွဲများတွင်လည်း ပိုမိုကြိုးစားသွားမည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲလူနာ ၁၇ ဦးနှင့် သွားအောက်ခံအရိုးအစားထိုး လူနာတစ်ဦး အခမဲ့ခွဲစိတ်ကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံ Kyushu သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခ Takeshi Mitsuyasu နှင့် အဖွဲ့သည် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်သို့ လာရောက်၍ မေးရိုးနှင့်ခံတွင်းခွဲ စိတ်ကု ပညာဌာနရှိ ဆရာ၊ ဆရာမများနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၉ မှ ၂၂ ရက်အထိ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာ ၁၇ ဦး နှင့် သွားအောက်ခံအရိုးအစားထိုး အကြီးစားခွဲစိတ်ကုသမှုလူနာတစ်ဦး စုစုပေါင်း ၁၈ ဦးတို့အား အခမဲ့ ခွဲစိတ်ကုသမှု ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကုန်းမြင့်လယ်မြေများတွင် လျှပ်စစ်ရေတင်၍ SRI စနစ်ဖြင့် စိုက်ပျိုးအောင်မြင်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ခပေါင်း ဆည်ရေသောက်စနစ်အတွင်း နွေစပါးစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆည်ရေသောက်စနစ်၏ ပြင်ပတွင်ရှိသော ကုန်းမြင့် လယ်မြေများတွင်လည်း နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လျှပ်စစ်ရေတင်စနစ်ဖြင့် ရေပေးဝေနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

စီမံဆောင်ရွက်လျက် ရှိရာတွင် တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာအုပ်စု ထန်းပင်ကောက်ကျေးရွာမှ တောင်သူ ၁၇ ဦး၏ ယခင်က ဆည်ရေမရောက်ရှိနိုင်သော ကုန်းမြင့်လယ်မြေ ၈၉ ဧကခန့်တွင် SRI (System of Rice Intensification) စနစ်ဖြင့် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ခပေါင်းလက်ဝဲမြောင်းမကြီး တိုက်ရိုက် မိုင်နာမြောင်း အမှတ် ၅ မှ ရေကို သွယ်ယူ၍ လျှပ်စစ်ရေတင်စနစ်နှင့် ရေပေးမြောင်းများ ဆက်စပ်တည်ဆောက်ကာ စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။



SRI နည်းစနစ်ဖြင့် စပါးစိုက်ပျိုးခြင်းမှာ မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုသဘာဝနှင့် လိုက်လျောညီထွေရှိပြီး၊ မျိုးစေ့ဖိုး ကုန်ကျစရိတ်သက်သာခြင်း၊ ရေလိုအပ်ချက် နည်းပါးခြင်း၊ ပိုးမွှားနှင့်ရောဂါများကျရောက်မှု လျော့နည်းခြင်း၊ အော်ဂဲနစ်စိုက်ပျိုးရေး နည်းစနစ်ဖြစ်၍ မြေဆီသြဇာဖြစ်ထွန်းခြင်း၊ စပါးအထွက်နှုန်းမြင့်မားခြင်း၊ ကိုယ်ပိုင်မျိုးစေ့ထုတ်ယူနိုင်ခြင်း၊ အပင်သက်တမ်း လျော့နည်း၍ ရာသီဥတုဒဏ်ခံနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ယခုအခါ အဆိုပါ ကုန်းမြင့်လယ်မြေ ၈၉ ဧကခန့်တွင် SRI နည်းစနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများမှာ အထူးဖြစ်ထွန်း အောင်မြင်လျက်ရှိနေပြီဖြစ်သောကြောင့် တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးကာ စိုက်ပျိုးရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း သိရသည်။

**ညီညီသန်း**
**(နေပြည်တော်)**

# ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်သည့် ဒေသများအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေး အလေးပေးဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**




လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍကိစ္စရပ်များနှင့် ပတ်သက်၍ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ယာပုံ)**

**ဘဏ္ဍာငွေအပေါ် မှီခိုဆောင်ရွက်ခြင်းမပြု**

ရှေးဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လက်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏ ၃၀၀၀ မဂ္ဂါဝပ်မှ နောက်ထပ် ၃၀၀၀ မဂ္ဂါဝပ်အား သုံးနှစ်အတွင်း တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များစွာဖြင့် နေထိုင်ခဲ့သောကာလမှာ များစွာကြာပြီဖြစ်ပါကြောင်း၊ သို့ပါ၍ နောက်ထပ်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၃၀၀၀ မဂ္ဂါဝပ်အား သုံးနှစ်အတွင်း ထုတ်လုပ်နိုင်ရေး စတင်ဆောင်ရွက်ရန် အသိပေးပြောကြားခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းများနှင့်အတူ လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် ဓာတ်အားလိုင်းအသစ်များအား 500 KV စနစ်များဖြင့် စတင်တည်ဆောက်ရန် စီစဉ်ခဲ့ပါကြောင်း၊ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများအား တိုင်းပြည်၏ ဘဏ္ဍာငွေအပေါ် မှီခိုဆောင်ရွက်ခြင်းမပြုဘဲ Private Sector က တည်ဆောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း။

**အတားအဆီးများ ပေါ်ပေါက်လာ**

ထို့အပြင် ၂၀၂၁ ခုနှစ်တွင် ပြည်တွင်းမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကျဆင်းလာချိန်တွင် စုစုပေါင်း ၆၀၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေး အချိန်ကာလအရ တစ်ပြိုင်နက်တည်း စီမံဆောင်ရွက်ရန် ပြင်ဆင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ရေအားလျှပ်စစ်စီမံကိန်းများ ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ နိုင်ငံတော်တွင် များစွာရှိပါကြောင်း၊ ယခင် သဘောတူချုပ်ဆိုခဲ့သော MoU များအရ Install Capacity ၄၈၀၀၀ မဂ္ဂါဝပ်ရှိသည်ဟု ဖော်ပြနိုင်သော်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အရ ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်စီမံကိန်းများအား စနစ်တကျဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အနှောင့်အယှက်အတားအဆီးများ ပေါ်ပေါက်လာသည်ကို သတိထားရန် အရေးကြီးပါကြောင်း၊ တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေး အိမ်သုံးနှင့်အသေးစား၊ အလတ်စား၊ အကြီးစား စက်မှုလုပ်ငန်းများအားလုံးကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် Link Area များ သတ်မှတ်ဆောင်ရွက်မှုအား ကာလတိုအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး Master Plan မဟာစီမံကိန်းအား တစ်ပြိုင်နက်တည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကဏ္ဍနှစ်ရပ်လုံးအတွက် ၂၀၂၀ စီမံချက်နှင့် ၂၀၂၅ စီမံချက်များအား နိုင်ငံတော်သို့ တင်ပြအတည်ပြုဆောင်ရွက်လျက်ရှိပါကြောင်း။

စက်မှုဇုန်များအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများကို Phase by Phase အဆင့်ဆင့်ဖြင့် ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း၊ ယနေ့ တင်ပြဆွေးနွေးမှုများအရလည်း ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအပိုင်းတွင် ၆၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် Grid Extension ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ Mini and Micro Hydro, Tidal Plan စသည်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိက လျှပ်စစ်ဓာတ်အားလိုအပ်မှုမှာ နိုင်ငံ၏ ၄၀ ရာခိုင်နှုန်းဖြစ်ပြီး အဆိုပါ အရပ်ဒေသများတွင် လူဦးရေထူထပ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ များပြားခြင်း၊ စီးပွားရေးဒေသများ ဖြစ်ခြင်းတို့ကြောင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်သည့် အဆိုပါ ဒေသများအတွက် တိုးမြှင့်လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးနိုင်ရေးအတွက် အလေးပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားလိုအပ်ချက်**

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်သိန်းတို့မှ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ လိုအပ်ချက်များ တင်ပြဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီမှ တာဝန်ရှိသူများက လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ စက်မှုဇုန်များရှိ တာဝန်ရှိသူများက လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာလိုအပ်ချက်များကို လည်းကောင်း တင်ပြဆွေးနွေးခဲ့ကြရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က စက်မှုဇုန်များအလိုက် ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားလိုအပ်ချက်အပေါ် ဝန်ကြီးဌာနမှ စီမံဆောင်ရွက်ပေးနေသည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# "ပြည်သူများ ကိုယ်စိတ်ကျန်းမာအပန်းပြေဖို့ ကြိုးစားကြပါစို့" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ "Royal Irrawaddy" သင်္ဘောပေါ်၌ ကျင်းပ




ရန်ကုန် ဖေဖော်ဝါရီ ၂၄

**"ပြည်သူများ ကိုယ်စိတ်ကျန်းမာအပန်းပြေဖို့ ကြိုးစားကြပါ စို့" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ဆိပ်ကမ်းရှိ "Royal Irrawaddy" သင်္ဘောပေါ်တွင် ကျင်းပရာ**(အပေါ်ပုံ) **ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။**

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ဆိပ်ကမ်းမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံကျော်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် တိုင်းဒေသကြီးတာဝန်ခံ ဦးဘိုစိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်(စာရေးဆရာမ) ဒေါ်သန်းမြင့်အောင်တို့က ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးနှင့် ပတ်သက်၍ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ကျန်းမာရေး၊ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေး စသည့်အကြောင်းအရာများအပေါ် ပြည်သူများ ကျယ်ပြန့်စွာ သိရှိနားလည်စေရန် သာဓကများဖြင့် ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

ယနေ့ စကားဝိုင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် (စာရေးဆရာမ) ဒေါ်သန်းမြင့်အောင်က "ပြည်သူတွေ စိတ်ရောကိုယ်ပါ ကျန်းမာဖို့အတွက် အပန်းဖြေဖို့ နေရာတွေလိုအပ်ပါတယ်၊ အဲဒီလိုအပန်းဖြေဖို့အတွက် ဆိပ်ကမ်းတွေ၊ ရေအရင်းအမြစ်တွေ၊ နေရာထိုင်ခင်းတွေ ကျွန်မတို့မှာရှိနေပေမယ့် သန့်ရှင်းသာယာလှပမှုတွေ ပျက်ယွင်းနေတယ်၊ ဘာကြောင့်လဲဆိုရင် လူတွေက အမှိုက်တွေကို စည်းကမ်းမဲ့စွန့်ပစ်ကြလို့ပါ၊ အဲဒီလိုစွန့်ပစ်မှုတွေကြောင့် ကျန်းမာရေးတွေလည်း ထိခိုက်ပါတယ်၊ ဒါ့အပြင် စီးပွားရေး၊ ပညာရေးနဲ့ ဂေဟစနစ်ကိုလည်း ခြိမ်းခြောက်နေပါတယ်၊ ဒါ့ကြောင့် အမှိုက်ကို စည်းကမ်းတကျ စွန့်ပစ်ဖို့၊ အဲဒီလိုစွန့်ပစ်ခြင်းအားဖြင့် ရရှိလာမယ့် အကျိုးရလဒ်တွေကို ဆွေးနွေးခဲ့ပါတယ်၊ ဆွေးနွေးမှုကနေတစ်ဆင့် ရရှိသွားတဲ့ အကြောင်းအရာတွေကို ပြည်သူအားလုံးအကြားမှာ ပျံ့နှံ့သွားလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု ပြောသည်။

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့်ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် ရည်ရွယ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဆိပ်ကမ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စကားဝိုင်းဆွေးနွေးမှုအပေါ် ဆိပ်ကမ်းမြို့နယ်နေ ဒေသခံ ဒေါ်ဇင်ဇင်ထွန်းက "ဒီပွဲကနေ ပတ်ဝန်းကျင်သာယာလှပရေးနဲ့ ကျန်းမာရေးအတွက် ဗဟုသုတတွေ အများကြီးရပါတယ်၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဘယ်လိုပြုမူနေထိုင်ရမယ်၊ အမှိုက်တွေကို ဘယ်လိုစွန့်ရမယ်ဆိုတာတွေကို သိခွင့်ရခဲ့ပါတယ်၊ အဲဒီလိုနေထိုင်ဆောင်ရွက်တဲ့အခါမှာလည်း တစ်ဦးချင်း တစ်ယောက်ချင်းနဲ့ မပြည့်စုံနိုင်ပါဘူး၊ အားလုံးပါဝင်လာဖို့ အရေးကြီးပါတယ်၊ ဒါဆိုရင် နေရာတော်တော်များများဟာ ကျွန်မတို့အတွက် အပန်းဖြေဖို့နေရာတွေ ဖြစ်လာနိုင်ပါတယ်"ဟု သူ၏အမြင်ကို ပြောသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူပြည်သူများ တက်ရောက်ကြသည်။ အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင် သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ကျင်းပခဲ့ရာ လာရောက်လေ့လာဆွေးနွေးသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## နွားထိုးကြီးမြို့နယ် မင်းစုံတောင်၌ မြန်မာ့ကြယ်လိပ်များ စတုတ္ထအကြိမ် ဘေးမဲ့လွှတ်

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၄**

နွားထိုးကြီးမြို့နယ် ခက်လန်းကျေးရွာအနီးရှိ မင်းစုံတောင် ဘုန်းပွင့်အောင် စေတီတော်ရင်ပြင်၌ စတုတ္ထအကြိမ် မြန်မာ့ကြယ်လိပ်များ ဘေးမဲ့လွှတ်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မင်းစုံတောင်အုပ်ချုပ်ရေးမှူး ဒေါ်လေးလေးခိုင်တို့က ရှားပါးကြယ်လိပ်များ မျိုးသုဉ်းပျောက်ကွယ်မှုအန္တရာယ်မှ ကင်းဝေးစေရန် ဒေသခံပြည်သူများမှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေးကို လည်းကောင်း၊ လက်ထောက်ကြယ်လိပ် သုတေသနပညာရှင် ဒေါက်တာကလျာမှ ကြယ်လိပ်များ၏ သဘာဝအကြောင်း သိကောင်းစရာများနှင့် ကြယ်လိပ်များ ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီးနောက် ကျန်းမာရေးစောင့်ရှောက်ပြီး သဘာဝအတိုင်း ဘေးမဲ့တောအတွင်း နေထိုင်ကျက်စားရန် စီစဉ်ထားသည့် ကြယ်လိပ်အကောင် ၃၀၀ ကို တောအတွင်း လွှတ်ပေးခဲ့သည်။

လိပ်သုတေသနပညာရှင် ဒေါက်တာကလျာနှင့်အဖွဲ့သည် မင်းစုံတောင်ရေပ်သာ၌တည်းခိုကာ မင်းစုံတောင် ဘေးမဲ့တောအတွင်း၌ လွှတ်ကျောင်းထားသော ကြယ်လိပ်များ၏ သဘာဝလှုပ်ရှားမှုများကို မှတ်တမ်းရုပ်ရှင်ရိုက်ကူးမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းအောင်ဇော်**



# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

နေပြည်တော် ဖေဖော်ဝါရီ ၂၄

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၇ ဒသမ ၂၂၄ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၀၂၃ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

| စဉ် | ကဏ္ဍ | ဒီဇင်ဘာလ | | ဇန်နဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၂၀.၅၀၀* | - | ၄၃.၀၀၀* |
| ၂။ | စက်မှုကဏ္ဍ | ၉ | ၂၄.၂၃၄* | ၈ | ၂၃.၇၁၅ |
| ၃။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၂၄၂.၃၉၀ | - | - |
| ၄။ | အိမ်ရာအဆောက်အအုံကဏ္ဍ | - | - | ၁ | ၇၂.၀၀၀ |
| ၅။ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၂ | ၇.၁၀၀ | - | - |
| ၆။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁၃.၀၀၀ | ၂ | ၃၅.၁၀၀ |
| ၇။ | လယ်ယာကဏ္ဍ | - | - | ၁ | ၂.၂၀၈ |
| | **စုစုပေါင်း** | **၁၃** | **၃၀၇.၂၂၄** | **၁၂** | **၁၇၆.၀၂၃** |

***ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း တန်ဖိုး ငွေကျပ် ၂၆၄၈၉ ဒသမ ၁၃၇ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၉၂၉၇ ဒသမ ၂၇၀ သန်းခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဒီဇင်ဘာလ | | ဇန်နဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၁ | ၄၄၇၁၅.၂၆၇ | - | - |
| ၂။ | အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၃၆၀၀၀.၀၀၀ | ၁ | ၅၅၀၀.၀၀၀ |
| ၃။ | စက်မှုကဏ္ဍ | ၁ | ၈၄၉၆၂.၁၆၀ | ၂ | ၁၄၇၀.၁၁၆ |
| ၄။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁ | ၁၀၀၀၀.၀၀၀ | ၂ | ၇၅၈၀၀.၀၀၀ |
| ၅။ | ဆောက်လုပ်ရေးကဏ္ဍ | - | - | - | ၂၇၀၇.၄၉၃* |
| ၆။ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | - | ၂ | ၁၀၀.၀၀၀ |
| ၇။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၉၁၉၃၁.၃၅၀ | - | - |
| ၈။ | လယ်ယာလုပ်ငန်း | ၁ | ၈၀.၀၀၀ | - | - |
| ၉။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၈၀၀.၃၆၀ | ၅ | ၄၃၇၁၉.၆၆၁ |
| | **စုစုပေါင်း** | ၇ | ၂၆၈၄၈၉.၁၃၇ | ၁၂ | ၁၂၉၂၉၇.၂၇၀ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | **ဒီဇင်ဘာလ** | **ဇန်နဝါရီလ** |
| ၁။ | လယ်ယာကဏ္ဍ | - | ၂၃ |
| ၂။ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၉၂ | - |
| ၃။ | စက်မှုကဏ္ဍ | ၈၂၉၁ | ၄၀၈၄ |
| ၄။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၆၄ | - |
| ၅။ | အိမ်ရာအဆောက်အအုံတည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | - | ၅၃၀ |
| ၆။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၇ | ၁၂၄ |
| | **စုစုပေါင်း** | **၈၄၆၄** | **၄၇၆၁** |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | **ဒီဇင်ဘာလအတွင်း** | **ဇန်နဝါရီလအတွင်း** |
| ၁။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၄၆ | - |
| ၂။ | စက်မှုကဏ္ဍ | ၂၂၄ | ၃၃၁ |
| ၃။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁၂၅ | ၄၈၈ |
| ၄။ | အိမ်ရာနှင့် အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၂၆၀၀ | ၂၇၉ |
| ၅။ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၆၃ |
| ၆။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၅၈ | - |
| ၇။ | လယ်ယာကဏ္ဍ | ၃၁ | - |
| ၈။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၈ | ၁၀၃၃ |
| | **စုစုပေါင်း** | **၃၁၀၂** | **၂၁၉၄** |

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❒ *ကျောဖုံးမှ*

ခဲ့သည်။ ရခိုင်သည် အိမ်ကွင်းပထမဆုံးပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို ဆန်းဒေးမက်သရူးက နှစ်ဂိုးနှင့် စည်သူသန်းစိုးက တစ်ဂိုး သွင်းယူခဲ့သည်။

နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၅ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဇွဲကပင်အသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## လူငယ်များ အရည်အသွေးမြှင့်တင်မှုအစီအစဉ် စဉ်ဆက်မပြတ်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**



လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ငန်းခွင်အရည်အသွေးများတိုးမြှင့်စေရန်၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအတွက် အရည်အချင်းပြည့်မီသော လူငယ်များပေါ်ထွန်းစေရန်၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်မီသော ကျောင်းသားများ၊ ဘွဲ့ရလူငယ်များနှင့် ချိတ်ဆက်မှုပြုနိုင်စေရန်အတွက် Centre for Business Skills Development (CEBSD) က ကြီးမှူး၍ Career Networking Fair ကို လှိုင်နယ်မြေရန်ကုန်စီးပွားရေး တက္ကသိုလ်၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

Career Networking Fair တွင် တက်ရောက်လာသူ လူငယ် ၄၀၀ ကျော်က MPRL&EP၊ မြရောကုမ္ပဏီ၊ IKON Group of Companies၊ Action Aid၊ UNDP အပါအဝင် နယ်ပယ်အသီးသီးမှ ကုမ္ပဏီကြီးများ၊ UN အဖွဲ့အစည်းများ၊ NGO/INGO များနှင့်ချိတ်ဆက်ကာ အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်အားပေးအခွင့်အလမ်းများအား စုံစမ်းလျှောက်ထားခဲ့ကြကြောင်း သိရသည်။ **(ဓါတ်ပုံ)** ယခုပွဲတွင် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနည်းပညာ၊ UN/NGO အစရှိသော ကဏ္ဍအသီးသီးမှ ကျွမ်းကျင်သူပညာရှင်များကလည်း လုပ်ငန်းခွင်ဝင်မည့် လူငယ်များအတွက် သိကောင်းစရာများ ဟောပြောပို့ချခဲ့ကြသည်။

CEBSD သည် ပညာရေးဝန်ကြီးဌာန၊ UNESCO နှင့် PEPSICO မှ မြန်မာလူငယ်များ၏ စီးပွားစွမ်းဆောင်ရည်နှင့် လုပ်ငန်းခွင်အရည်အသွေးများ တိုးမြှင့်စေရန်ရည်ရွယ်၍ ပူးတွဲတည်ထောင်ထားသော စင်တာတစ်ခုဖြစ်ပြီး စတင်တည်ထောင်ချိန်မှ သုံးနှစ်အတွင်း သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စကားဝိုင်းများမှတစ်ဆင့် လူငယ် ၃၀၀၀ ကျော်အား အရည်အသွေးမြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

CEBSD မှ လူငယ်များအတွက် အရည်အသွေးမြှင့်တင်မှု အစီအစဉ်များ စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိပြီး သိရှိလိုသည်များအား ယူနက်စကိုမြန်မာမှ မိတ်ဖက်တာဝန်ခံအရာရှိ ဒေါ်တင်နီလာအေး tn.aye@unesco.org၊ www.cebsdmyanmar.org ဖုန်း ၀၉၉၆၉၉၀၉၈၇၃ Centre for Business Skills Development ပါရမီလမ်း ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် ရွှေပညာဒါန သင်တန်းဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်မည့် ရွှေပညာဒါနအခမဲ့သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ရွှေပညာသင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်း၊ မီးလင်းအခေါက်ရွှေရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ ရွှေပန်းထိမ်အထည်အပ်ခြင်း၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးနှင့် ရွှေအကြောင်း သိကောင်းစရာများ၊ ရွှေဈေးကွက်နှင့် နိုင်ငံခြားရွှေထည်များ၊ ကျောက်မျက်ပညာ၊ ရွှေချိန်တွယ်ခြင်းနှင့် ရေချိန်သိပ်သည်းဆတိုင်းတာခြင်းနှင့် စီးပွားရေးဆိုင်ရာဥပဒေများတို့ကို ဝါရင့်ရွှေလုပ်ငန်းပညာရှင်များနှင့် ဥပဒေပညာရှင်များက သင်ကြားပို့ချမည်ဖြစ်သည်။

တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဉက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားရာတွင် ကမ္ဘာ့ရွှေဈေးကွက်အထိ မြန်မာ့ရွှေတင်ပို့ရောင်းချနိုင်ရေးအတွက် ကျပ်၊ ပဲ၊ ရွေးစနစ်နှင့် ဂရမ်အောင်စစနစ်တို့ကို ပူးတွဲကျင့်သုံးပြီး ရွှေရည်ကို ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းအထိ သန့်စင်နိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၀ ကျော် တက်ရောက်ပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**အောင်သူရ**



## မြစ်ကြီးနားမြို့ရှိ ကုန်စုံဆိုင်များမှ သက်တမ်းလွန်ကုန်ပစ္စည်းများ သိမ်းဆည်း



**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၄**

မြစ်ကြီးနားမြို့ရှိ လက်လီလက်ကားရောင်းချနေသည့် ကုန်စုံဆိုင်များမှ သတ်မှတ်ရက်ထက်ကျော်လွန်နေသည့် တန်ဖိုးငွေကျပ်သိန်း ၂၀ ခန့်ရှိ စားသောက်ကုန်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရုံးမှ သိရသည်။

မြစ်ကြီးနားမြို့အတွင်းရှိ ရပ်ကွက်အချို့မှ လက်လီလက်ကားကုန်စုံဆိုင် ၇၀ ကျော်ကို ယခုလအတွင်း နှစ်ကြိမ်စစ်ဆေးခဲ့ရာ သက် တမ်းလွန်စားသောက်ကုန်များကိုတွေ့ရှိ သိမ်းဆည်းခဲ့ပြီး ဆိုင်ရှင်များကို နောက်နောင်ရောင်းချခြင်းမပြုရန်၊ ရောင်းချပါက တည်ဆဲဥပဒေများအရအရေးယူခံရမည်ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်း သိရသည်။

"မြို့ထဲက ဘော်ဒါဆောင်တစ်ခုကကလေးနှစ်ယောက်က ခေါက်ဆွဲခြောက်ထုပ်လုပ်စားတာ ဗိုက်အောင့်လာတယ်ဆိုပြီး ကျွန်တော်တို့အဖွဲ့ကို တိုင်တန်းလာလို့ အဖွဲ့ပေါင်းစုံနဲ့ လိုက်လံစစ်ဆေးရာက သက်တမ်းလွန် အစားအသောက်တွေ တွေ့တာပါ၊ သိမ်းဆည်းမိတဲ့အထဲမှာ ခေါက်ဆွဲခြောက်ထုပ်နဲ့ အချိုရည်ကတော့အများဆုံးပဲ၊ မုန့်ထုပ်တွေလည်းပါတယ်"ဟု မြစ်ကြီးနားခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရုံးမှ အတွင်းရေးမှူး ဦးကျော်မြင့်က ပြောသည်။

သက်တမ်းလွန်ခေါက်ဆွဲခြောက်နှင့် အချိုရည်ဘူးများ၊ မုန့်ထုပ်များ၊ တရုတ်မုန့်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၆၀၀၀ ကို ဖေဖော်ဝါရီ ၁ ရက်က သိမ်းဆည်းရမိခဲ့ပြီး ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ရက်တွင် ငွေကျပ် ၁၈ သိန်းကျော်ဖိုးရှိ သက်တမ်းလွန်ပစ္စည်းများ သိမ်းဆည်းခဲ့ပြီး ထိုကဲ့သို့ လိုက်လံသိမ်းဆည်းရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှဦးစီး၍ စည်ပင်သာယာရေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနနှင့် ဌာနဆိုင်ရာများ ပါဝင်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ သိမ်းဆည်းရမိသည့် ပစ္စည်းများကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ ရှေ့တွင် မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ပြီး ယင်းကဲ့သို့ လိုက်လံစစ်ဆေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြစ်ကြီးနားမြို့အတွင်း လက်လီလက်ကားရောင်းဝယ်နေသည့် စားသောက်ကုန်အချို့တွင် ထုတ်လုပ်သည့်နေ့စွဲနှင့် သက်တမ်းကုန်ဆုံးမည့် နေ့စွဲများကို ထည့်ပေးထားခြင်းမရှိကြောင်း၊ စားသောက်ကုန် ရောင်းဝယ်နေသည့် ဆိုင်များအနေဖြင့် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဒေသခံများက ပြောကြားသည်။

**မင်းမင်းဦး**

## ရထားပေါ်၌ ရထားရဲတပ်ဖွဲ့ဝင်များ တွေ့ရှိသည့် ကင်မရာကို ပိုင်ရှင်ထံပြန်လည်အပ်နှံ

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေး-လားရှိုး အမှတ် -၁၃၁ အဆန်ရထားလုံခြုံရေးလိုက်ပါဆောင်ရွက်သော ရထားရဲတပ်ဖွဲ့မှ ဒုရဲတပ်ကြပ်သန်းနိုင်ဦးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်ညနေ ၅ နာရီခွဲတွင် ရထားပေါ်၌စစ်ဆေးရာမှ အထက်တန်းတွဲ ခုံအမှတ် A-7 ,B-7 ထိုင်ခုံပေါ်တွင် ထောက်တိုင်ပါ ကင်မရာအသေးတစ်လုံးကို ပိုင်ရှင်မဲ့တွေ့ရှိသဖြင့် ပိုင်ရှင်အား စုံစမ်းခဲ့သည်။

ယင်းနောက် ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် သီပေါဘူတာသို့ ကင်မရာပိုင်ရှင်ဖြစ်သူ ခရီးသည် လူဇင်ဘတ်နိုင်ငံသားများဖြစ်သည့် Michel Gulbickl နှင့် Caro Lineklcin တို့ ရောက်ရှိလာပြီး အထောက်အထားတင်ပြသဖြင့် ညနေ ၃ နာရီ ၁၅ မိနစ်တွင် သီပေါဘူတာရုံပိုင် ဦးအောင်ကျော်မြင့် ရုံးခန်း၌ ဒုရဲတပ်ကြပ်ထွန်းထွန်းဝင်းနှင့် ဦးအောင်ကျော်မြင့်တို့က ၎င်းတို့ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် ရန်ပုံငွေလွှဲပြောင်းပေးအပ်

**မြောက်ဦး ဖေဖေါ်ဝါရီ ၂၄**

မြောက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြောက်ဦးမြို့နယ် ကင်းဆိပ်ကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက အမှာစကားပြောကြားရာ၌ ဦးစီးဌာနမှထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာလူထုမှ ထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၁၅ သိန်းအား ကျေးရွာတွင်း ကျောက်ချောလမ်းအရှည်ပေ ၁၃၀၀၊ အကျယ်ခြောက်ပေ၊ ထုရှစ်လက်မခင်းခြင်းကို ကျေးရွာလူထုမှ ကိုယ်တိုင်ကိုယ်ကျအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိကိုယ်တိုင်ပါဝင်ပြီး ပူးပေါင်းဆောင်ရွက်တတ်လာစေရန် လိုအပ်ကြောင်း၊ ပွင့်လင်းမြင်သာမှုရှိလာစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတတ်လာ စေရန်လိုအပ်ကြောင်း၊ နောက်လာမည့်နှစ်များတွင်လည်း မိမိတို့ရေးဆွဲထားသော ဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများကို အဖွဲ့အစည်းများနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်တတ်လာစေရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ အား မြို့နယ်ဦးစီးမှူးက ကင်းဆိပ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီများထံသို့ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ရခိုင်ပြည်နယ် မောင်တောမြို့ မြို့မကျောင်းတိုက် ပရိဝုဏ်နှင့် ကျောင်းပတ်ဝန်းကျင်နေရာများ၌ မောင်တောခရိုင် ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်း ဦးဆောင်မှုဖြင့် မောင်တောမြို့မရဲစခန်းမှူးရဲမှူး သန့်ဇော်ဦးခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်အင်အား ၁၂၀ ဖြင့် ဖေဖော်ဝါရီ ၂၄ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေကြစဉ်။**

ဟိန်းထက်ဇော်(မြန်မာ့အလင်း)

## ရဟိုင်ကူးတို့ကျေးရွာ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

**စစ်တွေ ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် ဂွမြို့နယ် ရဟိုင်ကူးတို့ကျေးရွာတွင် ဖေဖော်ဝါရီ ၂၀ ရက်က ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်ကြောင့် မီးဘေးသင့် ရေလုပ်သားများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။ **(ယာပုံ)**

မီးဘေးသင့် အိမ်ထောင်စု ၂၆ စုမှ မိသားစုဝင် ၉၂ ဦးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာခုနစ်ရက်စာဖိုးအပါအဝင် တန်ဖိုးငွေကျပ် ၃၃၈၉၀၉၊ ဂွမြို့နယ် ကြက်ခြေနီအသင်းနှင့် စေတနာရှင်များက ငွေကျပ် ၈၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းအဖွဲ့**





မိုင်းရှင်းလင်းရေးအဖွဲ့များ သက်မဲ့ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးကို တွေ့ရစဉ်။

❖ *ကျော့ဖုံးမှ*

လက်လုပ်မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့ရာ လုံခြုံရေး တာဝန်ထမ်းဆောင်နေသော ရဲတပ်သားတစ်ဦး၏ ယာဘက် နားထင်သို့ လွင့်စဉ်လာသည့်မှန်စ ထိမှန်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ခြံဝင်းအတွင်း ရပ်ထားသည့် MARK II ယာဉ်နှစ်စီး လေကာမှန်များကွဲအက်ကာ ယာဉ်ကိုယ်ထည်ကို မိုင်းစများ ထိမှန်ခဲ့ကြောင်း သိရသည်။

နံနက် ၄ နာရီ ၁၂ မိနစ်ခန့်တွင် ပြည်နယ်မြေစာရင်းရုံးခြံစည်းရိုးအပြင်ဘက်၌ လက်လုပ်မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့သော်လည်း တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

မိုင်းပေါက်ကွဲသည့် နေရာများသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မိုင်းရှင်းလင်းရေးအဖွဲ့များ သွားရောက်စစ်ဆေးရှင်းလင်းခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၏ နေအိမ်ခြံစည်းရိုး၏အနောက်ဘက် ၁၂ ပေခန့်အကွာ ပန်းခုံအနီး၌ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးနှင့် ပြည်နယ်မြေစာရင်းရုံး ခြံစည်းရိုး အပြင်ဘက်တွင် လက်လုပ်မိုင်းနှစ်လုံး ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း၊ လက်လုပ်မိုင်း သုံးလုံးမှာ ဘောစေ့နှင့် သံဖြတ်စများ ပါဝင်ပြီး ၃၆ ပေါင်ခန့် အလေးချိန်ရှိကာ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲရန် ပြုလုပ်ထားသည့် မိုင်းများဖြစ်ကြောင်း၊ ယင်းလက်လုပ်မိုင်းများကို နံနက် ၇ နာရီ ၄၅ မိနစ်တွင် သက်မဲ့ပြုလုပ်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖောက်ခွဲ ဖျက်ဆီးသူ တရားခံများအား ဖမ်းဆီးရမိရေး စစ်တွေမြို့မရဲစခန်း၌ (ပ)၂၆၊ ၂၇၊ ၂၈/ ၂၀၁၈၊ ပေါက်ကွဲအက်ပုဒ်မ-၃ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိပြီး သံသယရှိသူများအား စိစစ်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်စဉ်ကျင်းပမြဲဖြစ်သောဆလုံလူမျိုးတို့၏ ရိုးရာနတ်ပူဇော်ပွဲအား လှေလုပ်သားများ နှောင့်ယှက်မှုကြောင့် ရိုးရာပွဲပျက်စီး

**ကော့သောင်း ဖေဖော်ဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် စူငယ်ပါလိုင်းကျေးရွာအုပ်စု မကြုံဂလက်ကျေးရွာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆလုံ(ခ) မော်ကင်းတိုင်းရင်းသားတို့၏ ရိုးရာနတ်ပူဇော်ပွဲကျင်းပနေစဉ် ကင်းမွန်မီးထွန်းလှေလုပ်သားများ ဝင်ရောက်နှောင့်ယှက်မှုကြောင့် ရိုးရာနတ်ပူဇော်ပွဲပျက်စီးခဲ့၍ ဆလုံတိုင်းရင်းသားများ စိတ်ထိခိုက်လျက်ရှိကြောင်း ယင်းကျေးရွာနေသူများထံမှ သိရသည်။



ဆလုံရိုးရာနတ်ကပွဲကျင်းပနေသည့် မြင်ကွင်းတစ်ခု။

စူငယ်ပါလိုင်းကျေးရွာအုပ်စု လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ်နယ်မြေအတွင်း၌ရှိသည့် မကြုံဂလက်ကျေးရွာတွင် ဖေဖော်ဝါရီ ၂၀ ရက်က ဆလုံတိုင်းရင်းသားတို့၏ ရိုးရာနတ်ပူဇော်ပွဲပြုလုပ်နေချိန် ကင်းမွန်မီးထွန်းလှေနှင့် အောင်ဘာကျေးရွာမှ ရေလုပ်သားလေးဦးရောက်ရှိလာပြီး ဆလုံမော်ကင်းရိုးရာနတ်ကပွဲတွင် ဝင်ရောက်ကမည်ပြုစဉ် အပြင်ဘက်၌သာ ကရန် ဆလုံတိုင်းရင်းသားများက တားမြစ်သည့်အတွက် နတ်ပွဲအလံများအား ဖျက်ဆီးခြင်း၊ ဆလုံတိုင်းရင်းသားများကို ရမ်းကားခြင်းများ လုပ်ဆောင်ခဲ့ပြီး ဓား၊ တုတ်များဖြင့် ကြိမ်းမောင်းသွားခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေပြုနေထိုင်ခဲ့ကြသောဆလုံတိုင်းရင်းသားများသည် ဇာဒက်ကြီးကျွန်း၊ ဂျလန်းကျွန်း၊ ညာဝီးကျွန်း၊ မကြုံဂလက်(လန်ပိကျွန်း)၊ ကံမော်ကြီးကျေးရွာ၊ အလယ်မန်ကျွန်း၊ လငန်းကျွန်း၊ ဒုံးကျွန်း၊ ပုလဲအော်၊ လင်းလွန်ညာမှိုင်းစသည့်နေရာများတွင် ဆွေမျိုးစုအလိုက် အခြေချနေထိုင်ခဲ့ကြပြီး ယင်းတို့၏ အသက်မွေးဝမ်းကျောင်းမှုပုံစံများပြောင်းလဲလာမှုတို့ကြောင့် ခေတ်အဆက်ဆက် ယဉ်ကျေးမှုထုံးတမ်းအမွေများကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်သည့်အိမ်ထောင်ဦးစီးလူကြီးသူမများက ယင်းတို့အလေးထားတန်ဖိုးထား၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အဘိုး၊ အဘွားများအားပူဇော်ကျင်းပသည့် အစဉ်အလာများမှာ တဖြည်းဖြည်းလျော့နည်းကွယ်ပျောက်လျက်ရှိကြောင်း ယင်းကျေးရွာနေသူ ကိုထွေးက ပြောသည်။

ယခုအခါ မကြုံဂလက်ကျေးရွာ ဆလုံရိုးရာနတ်ပူဇော်ပွဲများ ပြုလုပ်သည့် ဓလေ့များနောက်ဆုံးကျန်ရှိနေသည့် ရွာတစ်ရွာဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ ဆလုံ တိုင်းရင်းသားတို့၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုများအား လေးစားမှုမရှိ ဝင်ရောက်နှောင့်ယှက်မှုများကြောင့် ရှားပါးလု သောဆလုံတို့၏ ရိုးရာပွဲများ ရေရှည်ရပ်တည်နိုင်ရေးသည်ရွာသားများ၏ ရင်ထဲတွင် ရတက်မအေးဖွယ်ဖြစ်နေကြောင်း မကြုံဂလက်ကျေးရွာနေ ကိုခင်မောင်ထွေးထံမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# ပခန်းကိုကြီးကျော် ကြက်တိုက်ပွဲဓလေ့ရိုးရာမပျက်ကျင်းပ

**ရေစကြို ဖေဖော်ဝါရီ ၂၄**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် နန်းဦးကျေးရွာအုပ်စု ရွှေကူနီကျေးရွာတွင် ကိုကြီးကျော်ပွဲ(ခေါ်) ပခန်းပွဲကို ကျင်းပလျက်ရှိရာ နှစ်စဉ် ဓလေ့ရိုးရာအရ ကျင်းပမြဲဖြစ်သော ကြက်တိုက်ပွဲကို ဖေဖော်ဝါရီ ၂၃ရက် (တပေါင်းလဆန်း ၈ရက်)နေ့က ကြက်တိုက်နတ်နန်းအတွင်းကျင်းပခဲ့ကြကြောင်း သိရသည်။

ကိုကြီးကျော် (ခေါ်) ကျော်စွာသည် ပုဂံမင်းဆက် ၅၅ ဆက်တွင် ၂၇ ဆက်မြောက် မင်းဖြစ်သော အေဒီ ၇၃၄ တွင် နန်းတက်ခဲ့သည့် သိန်းခွန်မင်းနှင့် မြောက်နန်းစံမိဖုရား ရွှေကိုင်းမင်းသမီးတို့၏ ဒုတိယမြောက်သားတော်ဖြစ်သည်။ ကိုကြီးကျော်(ခေါ်) ကျော်စွာ နတ်ဖြစ်သည့်သမိုင်းမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်က ဖြစ်ခဲ့ပြီး နတ်စာရင်းများတွင် ကိုကြီးကျော်နတ်အား အပြင် ၃၇ မင်း စာရင်းတွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။



"ဟိုး---အရင်တုန်းကတည်းက ကြက်တိုက်နန်းနေရာမှာ ညောင်ပင်ကြီးရှိတယ်၊ ကိုကြီးကျော်အားတဲ့အချိန်၊ ပျင်းတဲ့အချိန်ဆိုရင် အရက်လေးသောက်တယ်ပေါ့၊ ကိုကြီးကျော်က ကြက်လောင်းတာ ဝါသနာပါတယ်၊ ရွာခံသမားတွေရဲ့ကြက်နဲ့ ကိုကြီးကျော်ကြက်နဲ့ ဒီမှာကြက်တိုက်ပွဲတွေလုပ်တယ်ပေါ့၊ အဲ့ဒီအစဉ်အလာကို မပျက်အောင် မာမီတို့က ဆက်လက်ထိန်းသိမ်းပေးတာပါ" ဟု ပွဲကျင်းပရေးနှင့်ပတ်သက်သည့် တာဝန်ရှိသူတစ်ဦးက ကြက်တိုက်ပွဲကျင်းပကြခြင်း ဓလေ့ကို ထိန်းသိမ်းထားရှိကြောင်း ပြောပြသည်။

ကိုကြီးကျော်(ခေါ်)ကျော်စွာသည် လူ့ဘဝကကြက်တိုက်လေ့ရှိသော ညောင်ပင်နေရာတွင် အဆိုပါကြက်တိုက်ပွဲကို ဓလေ့ရိုးရာအရ နှစ်စဉ် စည်ကားစွာ ကျင်းပကြခြင်းဖြစ်သည်ဟု သိရသည်။ ယခုအခါတွင် ထိုညောင်ပင်ကြီးမရှိတော့သဖြင့် အဆိုပါနေရာတွင် ကြက်တိုက်နတ်နန်းတည်ဆောက်ထားခြင်းဖြစ်ပြီး နတ်နန်းဆောင်အတွင်းတွင် ကြက်တိုက်ပွဲကျင်းပကြသည်ဟု သိရသည်။ ထိုသို့ကြက်တိုက်ရာတွင် ယခင်ကကြက်အစစ်များဖြင့် တိုက်ခဲ့ကြသော်လည်း ယခုအခါတွင် လူများကြက်ခွပ်ကစားကာယှဉ်ပြိုင်ကြခြင်းဖြင့်သာ ကြက်တိုက်ပွဲကျင်းပတော့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

"အရင်တုန်းက ကြက်အစစ်နဲ့တိုက်တာ၊ ခုတော့ လူနဲ့ကြက်တိုက်တာလွန်ခဲ့တဲ့ နှစ် ၅၀၊ ၆၀လောက်တုန်းကတော့ ရှေးခေတ်ကယောကျ်ားကြီးတွေပေါ့ စလွယ်လက်ဖွဲ့ကြီးတွေနဲ့ယောကျ်ားကြီးတွေတိုက်တာ၊ ခုခေတ်ကျတော့ အမျိုးသမီးတွေနဲ့ပဲ နည်းနည်းလေး ပွဲကိုယဉ်ယဉ်လာအောင်လို့ အမျိုးသမီးတွေနဲ့ တိုက်ပေးတာပါ" ဟု ပွဲကျင်းပရေးနှင့်ပတ်သက်သည့် တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထိုသို့ကြက်ခွပ်ယှဉ်ပြိုင်ကြရာတွင် စည်းကမ်းချက်များ သတ်မှတ်ထားပြီး ယခုနှစ်တွင် ရန်ကုန်ဘက်ကိုယ်စားပြုကြက်နှင့် မုံရွာကိုယ်စားပြု ကြက်တို့ ယှဉ်ပြိုင်ခွပ်ခဲ့ကြရာ မုံရွာကိုယ်စားပြုကြက်အဖြစ် ယှဉ်ပြိုင်သည့် အမျိုးသမီးမှ အနိုင်ရရှိသွားသည်ဟုသိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## တိုက်ကြီးတိုးဂိတ်ပြောင်းရွှေ့ရေးနှင့် မူလနေရာတွင် တိုးဂိတ်အသစ်တည်ဆောက်ခြင်း ရပ်ဆိုင်းပေးရန် ဆန္ဒထုတ်ဖော်

**တိုက်ကြီး ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်း တိုက်ကြီးမြို့အဝင်တွင် မက်(စ်)ဟိုင်းဝေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့်တိုးဂိတ်အား နေရာပြောင်းရွှေ့ရေးနှင့် တိုးဂိတ်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းအား ရပ်ဆိုင်းပေးရေးကို တိုက်ကြီးမြို့နယ် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများပါဝင်သော အဖွဲ့မှ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အဆိုပါဆန္ဒဖော်ထုတ်ပွဲကို တိုက်ကြီးမြို့နေ ယာဉ်ပိုင်ရှင် ဦးမျိုးမင်းသူ ဦးဆောင်၍ ခွင့်ပြုမိန့်ဖြင့် စီးပွားရေးဘဏ်ရှေ့မှ တိုးဂိတ်သို့ ယာဉ်အစီး ၄၀ ကျော်၊ လူအင်အား ၁၀၀ ကျော်က တိုးဂိတ်တည်နေရာသို့ ချီတက်ဆန္ဒဖော်ထုတ်ခဲ့သည်။


ဆန္ဒဖော်ထုတ်သူ ခေါင်းဆောင် ဦးမျိုးမင်းသူက "အစက မြို့ဝင်ကြေးမပေးရဘူး၊ အခုပေးနေရတယ်၊ တိုက်ကြီးကား တိုက်ကြီးပြန်လာတာ လမ်းကြေးလည်းအထောက်အထားမပါရင် ပေးနေရတယ်၊ ကျွန်တော်တို့မြို့မှာ အိမ်စီးကား အပါအဝင်ကား ၈၀၀ ကျော်လောက်ရှိတယ်၊ အားလုံးဟာ တိုက်ကြီးအပြန်တိုးဂိတ်မှာ လမ်းကြေး၊ မြို့ဝင်ကြေးနဲ့ပတ်သတ်လို့ အချေအတင် စကားပြောနေရတယ်၊ ဟိုနား ဒီနားသွားလည်း လမ်းကြေးပေးရတယ်၊ လမ်းတွေကောင်းအောင် လမ်းကြေးကောက်တာလက်ခံပါတယ်၊ အခုဆိုကုမ္ပဏီက လေးလမ်းသွားလုပ်နေပါတယ်၊ ကြိုဆိုပါတယ်၊ ဒါပေမယ့် ဂိတ် ဝန်ထမ်းတွေပြောတာဆိုတာမောက်မာတယ်၊ တိုက်ကြီး ကားတွေ မြို့ဝင်ကြေး တောင်းခံပါတယ်၊ အထောက်အထားမပါရင် သာယာဝတီထိ လမ်းကြေးပေးနေရပါတယ်၊ စာချုပ်ပါအချက်အလက်အတိုင်း လမ်းအသုံးပြုခ ကောက်ခံပေးဖို့နဲ့ မြို့ဝင်ဘီးခွန်ကြေး ဥပဒေကိုဖျက်သိမ်းပေးပါ"ဟု ပြောသည်။

တိုက်ကြီးကားများအနေဖြင့် ရန်ကုန်သွားလျှင် လမ်းကြေးကို တိုက်ကြီးတိုးဂိတ်က ကောက်ခံပြီးလျှင် မှော်ဘီ(ထောက်ကြန့်)တိုးဂိတ်ပေးရန်မလိုကြောင်း၊ ရန်ကုန်မှပြန်လျှင်လည်း မှော်ဘီ(ထောက်ကြန့်)တိုးဂိတ်တွင် လမ်းကြေးပေးဆောင်ပြီးပါက တိုက်ကြီးဂိတ်တွင် ပေးရန်မလိုကြောင်းနှင့် တိုက်ကြီးကားမှန်ကန်ကြောင်း အထောက်အထားအနေဖြင့် တိုက်ကြီးစည်ပင် ဘီးခွန်ကတ်တောင်းယူကြည့်ပြီး လမ်းကြေးမတောင်းတော့ကြောင်း၊ တချို့ယာဉ်များတွင် တိုက်ကြီးကားဖြစ်သော်လည်း စည်ပင်၊ ဘီးခွန်ဆောင်ထားကြောင်း စာရွက်မပါသဖြင့် သာယာဝတီတိုးဂိတ်ထိ လမ်းကြေးပေးနေရကြောင်း ယာဉ်မောင်းတစ်ဦးက ပြောသည်။

တိုက်ကြီးတိုးဂိတ်နေရာသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၁၉၉၇ ခုနှစ်မှစ၍ ဆောက်လုပ်တာဝန်ယူခဲ့သည်။ ယင်းနောက် ဦးပိုင်ကုမ္ပဏီမှ တာဝန်ယူခဲ့သည်။ ၂၀၁၁ ခုမှစ၍ မက်(စ်)ဟိုင်းဝေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သည့်လမ်းဖြစ်ပြီး ရန်ကုန်-ပြည်-မကွေးလမ်းပိုင်း ၂၂/၃ မှ ၃၃၁/၀ အထိ ၃၀၈ မိုင် ၁ ဖာလုံ တာဝန်ယူဆောင်ရွက်ထားပြီး တိုးဂိတ်များအနေဖြင့် မှော်ဘီ(ထောက်ကြန့်)၊ တိုက်ကြီး၊ သာယာဝတီ၊ ဇီးကုန်း၊ ပြည်အဝင်၊ ပြည်အထွက်၊ အောင်လံအဝင်၊ အောင်လံအထွက်၊ ကိုးပင်၊ သစ်ရာ ခေါက်၊ မကွေးမြို့များတွင်လည်း တိုးဂိတ်များဖြင့် လမ်းကြေးကောက်ခံလျက်ရှိကြောင်း တာဝန်ရှိသူထံမှ သိရသည်။

**ထွန်းလှိုင်(မြိုင်)**


မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် မူလတန်းအဆင့် ကျောင်းသား-ဆရာအချိုး




မူလတန်းအဆင့် ဆရာတစ်ဦးလျှင် သင်ကြားရသောကျောင်းသားဦးရေ

ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။


မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အလယ်တန်းအဆင့် ကျောင်းသား-ဆရာအချိုး




အလယ်တန်းအဆင့် ဆရာတစ်ဦးလျှင် သင်ကြားရသော ကျောင်းသားဦးရေ

ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အထက်တန်းအဆင့် ကျောင်းသား-ဆရာအချိုး




အထက်တန်းအဆင့် ဆရာတစ်ဦးလျှင် သင်ကြားရသော ကျောင်းသားဦးရေ

ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# ဂျပန်အမျိုးသမီးထံမှ ဖုန်း၊ ငွေနှင့် ပစ္စည်းများ လုယက်သူများကို ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရွှေဂုံတိုင်လမ်းပေါ်တွင် ဂျပန်နိုင်ငံသူ အမျိုးသမီးတစ်ဦးနှင့် မြန်မာအမျိုးသမီးတစ်ဦးတို့ ကားငှားရန် စောင့်ဆိုင်းနေစဉ် အငှားယာဉ်တစ်စီးဖြင့် ရောက်ရှိလာသူ အမျိုးသားသုံးဦးတို့က ဂျပန်အမျိုးသမီးလွယ်ထားသည့် ကျောပိုးအိတ်ကို လုယူ ထွက်ပြေးသွားသဖြင့် ဗဟန်းမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူ လေးဦးအား ၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၄ နာရီက ဗဟန်းမြို့နယ်ရှိ Outer Room စားသောက်ဆိုင် မန်နေဂျာဖြစ်သူ ဂျပန်နိုင်ငံသူ Ms. Yukiko Cumida (၂၆ နှစ်)သည် သူငယ်ချင်းဖြစ်သူ မြန်မာအမျိုးသမီးတစ်ဦးနှင့်အတူ နေအိမ်သို့ပြန်ရန် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရွှေဂုံတိုင်လမ်းဘေး ကမ္ဘောဇဘဏ်ရှေ့တွင် ကားငှားရန်စောင့်ဆိုင်းနေစဉ် အမည်မသိ အမျိုးသားသုံးဦးရောက်ရှိလာပြီး တစ်ဦးက ဂျပန်အမျိုးသမီး၏ လည်ပင်းအား သိုင်းဖက်ချုပ်ထားပြီး ကျန်နှစ်ဦးက ၎င်း၏ ကျောပိုးအိတ်ကို လုယူကာ အငှားယာဉ်တစ်စီးဖြင့် ထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်း၏အိတ်အတွင်းမှ ငွေစက္ကူများနှင့် ဖုန်းတစ်လုံး၊ ပတ်စပို့စာအုပ်တစ်အုပ် စုစုပေါင်း ၁၁၆၅၀၀၀ ခန့်တန်ဖိုးရှိ ပစ္စည်းများအား လုယက်ယူဆောင်သွားသဖြင့် ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၂၂ ရက် ၇ နာရီ ၁၀ မိနစ်တွင် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမ အသင်းတိုက်ကားမှတ်တိုင်အနီး၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် 1G ----Nissan AD VAN ယာဉ်အား လှိုင်သာယာမြို့နယ်နေ ယာဉ်မောင်း စည်သူအောင် (ခ) စည်သူ (၂၄ နှစ်)နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စည်သူအောင်(ခ)စည်သူ ၏ ဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် ကြည့်မြင်တိုင်မြို့နယ်နေ ကျော်သက်နိုင် (ခ) ကျော်လေး (၁၉နှစ်)၊ သီဟကျော်(ခ) ဖိုးသား(၂၂နှစ်)နှင့် အင်းစိန်မြို့နယ်နေ ဇွဲကိုကို (ခ) ဇွဲ (၁၇နှစ်)တို့ ပါရှိကြောင်း သိရှိရသည်။

၎င်းတို့အား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၄ နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်၊ ဗန္ဓုလလမ်းပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ထွက်ဆိုချက်အရ လုယက်ယူဆောင်ခဲ့သည့် လက်ကိုင်ဖုန်းတစ်လုံး၊ ငွေစက္ကူများနှင့် ကျောပိုးအိတ်တစ်အိတ်၊ မှတ်စုစာအုပ်တစ်အုပ်၊ ရောဝတီဘဏ်ကတ်တစ်ခု၊ ဆေးလိပ်ထည့်သည့် ဘူးတစ်ဘူး၊ Memory Stick တစ်ခု၊ သော့ချိတ် ရီမုနှစ်ခုနှင့် ဘောပင်တစ်ချောင်းတို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးလျက်ရှိပြီး ကျန်ရှိသက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်း ရမိရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် အခြားပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၁၁ နှစ်အရွယ် အိမ်အကူကလေးငယ်ကို ညှဉ်းပန်းနှိပ်စက်သူများအား အရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီက ကလေးထိန်းအလုပ် လုပ်ကိုင်နေသူ အသက် ၁၁ နှစ်အရွယ် မိန်းကလေးတစ်ဦးအား ညှဉ်းပန်းနှိပ်စက်သူများကို အရေးယူထားကြောင်း သိရသည်။

သတင်းအရ မြိတ်မြို့ ကြံတောကွက်သစ်ရပ်နေ ဦးအောင်ကိုကို(ခ)အောင်ကို (၂၅နှစ်)နှင့် ၎င်း၏ ဇနီးဖြစ်သူ မမြတ်မွန်ထွဋ်(၂၃နှစ်)တို့၏ နေအိမ်တွင် ကလေးထိန်းအိမ်အကူ လုပ်ကိုင်နေသူ ရွှေပြည်သာမြို့နယ် ဇီးကုန်းရပ်ကွက်နေ မရွှေဇင်ဝင်း(ခ)ရွှေဇင် ၁၁ နှစ်အား ရဲတပ်ဖွဲ့ဝင်များက တွေ့ဆုံမေးမြန်းခဲ့သည်။

၎င်းသည် လွန်ခဲ့သော နှစ်လကျော်ခန့်က ဦးအောင်ကိုကို(ခ)အောင်ကို၏ နေအိမ်၌ ကလေးထိန်းအိမ်အကူအဖြစ် တစ်လလျှင်ငွေကျပ် ၃၀၀၀၀ဖြင့် လုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းအိမ်၌ ကလေးထိန်းအလုပ်လုပ်ရသည့်အပြင် အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးအားလုံးကို လုပ်ကိုင်ခဲ့ရသဖြင့် ညအချိန်မတော်မှ အိပ်စက်ရခြင်းကြောင့် ကလေးထိန်းချိန်တွင် အိပ်ငိုက်နေသဖြင့် ကလေးအား ဂရုမစိုက်ဟုပြောဆိုပြီး ဦးအောင်ကိုကိုနှင့် မမြတ်မွန်ထွဋ်တို့က ၎င်းအား ခြိမ်းခြောက်ပြောဆိုခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ ထိုင်ထအကြိမ် ၁၀၀၀ လုပ်ခိုင်းခြင်း၊ လက်သည်းဖြင့် ကုတ်ဖဲ့ခြင်း၊ ဟင်းချက်ဇွန်းပြားဖြင့် ရိုက်နှက်ခြင်းတို့ကြောင့် မရွှေဇင်ဝင်း(ခ)ရွှေဇင်တွင် နာကျင်ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က မြိတ်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီး ဒေါ်သီသီအေးက တိုင်တန်း၍ အောင်ကိုကို(ခ)အောင်ကိုတို့ နှစ်ဦးအား မြိတ်မြို့မရဲစခန်းက မြိတ်မြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ တရားရုံးက အမှုအား လက်ခံစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# တနိုင်းမြို့နယ်၌ မိုင်းပေါက်ကွဲမှုကြောင့် ပြည်သူနှစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအနီး ဖေဖော်ဝါရီ ၂၃ ရက် မွန်းတည့် ၁၂ နာရီက မိုင်းပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနေ ထွန်းထွန်း(၃၃နှစ်)နှင့် ဦးထွန်းဝင်း(၄၀နှစ်)တို့နှစ်ဦးသည် ပယင်းတူးမည့်နေရာ လိုက်လံရှာဖွေနေစဉ် မိုင်းခွန်ကျေးရွာ၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာအရောက်၌ ဦးထွန်းဝင်းမှ ကေအိုင်အေလက်နက်ကိုင်များ ထောင်ထားသည့် မိုင်းအား နင်းမိပေါက်ကွဲခဲ့သဖြင့် ဦးထွန်းဝင်းနှင့် ထွန်းထွန်းတို့နှစ်ဦးတွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# မော်တော်ယာဉ်ပေါ်၌ တင်ဆောင်လာသော လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၄၃ စီး၊ သွင်းကုန် ၈၃၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန်အစီး ၁၄၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၁၂ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၃၃၁ သန်းခန့်၊ စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၅၄၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော ရွှေဖြူရှောင်ကွင်းလမ်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုဆောင်ရွက်စဉ် ကွာရီရွာလမ်းထိပ်တွင် TOYOTA HIACE ယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၁၇ ဒသမ ၈၅၀ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမြန်လမ်းတွင် ယာဉ်မောင်းအိပ်ငိုက်၍ ယာဉ်တိမ်းမှောက်၊ ရှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**




နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၈၆/၀-၁ ကြား၌ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ယာဉ်တိမ်းမှောက်မှုကြောင့် ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**အမှုဖွင့်**

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးဘက်သို့ ပြင်ဦးလွင်မြို့နေ ဦးစန်းလွင် (၅၇နှစ်) မောင်းနှင်ပြီး တစ်မြို့နယ်တည်းနေ လှိုင်ခန့်ဦး(၁၅နှစ်)ပါ ၁၁ ဦးလိုက်ပါလာသည့် 2M/----- TOYOTA Lite Ace ယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိ တိမ်းမှောက်ခဲ့သဖြင့် လှိုင်ခန့်ဦးပါ ရှစ်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့၍နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း ဦးစန်းလွင်အား ပလွေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ အဆင်သင့်လုပ်ငန်းလည်ပတ်လိုသူများအတွက် စက်ရုံရောင်းမည်။ ဒဂုံဆိပ်ကမ်း စက်မှုဇုန်အဝင်ဝ။ ပဲခူးမြစ်လမ်းမကြီးအနီး၊ ကနောင်မင်းသားလမ်းမကြီးဘေး၊ မြေအကျယ် (220'× 220')၊ (151'× 60')အကျယ် တစ်ထပ်ခွဲစက်ရုံ(၁)ရုံ၊ (37'× 72') (35'× 79') အကျယ် ဂိုဒေါင်(၂)လုံး၊ (40'× 20')ရုံးခန်း(၁)ခန်း၊ ဝန်ထမ်းအိမ်လည်းပါ၊ 315 KVA Transformer၊ Denyo မီးစက်ကြီး(၁)လုံး၊ ဂရန်အမည်ပေါက်။ ကျပ်သိန်း(9000)

၂။ ရန်ကုန်မြို့ Down Town ဧရိယာတွင် ဘဏ်အသစ်ဖွင့်လိုသူများ၊ ဖွင့်ပြီးဘဏ်အသစ်တိုးချဲ့ဖွင့်လှစ်လိုသူများ၊ ဘဏ်များဖွင့်လှစ်ခြင်းမရှိသေးသော နေရာကောင်း၊ ကုမ္ပဏီရုံးခန်း၊ ရွှေဆိုင်ဖွင့်လှစ်လိုသူများ၊ အထပ်မြင့်ဆောက်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ သမိန်ဗရမ်းလမ်းမကျယ်၊ လမ်းမကြီးဘေး၊ မြေအကျယ် 3710sqft, မျက်နှာစာ(၂)ဖက်ပါ၊ ဂရန်အမည်ပေါက်။ ကျပ်သိန်း(9000)

၃။ ပဲခူးမြို့၊ VIPရပ်ကွက်၊ (80'× 100')၊ အိမ်နှင့်ခြံရောင်းမည်၊ ရုံးပေါင်းစုံအနီး၊ ပဲခူးလေယာဉ်ကွင်းအသစ်သွားသောလမ်းမကြီးအနီး၊ ဆိတ်ငြိမ်ရပ်ကွက်၊ ပတ်ဝန်းကျင်ကောင်း၊ ပဲခူးလေယာဉ်ကွင်းစီမံကိန်းတွင် လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အထူးသက်သာသော ဈေးနှုန်းဖြင့်ရောင်းမည်။ ကျပ်သိန်း(750)

ဖုန်း - 09-5178979, 09-43022828, 09-43292929, 09-420182934, 09-451146685.


# ရဲစခန်းအုတ်နံရံအား တိုက်မိသည့်ယာဉ်ကို စစ်ဆေးရာမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**မြဝတီ ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ် မြဝတီမြို့တွင် ဖေဖော်ဝါရီ ၂၃ ရက်က ဝပ်ရှော့၌ ပြုပြင်ပြီး ယာဉ်ကို နောက်ဆုတ်ရာမှ ရဲစခန်းဝင်း အုတ်နံရံအားဝင်ရောက်တိုက်မိသည့် ယာဉ်အားစစ်ဆေးရာမှ တရားမဝင်လက်နက်ခဲယမ်းများ ဖမ်းဆီးသိမ်းဆည်းရမိခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာဖေဖော်ဝါရီ၂၃ရက် မွန်းတည့် ၁၂ နာရီခန့်က မြဝတီရဲစခန်းမြောက်ဘက်တွင် ကာရံထားသော အုတ်နံရံအား မော်တော်ယာဉ်တစ်စီးမှ ဝင်ရောက်တိုက်မိသဖြင့် ကာရံထား သည့် အုတ်တံတိုင်း ၂၀ ပေ တစ်ခန်း ပြိုကျပျက်စီးသွားခဲ့သည်။ အခင်းဖြစ်နေရာသို့ မြဝတီမြို့မရဲစခန်းနှင့် အမှတ် ၇၃ ယာဉ် ထိန်းတပ်ဖွဲ့စုမှ ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာ 7F---- ပရိုဘောက် ယာဉ်ကို ယာဉ်မောင်း စောအေးလွင်သိန်းက ရဲစခန်းအနီးကား ဝပ်ရှော့တွင် ပြုပြင်ပြီး နောက်ဆုတ်ထွက်ခွာစဉ် အရှိန်မထိန်းနိုင်ဘဲ အုတ်နံရံကို တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်ပေါ်တွင် ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသော တစ်တောင့်ထိုးလုပ်သေနတ်အတိုတစ်လက်၊ ကိုးလုံးကျည်ဆန်ငါးတောင့်၊ Manball Auto စာတန်းပါ ဘူးတစ်ဘူး တို့အား သိမ်းဆည်းရမိခဲ့သဖြင့် ကော့ကရိတ်မြို့နေ စောအေး လွင်သိန်း (၄၃ နှစ်)အား မြဝတီမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ထိန်လင်းအောင်**

# ကျိုက်မရောမြို့နယ်ရှိ သဘာဝရေပူကန်အတွင်း ကလေးတစ်ဦး ရေနစ်သေဆုံး

**ကျိုက်မရော ဖေဖော်ဝါရီ ၂၄**

ကျိုက်မရောမြို့နယ် ရေပူကော့စပ်ကျေးရွာ အုပ်စု သရက်ကုန်းကျေးရွာအနီး ရေပူအုန်းခြံဘုန်းကြီးကျောင်းဝင်း အတွင်းရှိ သဘာဝရေပူကန်အတွင်း ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

**လိုက်လံရှာဖွေ**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခန့်က မနှင်းမှုံချယ်ရီဦး(ခ) မချစ်ချစ်ချောသည် ရေပူအုန်းခြံဘုန်းကြီးကျောင်း ပဋ္ဌာန်းပိတ်ပွဲသို့ သွားရောက်ရာမှ ညနေ ၆ နာရီထိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ လိုက်လံရှာဖွေရာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ သဘာဝရေပူကန်အတွင်း အပူလောင်သော ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့သဖြင့် ချောင်း နှစ်ခွရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**၁၃၈**



## အစ္စရေးတပ်ဖွဲ့များနှင့် ပါလက်စတိုင်းဆန္ဒပြသူများကြား အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ ပါလက်စတိုင်း ၃၂ဦး ဒဏ်ရာရ

**ဂါဇာ ဖေဖော်ဝါရီ ၂၄**

ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက်ကမ်းဒေသ၌ ယမန်နေ့က အစ္စရေး တပ်ဖွဲ့များနှင့် ပါလက်စတိုင်းဆန္ဒပြသူများကြား အဓိကရုဏ်းများ ဖြစ်ပွားခဲ့ရာ ပါလက်စတိုင်း ပြည်သူ ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏မြို့တော် အဖြစ် အမေရိကန် သမ္မတဒေါ်နယ်ထရန့် ကြေညာလိုက်သည့် အချိန်မှစကာ ပါလက်စတိုင်းပိုင်နက်အတွင်း သောကြာနေ့တိုင်း ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိသည်။

သောကြာနေ့ ဝတ်ပြုဆုတောင်းသူများ စုဝေး၍ အစ္စလာမ့်စ်ဟားမားစ်တို့၏ လှုပ်ရှားမှုနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဲဘက်စ်၏ ဖာတာ့ပါတီ အပါအဝင် ပါလက်စတိုင်းနိုင်ငံ၏ အင်အားနှင့်အဖွဲ့အစည်းတို့၏ တောင်းဆိုမှုများကြောင့် ဆန္ဒပြမှုများ တစ်ပတ်တစ်ခါ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဂျယ်ရီချို၊ နာဘလတ်နှင့် ရာမလာမြို့များ၌ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်း ပါလက်စတိုင်း ၁၆ ဦး ပစ်ခတ်ခံရပြီး ဒဏ်ရာရရှိခဲ့ကြောင်း အနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းလခြမ်းနီအဖွဲ့က ပြောခဲ့သည်။

ဆန္ဒပြသူများသည် ပါလက်စတိုင်း အလံများဝှေ့ယမ်းပြီး အစ္စရေးနှင့် အမေရိကန်ဆန့်ကျင်ရေး ဆောင်ပုဒ်များ ကြွေးကြော်ကာ ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ ကားတစ်စီး အရှိန်လွန်ပြီး ကျောင်းသားများကို ဝင်တိုက်ရာ ကိုးဦးသေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၂၄**

အိန္ဒိယအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကားတစ်စီး အရှိန်လွန်ပြီး ကျောင်းသားကျောင်းသူများထဲသို့ ဝင်တိုက်မိရာ ကျောင်းသား၊ ကျောင်းသူအနည်းဆုံး ကိုးဦးသေဆုံးခဲ့ပြီး အခြား နှစ်ဒါဇင်ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောခဲ့သည်။

အဆိုပါ မတော်တဆမှုသည် အိန္ဒိယအရှေ့ပိုင်းရှိ ဘီဟာပြည်နယ် မူဆာဖာပါဒေသ ဒါရမ်ပါရွာရှိ အလယ်တန်းကျောင်း တစ်ကျောင်း၏အပြင်ဘက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်မတော်တဆမှုဖြစ်ပွားသည့်နေရာသည် ပတ္တနာမြောက်ဘက် ၉၅ ကီလိုမီတာအကွာတွင်တည်ရှိကြောင်း သိရသည်။

ကျောင်းဆင်းချိန် ကျောင်းသားများ ကျောင်းဝင်းအပြင်ဘက်သို့ ထွက်လာချိန်တွင် ထိုသို့ အရှိန်လွန်ကားက တိုက်မိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရကျောင်းသား၊ ကျောင်းသူများထဲတွင် တချို့မှာ စိုးရိမ်ရသော အခြေအနေရှိကြောင်းသိရပြီး နီးစပ်ရာဆေးရုံများသို့ တင်ထားရကြောင်း သိရသည်။

ယာဉ်မောင်းမှာ ထွက်ပြေးလျက်ရှိသော်လည်း ၎င်း၏အချက်အလက်အသေးစိတ်များကို မကြာမီရရှိတော့မည်ဖြစ်ပြီး မကြာမီအချိန်အတွင်း ဖမ်းဆီးနိုင်တော့မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အဆိုပါ မတော်တဆမှုဖြစ်ပြီးနောက် ကျောင်းသားများ အော်ဟစ်ငိုယိုနေကြသောကြောင့် ပတ်ဝန်းကျင်ကို ရုတ်ရုတ်သဲသဲဖြစ်သွားစေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

အဆိုပါအမှုကို မှတ်တမ်းတင်ခဲ့ပြီး ယာဉ်မတော်တဆဖြစ်ပွားရသည့် နောက်ကွယ်မှ ကိစ္စကို သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ဒေသအစိုးရက အဆိုပါယာဉ်မတော်တဆမှုအတွင်းသေဆုံးသွားသော ကျောင်းသား၊ ကျောင်းသူများအတွက် နစ်နာကြေးအဖြစ်တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၆၁၆၄ ပေးအပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

မတော်တဆဖြစ်ရပ်များသည် အိန္ဒိယနိုင်ငံ၌ ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စရပ်များဖြစ်ပြီး များသောအားဖြင့် ဝန်ပိုတင်ဆောင်ခြင်း၊ လမ်းအခြေအနေ ဆိုးရွားခြင်း၊ ပေါ့ဆစွာ ယာဉ်မောင်းခြင်းတို့ကြောင့်ဖြစ်သည်။ မကြာသေးမီကထုတ်ပြန်ခဲ့သော တရားဝင်အစီရင်ခံစာအရ ယာဉ်မတော်တဆဖြစ်ရပ်များကြောင့် နေ့စဉ်ပျမ်းမျှ လူပေါင်း ၄၀၀ ခန့် သေဆုံးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျေရုဆလင်ရှိ အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးကို မေလတွင် စတင်ဖွင့်လှစ်ရန် စီစဉ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်နိုင်ငံအနေဖြင့် ဂျေရုဆလင်မြို့ရှိ အစ္စရေးနိုင်ငံဆိုင်ရာသံရုံးကို မေလပိုင်းတွင် တရားဝင်စတင်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနောရက်တ်က မကြာသေးမီတွင် ပြောခဲ့သည်။

သံရုံးဖွင့်လှစ်ချိန်သည် အစ္စရေးနိုင်ငံ ထူထောင်ခြင်းနှစ် ၇၀ ပြည့်ချိန်ဖြစ်ကြောင်း၊ သံရုံးစတင်ဖွင့်လှစ်ချိန်တွင် သံအမတ်ကြီးနှင့် ဝန်ထမ်းအချို့လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းပမာဏကို တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနောရက်တ်က ပြောခဲ့သည်။

အမေရိကန်နိုင်ငံသည် ဂျေရုဆလင်မြို့၌ ရေရှည်အဆောက်အအုံတည်ဆောက်နိုင်မည့် တည်နေရာကို ရွေးချယ်သွားမည်ဖြစ်ပြီး သံရုံးတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပါလက်စတိုင်း သမ္မတအိမ်တော်က အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ်လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး သတိပေးစကား ပြောကြားခဲ့သည်။

အမေရိကန်၏ ဆောင်ရွက်မှုများသည် ငြိမ်းချမ်းရေးအတွက် အထောက်အကူမဖြစ်သည့်အပြင် ဥပဒေအရလည်း ခိုင်လုံမှုမရှိကြောင်း သမ္မတအိမ်တော် ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က အသိအမှတ်ပြုခဲ့ပြီး အစ္စရေးနိုင်ငံဆိုင်ရာ သံရုံးကိုလည်း ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့ရန် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ အမေရိကန်သမ္မတ၏ ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏မြို့တော် အဖြစ်သတ်မှတ်ခြင်းကို အများအားဖြင့် လက်မခံကြကြောင်း သိရသည်။

**ဆင်ဟွာ**



## ပျောက်ဆုံးပြင်သစ် ပန်းချီကျော် လက်ရာကို ပြန်လည်တွေ့ရှိ

**ပါရီ ဖေဖော်ဝါရီ ၂၄**

ပြင်သစ် အင်ပရက်ရှင်နစ်ပန်းချီကျော် အက်ဂါဒီဂတ်စ်၏ ပျောက်ဆုံးနေသော ပန်းချီကားကို ရှောင်တခင်စစ်ဆေးစဉ်အတွင်း ဘတ်စ်ကားတစ်စီးပေါ်၌ တွေ့ရှိခဲ့ကြောင်း ပြင်သစ်ယဉ်ကျေးမှု ဝန်ကြီးဌာနက ယင်း၏ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ပြင်သစ်အကောက်ခွန်အေးဂျင့်များက ဒီဂတ်စ်ဟုလက်မှတ်ရေးထိုးထားသော အဆိုပါပန်းချီလက်ရာကို ဘတ်စ်ကားတစ်စီးပေါ်ရှိ လက်ဆွဲအိတ်များ ထည့်ထားသော အခန်းထဲတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပန်းချီကားကို ၁၈၇၇ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ယင်း၏ ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်သန်းနီးပါး တန်ဖိုးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## မိုဂါဒစ်ရှူး၌ သမ္မတအိမ်တော်ကို ရည်ရွယ်ကာ အသေခံကားဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ရာ လူ ၁၈ ဦးထက်မနည်း သေဆုံး

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၄**

ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူး၌ ယမန်နေ့က အသေခံကားဗုံးခွဲတိုက်ခိုက်မှု နှစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၈ဦးထက်မနည်းသေဆုံးခဲ့ပြီး ၂၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါအသေခံကားဗုံးခွဲတိုက်ခိုက်မှုနှစ်ခုအနက် တစ်ခုမှာ သမ္မတအိမ်တော်ကို ရည်ရွယ်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

ယမန်နေ့ညပိုင်းတွင် လက်နက်ကိုင်အဖွဲ့ဝင်များက ပေါက်ကွဲစေသည့် ပစ္စည်းများအပြည့်တင်ဆောင်ထားသည့် ကားကို အမျိုးသားလုံခြုံရေးနှင့် သတင်းအချက်အလက်ဌာနချုပ်အနီး၌ ဖောက်ခွဲခဲ့ကြောင်း၊ ထို့နောက် ပထမကားဗုံးခွဲတိုက်ခိုက်မှုပြုပြီး ၁၅ မိနစ်အကြာတွင် နောက်ထပ်ကားတစ်စီးက သမ္မတအိမ်တော်အနီးသို့ မောင်းနှင်သွားကာ ဒုတိယမြောက် ကားဗုံးဖောက်ခွဲမှုတစ်ခု ထပ်မံပြုလုပ်ခဲ့ကြောင်း ဆိုမာလီယာနိုင်ငံ လုံခြုံရေးဌာနက ပြောခဲ့သည်။

သမ္မတအိမ်တော်အနီး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဆိုမာလီယာလုံခြုံရေးတပ်ဖွဲ့များနှင့် လက်နက်ကိုင်တပ်ဖွဲ့များကြား ပြင်းထန်သည့် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ဒေသတွင်းပြည်သူများက ဖော်ပြခဲ့သည်။

ထိုသို့တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် လက်နက်ကိုင်တပ်ဖွဲ့ဝင် သုံးဦးထက်မနည်းပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

လက်နက်ကိုင်အဖွဲ့အစည်းမှ တပ်ဖွဲ့ဝင်များသည် သမ္မတအိမ်တော်သို့ ယမန်နေ့က ဝင်ရောက်တိုက်ခိုက်ရန် ကြံစည်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့များက ပြန်လည်ခုခံတားဆီးတိုက်ခိုက်နိုင်ခဲ့ကြောင်း မိုဂါဒစ်ရှူးရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောခဲ့သည်။ **ဆင်ဟွာ**



နိုင်ငံတကာ သတင်းတိုထွာ

## နျူကလီးယားဒုံးကျည်များကို ဖြန့်ကြက်နေကြောင်း မြောက်ကိုရီးယားပြောကြား

ပြုံယမ်း ဖေဖော်ဝါရီ ၂၄

မြောက်ကိုရီးယား အာဏာရပါတီမှ ထုတ်ဝေသည့် သတင်းစာ၌ မြောက်ကိုရီးယားတပ်မတော်သည် နျူကလီးယားဒုံးကျည်ထိပ်ဖူးနှင့် တိုက်ချင်းပစ်ဒုံးကျည်များကို ဖြန့်ကြက်သွားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ဖော်ပြခဲ့သည်။

ကိုရီးယား အလုပ်သမားပါတီမှ ထုတ်ဝေသည့် ရိုဒေါင်ဆင်မန်သတင်းစာက သောကြာနေ့တွင် ဖော်ပြသည့် အယ်ဒီတာ့အာဘော်၌ ထိုသို့ ရေးသားခဲ့ခြင်းဖြစ်သည်။ သတင်းစာပါအကြောင်းအရာ၌ မြောက်ကိုရီးယားသည် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များ၊ ရေငုပ်သင်္ဘောဖြင့်ပစ်ခွင်းသည့် တိုက်ချင်းပစ်ဒုံးကျည်များနှင့် ဟိုက်ဒရိုဂျင်ဗုံးများကို ပိုင်ဆိုင်ထားကြောင်း ဖော်ပြထားသည်။

ထို့ပြင် မြောက်ကိုရီးယားသည် အမေရိကန်ပြည်ထောင်စုကို ဖြစ်နိုင်ဖွယ်ရှိသည့် နျူကလီးယားတိုက်ခိုက်မှု လုပ်ဆောင်သွားရန်အတွက် လိုအပ်သည်များအားလုံးကို ပြင်ဆင်ထားပြီးဖြစ်ကြောင်းကိုလည်း အခိုင်အမာပြောကြားခဲ့ကြောင်း သတင်းစာတွင် ရေးသားထားသည်။

အယ်ဒီတာ့အာဘော်၌ ရေးသားထားမှုတွင် မြောက်ကိုရီးယားနိုင်ငံကို နျူကလီးယားလက်နက်လျှော့ချသွားရန် အလိုရှိနေခြင်းသည် သမုဒ္ဒရာရေခန်းခြောက်သွားသည်ကို စောင့်ဆိုင်းနေခြင်းထက်ပင်မိုက်မဲကြောင်း ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## ဆီးရီးယားအပစ်အခတ်ရပ်စဲရေး မူကြမ်းရေးဆွဲမှု UNSC ၌ အောင်မြင်မှုမရ

ဂျီနီဗာ ဖေဖော်ဝါရီ ၂၄

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ဆီးရီးယားရှိ ပဋိပက္ခတိုက်ပွဲများ ဖြစ်ပွားနေသည့် အရှေ့ဂူတာ၏ အခြေအနေများနှင့် ပတ်သက်၍ ပြီးခဲ့သည့် ကြာသပတေးနေ့က ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သော်လည်း စစ်ပွဲကြောင့် ထိခိုက်ပျက်စီးနေသည့် နိုင်ငံအတွင်း၌ ရက်သုံးဆယ်ကြာ အပစ်အခတ်ရပ်စဲရေး တောင်းဆိုထားသည့် ဆုံးဖြတ်ချက်မူကြမ်းမှာ သဘောတူညီမှုမရခဲ့ကြောင်း သိရသည်။

အိုင်အက်စ် အစွန်းရောက်စစ်သွေးကြွများကို ရည်ရွယ်လုပ်ဆောင်သည့် စစ်ရေးအရ ထိုးစစ်ဆင်တိုက်ခိုက်မှုများမှအပ ဆီးရီးယားနိုင်ငံတစ်ဝန်းလုံး၌ ဖြစ်ပွားနေသည့် စစ်မက်ဖြစ်ပွားမှုမှန်သမျှကို အကူအညီပေးအဖွဲ့များနှင့် ဆေးဘက်ဆိုင်ရာကယ်ဆယ်ရေးအဖွဲ့များကို ဝင်ရောက်ခွင့်ပြုပေးရန်အတွက် ရက် ၃၀ ကြာရပ်နားရန် တောင်းဆိုထားသည့် ကူဝိတ်နှင့် ဆွီဒင်နိုင်ငံတို့ မူကြမ်းရေးဆွဲထားသော ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီက ထည့်သွင်းစဉ်းစားလျက်ရှိသည်။

လတ်တလောတွင် လုံခြုံရေးကောင်စီ၌ ယင်းဆုံးဖြတ်ချက်မူကြမ်းနှင့် ပတ်သက်၍ သဘောတူညီမှုအဆင့်ကို မရောက်ရှိသေးကြောင်း ရုရှားနိုင်ငံဆိုင်ရာ ကုလသံအမတ် နီဘန်ဇီယာ၏ ပြောကြားချက်အရ သိရသည်။ **ဆင်ဟွာ**

# ငြိမ်းချမ်းမှုတွေနဲ့ ပိုမိုဝေးကွာလာတဲ့ အရပ်

ကလျာမိုးမြင့်



တပ်မတော်ရဲ့ အသေအကျေတိုက်ပွဲတွေ ပိုမိုချဉ်းကပ်လာနေပြီဖြစ်တယ်ဆိုတာ ဆီးရီးယားမြို့တော် ဒမတ်စကတ် အစွန်အဖျားမှာရှိတဲ့ သူပုန်တွေ ထိန်းချုပ်ထားရာ အရှေ့ဂူတာမှာ ဖြစ်ပွားတဲ့ပြင်းထန်တဲ့ လေကြောင်းတိုက်ခိုက်မှုတွေနဲ့ အမြောက်ပစ်ခတ်မှုတွေက သက်သေခံလျက်ရှိပါတယ်။ ဒမတ်စကတ် မြို့အစွန်အဖျား အရှေ့ဂူတာမှာရှိတဲ့ ဟာရက်စတာမြို့မှာ အဓိက ကျတဲ့ စစ်အခြေစိုက်စခန်းတစ်ခုကို အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ အုပ်စုတွေက ထိုးစစ်ဆင်တိုက်ခိုက်မှုတွေ ပြုလုပ်လာချိန်မှာ မကြာသေးမီက ပေါ်ပေါက်လာခဲ့တဲ့ ပဋိပက္ခတွေဟာလည်း လွန်ခဲ့တဲ့နှစ်လ လောက်အကြာမှာ အရှိန်အဟုန်ကြီးမားစွာ တောက်လောင်လာခဲ့ရသလို အဲဒီဧရိယာအတွင်းမှာပဲ စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မှုတွေလည်း ပေါ်ပေါက်လာခဲ့ပါတယ်။

ဒီလိုအချိန်မှာ ဖြစ်ပွားနေတဲ့ တိုက်ခိုက်မှုတွေဟာ မြို့တော်ဒမတ်စကတ်ကို သူပုန်အဖွဲ့တွေရဲ့အမြောက်ပစ်ခတ်တိုက်ခိုက်မှုတွေအပြင် အရှေ့ဂူတာမှာ သူပုန်တွေရှိရာနေရာတွေကို ရည်ရွယ်တဲ့ ဆီးရီးယားလေကြောင်းတိုက်ခိုက်မှုတွေနဲ့ နှစ်ဆလောက်ဖြစ်လာခဲ့ပါတယ်။ ဂူတာမှာရှိတဲ့ အယ်လ်ခိုင်ဒါအဖွဲ့နဲ့ ဆက်စပ်နေတဲ့ အုပ်စုတွေ တည်ရှိမှုကို အဆုံးသတ်သွားစေဖို့ ဆီးရီးယားတပ်မတော်က ဂူတာကို တိုက်ခိုက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာချိန်မှာတော့ အခြေအနေတွေဟာ ရက်ပိုင်းအတွင်းမှာပဲ အတော်လေးဆိုးရွားလာခဲ့ပါတယ်။

သူပုန်တွေရဲ့ မော်တာအမြောက်ပစ်ခတ်မှုတွေဟာ ဒမတ်စကတ်မြို့တော်ကို မိုးရွာချလိုက်သည့်အလား ကျဆင်းခဲ့ပြီး ဂူတာအရှေ့ပိုင်းနဲ့ နီးကပ်စွာရှိနေတဲ့ ဒမတ်စကတ်အရှေ့ပိုင်း အိမ်နီးချင်းဒေသတွေအတွင်းမှာ အသက်ရှင်နေထိုင်သူတွေကို ဝရုန်းသုန်းကားဖြစ်စေခဲ့ပါတယ်။ ပြည်သူတွေဟာ အမြောက်ပစ်ခတ်မှုတွေကြားမှာ အသက်ထွက်သွားမှာကို သေလုအောင် ကြောက်ရွံ့ထိတ်လန့်နေခဲ့ကြရပါတယ်။

**အပြစ်မဲ့ ကျောင်းသားကလေးငယ်များ သေဆုံးခဲ့**

ဒမတ်စကတ်မြို့တွင်းမှာရှိတဲ့ ဆေးရုံတွေဟာ ထိခိုက်ဒဏ်ရာရရှိထားတဲ့ လူကြီးတွေ၊ ကလေးတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ ပြီးခဲ့တဲ့အင်္ဂါနေ့က ဒမတ်စကတ်မြို့လယ်ကောင်မှာရှိတဲ့ ကျောင်းတစ်ကျောင်းကို မော်တာအမြောက်ဆန်ထိမှန်ခဲ့ပြီး ကလေးငယ်သုံးဦး သေဆုံးသွားတဲ့နောက်မှာတော့ ဒမတ်စကတ်အရှေ့ပိုင်းမှာနေထိုင်ကြတဲ့ ဒေသခံပြည်သူတွေဟာ ၎င်းတို့ရဲ့ ကလေးတွေကို ကျောင်းကို မလွှတ်ကြတော့ပါဘူး။

ဆုံးရှုံးသွားတဲ့ နယ်နိမိတ်တွေကို ပြန်လည်ရရှိခဲ့တဲ့ မြို့ဟောင်းအပါအဝင် ဒမတ်စကတ်အရှေ့ပိုင်း အိမ်နီးချင်းနယ်မြေတွေဟာ အခုဆိုရင် ချောက်ချားဖွယ်ကောင်းလောက်အောင် ဗလာကျင်းနေပြီး ပတ်ပတ်လည်မှာ လူနာတင်ကားတွေရဲ့ အချက်ပေးဥဩသံတွေကို အဆက်မပြတ် ကြားနေရပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့နှောင်းပိုင်းက ဂူတာအရှေ့ပိုင်း ဆင်ခြေဖုံးတွေမှာရှိနေကြတဲ့ ဆီးရီးယားတပ်မတော်အင်အားစု အမြောက်အမြားဟာ ဂူတာအရှေ့ပိုင်းက သူပုန်တွေ တည်ရှိရာနေရာတွေကို အမြောက်ပစ်ခတ်မှုတွေ၊ လေကြောင်းတိုက်ခိုက်မှုတွေနဲ့ အပြင်းအထန်စတင်ခဲ့ပြီး ဒီအသံတွေကို မြို့တော်ကနေ ပီပီပြင်ပြင်ကြားနေရပါတယ်။

**ဒမတ်စကတ်မြို့တွင်းသို့ ထိုးဖောက်စိမ့်ဝင်လာ**

ဒါပေမယ့် အခြေအနေတွေဟာ သိပ်တော့မလွယ်ကူလှပါဘူး။ အရပ်သားသုံးသိန်းခွဲလောက်က အရှေ့ဂူတာမှာ နေထိုင်ကြဆဲဖြစ်ပြီး ဒီနေရာဟာ သူပုန်တွေရဲ့ထိန်းချုပ်မှုအောက်မှာရှိတဲ့ မြို့နယ်အချို့နဲ့ ကျေးရွာတွေပါဝင်နေတဲ့ ကြီးမားသော အစွန်အဖျားနေရာတစ်ခု ဖြစ်ပါတယ်။ အရှေ့ဂူတာဟာ မြို့တော်ဒမတ်စကတ်အတွက် အကြီးစားခြိမ်းခြောက်မှုတစ်ခုအနေနဲ့ ရှိလာခဲ့တာ တော်တော်လေးကြာမြင့်နေပါပြီ။ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ အုပ်စုတွေဟာ မြို့တော်အတွင်းကို ထိုးဖောက်စိမ့်ဝင်လာဖို့အတွက် တိုက်ခိုက်မှုများစွာကို အခုထိလည်း လုပ်ဆောင်နေကြဆဲပါ။

အစ္စလာမ်တပ်ဖွဲ့၊ ဖိန်လက်အယ်လ်ရာမန်၊ အာရာအယ်လ်ရှမ်နဲ့ လီဗင့်လွတ်လပ်ရေးကော်မတီ (LLC) အဖွဲ့လိုမျိုး အဓိကကျတဲ့ သူပုန်အုပ်စုလေးခုဟာ အရှေ့ဂူတာအတွင်းမှာ နေရာယူထားကြပါတယ်။ ဒီတော့ ဒမတ်စကတ်အရှေ့ပိုင်းကို ခြိမ်းခြောက်လာတဲ့ အန္တရာယ်တွေကို ပြတ်ပြတ်သားသား ချေမှုန်းရှင်းလင်းဖို့ ဆုံးဖြတ်ချက်တစ်ရပ် ပေါ်ထွက်လာခဲ့ပါတယ်။ မြို့တော်ဒမတ်စကတ်ကို မော်တာအမြောက်တွေနဲ့ တိုက်ခိုက်ပစ်ခတ်မှုတွေနဲ့ အရှေ့ဂူတာက သူပုန်ထိန်းချုပ်ဧရိယာတွေကို လေကြောင်းတိုက်ခိုက်မှုတွေဟာ တနင်္ဂနွေနေ့ကစပြီး ပိုမိုအရှိန်မြင့်လာခဲ့ပါတယ်။

**အပြစ်မဲ့အရပ်သားသေဆုံးမှုတွေ များပြားလာ**

ဒမတ်စကတ်မြို့ရဲ့ လမ်းတွေပေါ်မှာရှိတဲ့ ပြည်သူတွေကို မေးမြန်းထားတဲ့ အင်တာဗျူးတွေကို ဆီးရီးယားရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့ပြီး ဒီထဲက အများစုဟာ ဒမတ်စကတ်မှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့ နေ့စဉ်ဘဝကို ခြိမ်းခြောက်နေတဲ့ တိုက်ခိုက်မှုတွေကို မြို့ထဲကနေ ဖယ်ရှားရှင်းလင်းပစ်ဖို့ အရှေ့ဂူတာမှာ ဆီးရီးယားတပ်မတော်ရဲ့ထိုးစစ်ဆင်တိုက်ခိုက်မှုတွေကို အားပေးထောက်ခံနေကြပါတယ်။ အခြားတစ်ဖက်မှာတော့ အတိုက်အခံ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေဟာ အရှေ့ဂူတာမှာ ဖြစ်ပွားနေတာတွေကို ရက်စက်ကြမ်းကြုတ်မှုတစ်ခုလို သတင်းဖော်ပြခဲ့ပြီး ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ လူရာနဲ့ချီသေဆုံးခဲ့ရပြီလို့ အခိုင်အမာဖော်ပြနေကြပါတယ်။

ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ပြီးခဲ့တဲ့လေးရက်အတွင်း အရှေ့ဂူတာကို ပစ်မှတ်ထားတဲ့ လေကြောင်းတိုက်ခိုက်မှုနဲ့ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုပေါင်း ၃၀၀၀ လောက်အထိရှိခဲ့ပြီလို့ ပြောကြားခဲ့ပါတယ်။ ဗြိတိန်အခြေစိုက် လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြီးခဲ့တဲ့ရက်ပိုင်းက အရှေ့ဂူတာမှာဖြစ်ပွားတဲ့ တိုက်ခိုက်မှုတွေကြောင့် လူပေါင်း ၃၁၀ သေဆုံးပြီး ၁၅၅၀ ကျော်ဟာ အမြောက်ပစ်ခတ်မှုတွေကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။ အကျိုးဆက်တွေအနေနဲ့ ဆေးဝါးဌာနတွေနဲ့ ဆေးရုံခြောက်ခုတို့ဟာ ဝန်ဆောင်မှုတွေ ပျောက်ကွယ်ခဲ့ရပြီလို့ အတိုက်အခံထိန်းချုပ်မှုအဖွဲ့က ဆိုပါတယ်။

**ဆေးဝါးအကူအညီများ လုံလောက်မှုမရှိ**

ဒါ့အပြင် နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) ဟာ ဒမတ်စကတ်မှာ အပြင်းအထန် တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီးနောက်မှာ ထိန်းချုပ်ဆောင်ရွက်မှုတွေ လုပ်ဆောင်ပေးဖို့နဲ့ ထိခိုက်ဒဏ်ရာရရှိသူတွေကို အကူအညီပေးဖို့ တောင်းဆိုထားပါတယ်။ တိုက်ပွဲတွေဟာ ဒီရက်တွေထဲမှာ ထိခိုက်ခံစားရတဲ့သူတွေ ပိုများလာစေခဲ့ပြီး ဒဏ်ရာရရှိသူတွေကို ဆေးဝါးကုသမှုပေးဖို့ ကျွန်ုပ်တို့ကြက်ခြေနီအဖွဲ့တွေကို အရှေ့ဂူတာကို ဝင်ရောက်ခွင့်ပြုဖို့ လိုအပ်လာတယ်လို့ ဆီးရီးယားရှိ ကြက်ခြေနီကော်မတီ အကြီးအကဲ မာရီယနနီဂက်ဆာက ဗုဒ္ဓဟူးနေ့မှာထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။

> “အရှေ့ဂူတာမှာရှိတဲ့ ဆေးဝါးကုသမှုဆိုင်ရာ တာဝန်ရှိသူအရေးအတွက်ဟာ ထိခိုက်ဒဏ်ရာရရှိသူအရေးအတွက်ကို မလွှမ်းခြုံနိုင်ဘူး။ အထူးသဖြင့် ဆေးအဖွဲ့တွေကို လက်နက်ထိမှန်ခံရတယ်ဆိုတဲ့ သတင်းတွေရရှိခဲ့ပြီးနောက် အဲဒီဧရိယာမှာ လုံလောက်တဲ့ ဆေးဝါးနဲ့ အထောက်အပံ့တွေ မရှိတော့”

အရှေ့ဂူတာမှာရှိတဲ့ ဆေးဝါးကုသမှုဆိုင်ရာ တာဝန်ရှိသူအရေအတွက်ဟာ ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်ကို မလွှမ်းခြုံနိုင်ဘူး။ အထူးသဖြင့် ဆေးအဖွဲ့တွေကို လက်နက်ထိမှန်ခံရတယ်ဆိုတဲ့ သတင်းတွေ ရရှိခဲ့ပြီးနောက် အဲဒီဧရိယာမှာ လုံလောက်တဲ့ ဆေးဝါးနဲ့ အထောက်အပံ့တွေ မရှိတော့ပါဘူး။ ထိခိုက်ဒဏ်ရာရရှိထားတဲ့ သူတွေဟာလည်း အချိန်မီ ကုသမှုမရရှိတဲ့အတွက် သေအံ့မူးမူးဖြစ်နေကြပါပြီ။ ဂူတာရဲ့ တချို့နေရာတွေမှာဆိုရင် မိသားစုတစ်ခုလုံးအတွက် ဘေးကင်းတဲ့ သွားစရာနေရာတစ်နေရာတောင်မှ မရှိဘူးလို့ ဂက်ဆာက ပြောကြားပါတယ်။ ရှုံးသွပ်သွားစေနိုင်လောက်တဲ့ ဒီအနိဋ္ဌာရုံကြီးဟာ ရပ်တန့်သွားသင့်နေပြီဖြစ်ပြီး အရပ်သားတွေကိုလည်း ပစ်မှတ်မထားသင့်တော့ပါဘူး။

**ဂူတာရက်စ် မေတ္တာရပ်ခံ**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ဟာ အရပ်သားတွေရဲ့ အရှင်လတ်လတ်ငရဲကျနေရတဲ့ဘဝကို ပြန်ရောက်နေတဲ့ အရှေ့ဂူတာမှာဖြစ်ပွားနေသော တိုက်ပွဲတွေ ချက်ချင်းရပ်တန့်သွားစေရေးကို ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ တိုက်တွန်းတောင်းဆိုလာခဲ့ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မိန့်ခွန်းပြောကြားခဲ့ချိန်မှာ ဂူတာရက်စ်က ဒီကိစ္စမှာ ပါဝင်ပတ်သက်နေတဲ့ သူတွေအားလုံးကို ကျွန်ုပ်အနေနဲ့ မေတ္တာရပ်ခံ တောင်းပန်ချင်တာကတော့ အရှေ့ဂူတာမှာ ဖြစ်ပွားနေတဲ့ တိုက်ခိုက်သတ်ဖြတ်မှုအပေါင်းကို ချက်ချင်းရပ်တန့်လိုက်ပြီး အကူအညီလိုအပ်နေတဲ့ သူတွေဆီကို လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ အမြန်ဆုံးပေးအပ်ကြဖို့ပါပဲလို့ အလေးအနက် တိုက်တွန်းခဲ့ပါတယ်။ ။

**ကိုးကား- ဆင်ဟွာ**

အွန်လိုင်းပေါ်မှ သတိပြုစရာ

# မင်္ဂလာပါလူကြီးမင်းနှင့် ဟယ်လိုနောက်ကွယ်က သတိထားစရာ

**ခင်ရတနာ**



ဖုန်းသံမြည်လာတိုင်း သူစိတ်ပျက်ရသည်။ မိသားစုမဟုတ်သည့် အရောင်းမြှင့်တင်ရေးဖုန်းသံများသည် မကြာခဏဆိုသကဲ့သို့ သူ့ထံဖုန်းဆက်ကြသည်။ လက်ကိုင်ဖုန်းကိုင်ထားသော်လည်း ဆက်သွယ်သူမှာ လက်ချိုးရေပြင်ရသည့် သူ့အတွက် အရောင်းမြှင့်တင်ရေးဖုန်းသံများက နားဝင်ဆိုးလျက်ရှိသည်။ "အခုနောက်ပိုင်းမှာ ဖုန်းကနေကုန်ပစ္စည်းရောင်းချတာတွေ အတော်ခေတ်စားလာတယ်၊ ဖုန်းလိုင်းကတ် ရောင်းတယ်၊ ဖုန်းဟန်းဆက်ရောင်းတယ်၊ ဆေးရောင်းတယ်၊ ထီရောင်းတယ်အမျိုးမျိုးပဲ၊ ကျွန်တော်က အလုပ်အကိုင်လည်း မရှိတော့ အခုလို တစ်ချိန်လုံးဆက်နေတာကို မခံစားနိုင်ဘူး၊ အနည်းဆုံး သီတင်းတစ်ပတ်မှာ လေးကြိမ်လောက်လာတယ်"ဟု တပ်ကုန်းမြို့နယ် ရေအေးကျေးရွာက ဒေသခံ ဦးမောင်ဖြူက ပြောသည်။

## လူကြီးမင်း မဲပေါက်ပါတယ်

အရောင်းမြှင့်တင်ရေးဖုန်းများကို သူစိတ်နာရသည့် အကြောင်းတစ်ရပ်လည်းရှိသည်။ မကြာသေးမီရက်ပိုင်းအတွင်းက သူ့ထံသို့ ဖုန်းခေါ်ဆိုမှုတစ်ခု ဝင်ရောက်လာခဲ့သည်။ "လူကြီးမင်းအချိန် သုံးမိနစ်လောက်ပေးနိုင်မလား၊ အရေးကြီးတဲ့အကြောင်းလေးတစ်ခုပြောပြချင်လို့ပါ"ဟူ၍ သူ့ထံခေါ်ဆိုခဲ့ခြင်းကြောင့် ဖုန်းလက်ခံစကားပြောမိခဲ့သည်။ ဖုန်းထဲမှ အမျိုးသမီးသည် သူ့အား ၎င်းတို့လုပ်ငန်းစုမှ အမ်ပီတီဖုန်းလိုင်းနံပါတ်များအား မဲဖောက်ရာတွင် သူ့ဖုန်းနံပါတ်မှာ မဲပေါက်သည့်အတွင်းပါဝင်လာကြောင်း၊ ယင်းအတွက်အလွန်ဝမ်းမြောက်ကြောင်း၊ မဲပေါက်ခြင်းကြောင့် ၎င်းတို့လုပ်ငန်းစုမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသည့် အမျိုးအစားဖုန်းဟန်းဆက်ကို ကာလတန်ဖိုး ပေါက်ဈေး ကျပ်လေးသိန်းခွဲအစား နှစ်သိန်းလေးသောင်းဖြင့် ဝယ်ယူခွင့်ရရှိတော့မည်ဖြစ်ကြောင်း အားရဝမ်းသာပြောပြခဲ့သည်။

"ကျွန်တော့်ဆီကို မကြာမကြာ ကုန်ပစ္စည်းကြော်ငြာတာတွေ ကြုံဖူးပေမယ့် ဒီတစ်ခေါက်ကတော့ ဘယ်လိုဖြစ်တယ်မသိဘူး၊ ကျွန်တော်စိတ်ဝင်စားမိတယ်၊ သူကလည်း ဖုန်းအကြောင်းတွေသေသေချာချာပြောပြတယ်၊ အသေးစိတ်ကိုပြောတာ၊ အဲဒီဖုန်းက ထိုင်ဝမ်ထုတ်ကုန်တဲ့၊ ဈေးကလည်း တစ်ဝက်နီးပါးလျှော့ပေးတာဆိုတော့ စိတ်ဝင်စားပြီး သေသေချာချာမေးကြည့်တာပေါ့၊ လက်ဆောင်အနေနဲ့လည်း ဖုန်းကာဗာတွေရော၊ နားကြပ်တွေရော ပေးမယ်တဲ့၊ အင်တာနက်ကလည်း ဖိုးဂျီအဆင့်ဆိုတော့ ကျွန်တော်က ကြည့်ချင်တယ်လို့ပြောလိုက်မိတယ်၊ သူတို့ကလည်း ကံထူးတဲ့သူဖြစ်တဲ့အတွက် တပ်ကုန်းကိုလာပြီးပြပေးမယ်ပြောတာနဲ့ သွားကြည့်ဖြစ်တယ်"ဟု ဦးမောင်ဖြူက ပြောသည်။

အမှန်တကယ်မှာ ယင်းဖုန်းအမျိုးအစားသည် ကာလတန်ဖိုး ငွေကျပ် တစ်သိန်းအောက်သာ ကျသင့်သည့် ဖုန်းအမျိုးအစားဖြစ်ပြီး လိမ်ညာခြင်းခံရကြောင်း သိရှိပြီးချိန်တွင် ရောင်းချသူ၏ ဖုန်းနံပါတ်ကို ဆက်သွယ်ရာ ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပေ။ ထို့ပြင် ဘောက်ချာစာရွက်တွင် ပါဝင်သည့် ဖုန်းများမှာလည်း တပ်ဆင်ထားခြင်းမရှိသည့် ဖုန်းများနှင့် စက်ပိတ်ထားသည့် ဖုန်းနံပါတ်များသာဖြစ်နေကြောင်း သိရသည်။

ဦးမောင်ဖြူကဲ့သို့ပင် လက်ကိုင်ဖုန်းကိုင်ဆောင်သူ အတော်များများထံ အရောင်းမြှင့်တင်ရေးလုပ်ငန်းများထံမှဟု သိရသည့် ဖုန်းခေါ်ဆိုမှုများ မကြာခဏဆိုသကဲ့သို့ ကြုံနေကြရသည်။ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်သူများလည်း ပါကောင်းပါရှိနိုင်သော်လည်း အများစုမှာ တစ်နပ်စားအကြံဖြင့် စီးပွားရှာကြသူများသာ ဖြစ်သည်ကို သတိပြုမိသည်။

"ဖုန်းဆိုင်အသေးလေးတွေကတော့ အရောင်းမြှင့်တင်တာမျိုး လုပ်လေ့ရှိတယ်လို့သိရတယ်၊ ဟန်းဆက်တွေကို အိမ်တိုင်ရာရောက် လိုက်ရောင်းချပေးတာပေါ့နော်၊ အမှန်အကန်တွေလည်းရှိပါတယ်၊ ဈေးကွက်မြှင့်တင်တဲ့အနေနဲ့ လုပ်တာပါ၊ တစ်နှစ်အတွင်း အခမဲ့ပြုပြင်လည်း ပေးပါတယ်၊ နယ်မှာဆိုတော့ တကူးတက ဖုန်းပြင်တာမျိုး၊ ဖုန်းထဲကို သီချင်းလိုမျိုး၊ ဆောဖ့်ဝဲလိုမျိုး ထည့်တာဆိုရင် ရွာတွေကိုဆင်းပြီး လုပ်ပေးတယ်၊ ဒါပေမယ့် သတ်မှတ်ဈေးထက် ခရီးစရိတ်နည်းနည်းပိုတင်တာမျိုး လုပ်ပါတယ်၊ ဒါပေမယ့် ကိုယ့်ဇာတိရပ်ရွာ၊ ကိုယ့်မြို့က မဟုတ်ဘဲနဲ့ အရောင်းမြှင့်တင်တာမျိုးတော့ မယုံကြည်ရဘူးလို့ထင်ပါတယ်"ဟု နေပြည်တော်ရှိ ဂျေအန်တီမိုဘိုင်းဖုန်းဆိုင်က ကိုမျိုးက ပြောသည်။

## အွန်လိုင်းရှယ်ယာလိမ်

လက်ကိုင်ဖုန်းကိုင်ဆောင်ထားသူသည် နိုင်ငံ့လူဦးရေ၏ ထက်ဝက်နီးပါးမျှဖြစ်လာခဲ့သည်။ လက်ကိုင်ဖုန်းတစ်လုံးသည် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာပေးနိုင်သည်။ အင်တာနက်မှတစ်ဆင့် များပြားလှသည့် အလုပ်အကိုင်များကို ရှာဖွေနိုင်သကဲ့သို့ အွန်လိုင်းမှ ဈေးဝယ်ခြင်းသည်လည်း အလွန်ခေတ်စားလာခဲ့သည်။ နိုင်ငံတော်မှ မည်သို့ပင် သတိပေးတားမြစ်နေသော်လည်း အွန်လိုင်းမှတစ်ဆင့် ငွေကြေးအစုရှယ်ယာထည့်ဝင်ခြင်းများ ယနေ့ထက်တိုင် ခေတ်စားနေဆဲပင် ဖြစ်သည်။

"ယုံကြည်ရလားဆိုတာ သေသေချာချာ စဉ်းစားကြည့်သင့်တယ်၊ ကိုယ်တိုင်အလုပ်တစ်ခုထလုပ်မယ်ဆိုရင်တောင် တစ်လကို ၂၀ ရာခိုင်နှုန်းမြတ်ဖို့ဆိုတာ လွယ်တဲ့ အလုပ်မဟုတ်ဘူး၊ အွန်လိုင်းဈေးရောင်းတယ်ဆိုတာလည်း အောင်မြင်ဖို့ဆိုတာ အချိန်ရော၊ ဆန်းသစ်တီထွင်နိုင်မှု၊ ကုန်ပစ္စည်းအရည်အသွေးတွေကြောင့် လုပ်တဲ့လူတိုင်း မအောင်မြင်နိုင်ဘူး၊ အခုနောက်ပိုင်းမှာ ပြဿနာတက်ကြတဲ့ လုပ်ငန်းစုတွေရှိတယ်၊ ရှယ်ယာရှင်တွေ အများစုက လူသိလည်း မခံချင်ကြတော့ ဘာမှမပြောကြတာ၊ တကယ်တမ်းက သိန်းထောင်နဲ့ချီပြီး လိမ်ညာတာပဲ"ဟု အွန်လိုင်းတွင် အစုရှယ်ယာများခေါ်ယူခြင်းကို ကန့်ကွက်နေသည့် ဘလော့ဂ်ါ ကိုမြတ်လျှောက ပြောကြားသည်။

ထည့်ဝင်ထားသည့် ငွေကြေးများကို ငါးလခန့် အတိုးမှန်မှန်ရရှိခဲ့ပြီး ခြောက်လမြောက်အချိန်မှစတင်၍ ကိုးလနီးပါးကြာသည်အထိ အတိုး၊ အရင်းတစ်ပြားမျှ ရရှိခြင်းမရှိသော်လည်း မိမိအလိမ်ခံရသည်ကို မိသားစုဝင်များ သိရှိမည်စိုးသဖြင့် နှုတ်ဆိတ်၍နေခဲ့ကြောင်း မသော်တာအေးကလည်း ပြောပြသည်။

"အွန်လိုင်းကနေ ကုန်စည်တွေရောင်းတယ်၊ အလှပြင်ဆိုင်တွေလည်း ဖွင့်ထားတယ်၊ အိမ်ခြံမြေရောင်းဝယ်ရေးလည်းလုပ်တယ်၊ ကျောက်မျက်လုပ်ငန်းလည်း လုပ်တယ်တဲ့၊ အဲဒီအတွက် ယုံကြည်မိတယ်၊ အမှန်က အခုထိ အမြတ်လည်းမရဘူး၊ အရင်းပြန်ရဖို့လည်း စောင့်နေရသေးတယ်"ဟု အွန်လိုင်းမှ အစုရှယ်ယာ ထည့်ဝင်ထားသူ တစ်ဦးကလည်း ပြောကြားသည်။

## အလုပ်အကိုင်မှာလည်း အလိမ်အညာ

ထို့အတူ အလုပ်အကိုင်အခွင့်အလမ်းပေးမည် ဆိုခြင်းကြောင့် ယုံကြည်မိပြီး ရန်ကုန်သို့ရောက်ရှိလာခဲ့သော်လည်း ခေါ်ဆိုထားသည့် အလုပ်အကိုင်နှင့် မသက်ဆိုင်သည့် ခေါ်ဆိုစဉ်က ပေးအပ်မည်ဟု ပြောဆိုထားသည့် လုပ်ခလစာထက် နည်းပါးသည့် အလုပ်ကို ပေးအပ်ခဲ့ခြင်းကြောင့် အိမ်ပြန်ခဲ့ရသူများလည်း ရှိနေကြောင်း သိရသည်။

"ခေါ်တုန်းက စားသောက်ဆိုင်မှာ အချက်အပြုတ်အကူ၊ စားပွဲထိုးရာထူးဆိုပြီး နှစ်နေရာခေါ်တော့ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း အလုပ်လာလျှောက်တယ်။ တကယ်တမ်း အလုပ်ပေးတာက သောက်ရေသန့်ပို့ရတာ၊ ခေါ်တုန်းက တစ်လကို တစ်သိန်းခွဲပေးမယ်ပြောတာ၊ တကယ်တမ်းရန်ကုန်ရောက်ပြီး အလုပ်လုပ်မယ်လည်းဆိုရော တစ်လကို ရှစ်သောင်းပဲ ပေးတော့တယ်၊ လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်ကနေ လျှောက်တာပါ၊ အခုတော့ အဆင်မပြေလို့ ပြန်လာခဲ့ပါပြီ"ဟု ရန်ကုန်တွင် အလုပ်လာရောက်လုပ်ကိုင်သူ တစ်ဦးကလည်း သူ့အတွေ့အကြုံကို ပြောသည်။

ထို့ပြင် ဖုန်းဖြင့်ဆက်သွယ်ကာ မိတ်ဆက်စကားပြောရင်း၊ အင်တာနက် ဗီဒီယိုခေါ်ဆိုမှုများမှ စကားပြောကြရင်း မိတ်ဆွေများအဖြစ် ရင်းနှီးအောင်ဖန်တီးကာ ငွေကြေး ချေးယူမှုပြဿနာများလည်း မကြာခဏကြားနေတွေ့နေရသည်။ မကြာသေးမီကပင် အနုပညာရှင်တစ်ဦးဖြစ်သူ၏ မိခင်မှာ ယင်းသို့ ရင်းနှီးအောင် ကြံဆောင်၍ ငွေကြေးလိမ်လည်ခြင်းပြဿနာကို ကြုံတွေ့ခဲ့ရသေးကြောင်း အနုပညာရှင်က သူ့မိခင်ကြုံတွေ့ရပုံကို ဆင်ခြင်သတိပြုနိုင်ရန် လူမှုကွန်ရက်တွင် သတိပေးထားသေးသည်။

## အသိပညာပေးဖို့လိုအပ်နေ

"နယ်တွေမှာ ဖုန်းလိုင်းတွေ ကောင်းလာတာကြောင့် ဖုန်းအသုံးပြုသူဦးရေလည်း တိုးပွားလာပါတယ်၊ ဖုန်းကနေ သို့မဟုတ် အွန်လိုင်းကနေ လိမ်လည်ချင်တဲ့သူတွေကလည်း နယ်က ဖုန်းစသုံးတဲ့၊ အင်တာနက်စသုံးတဲ့သူတွေကို ပစ်မှတ်ထားလာကြတယ်၊ လုပ်ရိုးလုပ်နည်းအဟောင်းတွေကိုသုံးပြီး လိမ်နေတာတောင် ခံရသူတွေ အများကြီး ရှိနေတာကတော့ တော်တော်ကို ဆိုးပါတယ်၊ အခုအချိန်အထိ ထီကံစမ်းတာမျိုး၊ ဟန်းဆက်ရောင်းတာမျိုး၊ ငွေကြေးလိမ်လည်တာမျိုးတွေ ကြုံနေရတယ်ဆိုတာ အသိပညာပေးဖို့ လိုအပ်နေတယ်ဆိုတဲ့ သဘောဖြစ်ပါတယ်၊ အခုနောက်ပိုင်းမှာ ဘဏ်အများစုက ငွေလွှဲတာက ပုံမမှန်တဲ့ ပုံစံမျိုးမြင်ရရင် ကြိုတင်သတိပေးတာမျိုးတွေ လုပ်ပေးတယ်၊ လူလိမ်တွေကလည်း ဘဏ်ကငွေလွှဲတဲ့သဘောမျိုးထက် ဖုန်းဆက်ပြီး အဆင်ပြေရင် အိမ်တိုင်ရာရောက်လာရောင်းချတာ၊ လာလိမ်တာမျိုးတွေဖြစ်လာတယ်၊ သတိထားကြဖို့ လိုသလို၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ဒေသကိုလည်း အသိပညာဖြန့်ဝေပေးဖို့ လိုအပ်ပါတယ်၊ အခုနောက်ပိုင်း အမ်ပီတီဖုန်းပိုင်ရှင်တွေဆီကို အရောင်းမြှင့်တင်တဲ့ ဖုန်းတွေ ခဏခဏလာတယ်၊ ရန်ကုန်ကဖုန်းဆိုရင် မလုပ်ဘူး၊ နယ်တွေမှာတော့ တော်တော်လေး လှုပ်ရှားလာကြတယ်။ ရိုးရိုးအရောင်းဈေးကွက် ရှာဖွေတာဆိုရင်တော့ ပြဿနာမရှိပါဘူး၊ ကံစမ်းမဲပေါက်တယ်တို့၊ ရွှေချယ်ခြင်းခံရတယ်တို့ဆိုရင်တော့ သတိထားဖို့လိုတယ်၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဆင့်ဆင့်ကလည်း ကိုယ့်ဒေသမှာ အဲဒီလိုအခြေအနေ မဖြစ်အောင်ကြိုတင်ပြီး အသိပညာပေးထားဖို့လိုမယ်"ဟု ဆက်သွယ်ရေးအော်ပရေတာတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူ မြို့နယ်အဆင့်တာဝန်ရှိသူတစ်ဦးက ပြောသည်။

## အားလုံးကို သံသယစိတ်ထား

လူတိုင်းနီးပါး ဆက်သွယ်ရေးနည်းပညာနှင့် ရင်းနှီးလာသည့် ကာလအတွင်း ယခုကဲ့သို့ လက်တစ်လုံးခြား လိမ်လည်မှုများနှင့် ကျင့်ဝတ်နှင့်မလျော်ညီသည့် ဈေးကွက် ရှာဖွေမှုများသည် မကြာခဏပင် ထွက်ပေါ်လာနိုင်ကြောင်း ဆက်သွယ်ရေးအော်ပရေတာ တစ်ခုမှ ပြန်ကြားရေးတာဝန်ထမ်းဆောင်သူတစ်ဦးက ပြောသည်။ အများစုသည် မြို့ပြလူတန်းစားထက် ကျေးလက်နေလူတန်းစားများနှင့် ဗဟုသုတအားနည်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည့် ဒေသခံများအား ပစ်မှတ်ထားကာ ဆေးဝါးများမိတ်ဆက်ရောင်းချခြင်း၊ ပစ္စည်းများ ရောင်းချခြင်းများ ပြုလုပ်လာကြသည်ကို ကြိုတင်သိရှိထားနိုင်မှသာ ကာကွယ်မှုပြုနိုင်မည်ဖြစ်ပါသည်။

"အွန်လိုင်းကနေ ပစ္စည်းဝယ်တဲ့နေရာမှာလည်း တရားဝင်ခွင့်ပြုချက်ရထားတဲ့ အွန်လိုင်းရှော့ပင်းတွေကိုသာ ယုံကြည်စိတ်ချသင့်ပါတယ်၊ ဖြစ်ပေါ်လာတဲ့ အကျိုးဆက်က တရားဥပဒေနည်းလမ်းကျကျ ရှင်းလင်းရမယ်ဆိုရင် ကိုယ့်ဘက်က လုံခြုံစိတ်ချရတယ်၊ အခုနောက်ပိုင်းမှာ စိန်၊ ရွှေ၊ ငွေ၊ တိုက်၊ ခြံ၊ ကား အားလုံးကို အွန်လိုင်းမှာတင် ရောင်းကြဝယ်ကြတယ်၊ ဒါပေမယ့် သေသေချာချာ လေ့လာစုံစမ်းပြီးမှ ဝယ်သင့်ပြီး အားလုံးကို သံသယစိတ်ထားပြီး စိစစ်ပြီး ဝေဖန်ဆုံးဖြတ်သင့်တယ်" ဟု အော်ပရေတာတစ်ခုမှ ပြန်ကြားရေးနှင့် ဆက်ဆံရေးတာဝန်ယူထားသူတစ်ဦးက ပြောသည်။

ဖုန်းမြည်သံများကြားလျှင် ဦးမောင်ဖြူ အတော်လေးဖြေတတ်နေပြီဖြစ်သည်။ "ကျွန်တော်အဆင်မပြေသေးဘူး"ဟု ဖြေတတ်ခဲ့ပြီး "ဆက်လွန်လာပြီး လိမ်တဲ့အထိ ဖြစ်လာရင်တော့ ဒီတစ်ခေါက်ဆိုရင် ကျွန်တော်က အသံဖမ်းထားမယ်၊ ပြီးရင် သူတို့ဖုန်းနံပါတ်တွေနဲ့ အချက်အလက်တွေနဲ့ ရဲကိုတိုင်ဖို့ စိတ်ကူးထားတယ်" ဟု ဦးမောင်ဖြူက စိတ်နာနာဖြင့် ပြောသည်။ ။

**'လုပ်ရိုးလုပ်နည်းအဟောင်းတွေကိုသုံးပြီး လိမ်နေတာတောင် ခံရသူတွေအများကြီးရှိနေတာကတော့ တော်တော်ကို ဆိုးပါတယ်။ အခုအချိန်အထိ ထီကံစမ်းတာမျိုး၊ ဟန်းဆက်ရောင်းတာမျိုး၊ ငွေကြေးလိမ်လည်တာမျိုးတွေ ကြုံနေရတယ်ဆိုတာ အသိပညာပေးဖို့ လိုအပ်နေတယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ ဘဏ်အများစုက ငွေလွှဲတာက ပုံမမှန်တဲ့ ပုံစံမျိုးမြင်ရရင် ကြိုတင်သတိပေးတာမျိုးတွေ လုပ်ပေးတယ်။ လူလိမ်တွေကလည်း ဘဏ်ကငွေလွှဲတဲ့ သဘောမျိုးထက် ဖုန်းဆက်ပြီး အဆင်ပြေရင် အိမ်တိုင်ရာရောက်လာရောင်းချတာ၊ လာလိမ်တာမျိုးတွေဖြစ်လာတယ်။ သတိထားကြဖို့ လိုသလို၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ဒေသကိုလည်း အသိပညာဖြန့်ဝေပေးဖို့ လိုအပ်ပါတယ်'**

## သတင်းတိုများ

### လူထုဗဟိုပြုစီမံကိန်းပညာပေးပြခန်းဖွင့်လှစ်ပြသ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်နေသည့် လူထုဗဟိုပြုစီမံကိန်းအကြောင်းကို ပြည်သူများ ပိုမိုသိရှိစေရန် ရည်ရွယ်၍ သက္ကောကျေးရွာ၌ ကျင်းပသည့် (၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားတွင် လူထုဗဟိုပြုစီမံကိန်း ပညာပေးပြခန်းကို ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။ အဆိုပါပြခန်းသို့ ပြည်နယ် ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မင်းလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးလွင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုကြပြီး ပြခန်းတွင် ကျေးရွာနေပြည်သူများအား စီမံကိန်းအကြောင်း အသိပညာဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်လျက် ပြခန်းသို့လာရောက်သည့် ပြည်သူများအား စီမံကိန်းဆိုင်ရာ မေးခွန်းများကို မေးမြန်းကာ ဖြေဆိုနိုင်သူများအား စီမံကိန်းတံဆိပ်ပါ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဗထူး**

### မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျွန်းကုန်းအနောက်စုကျေးရွာအုပ်စု ရွာမကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း ချေးငွေဖြင့် ကျေးရွာနေပြည်သူများက ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၁၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



ရန်ကုန်မြို့ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း၌ အိပ်ရာပေါ်လဲနေသည့် လူနာ ၃၄ ဦးအား ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးမြင့်အောင်က ဘဝနေနည်းနှင့် သေနည်းတရားများထဲမှ သေခါနီးအပါယ်လွတ်ရှုကွက်များကို သွားရောက်တရားဟောပြောပြသစဉ်။ သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များပါဝင်သော ဆောက်လုပ်ရေးအသင်းချုပ် ဖွဲ့စည်းထူထောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

အကွဲကွဲအပြားပြား ဖြစ်နေသော ဆောက်လုပ်ရေးဆိုင်ရာအသင်း အဖွဲ့အစည်းများကို တစ်လုံးတစ်စည်းတည်းဖြစ်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းရှင်များပါဝင်သော မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီကနေ့ အစည်းအဝေးပြုလုပ်ရတဲ့အကြောင်းအရင်းကတော့ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်(Federation of Myanmar Construction Entrepreneurs Associations)ဆိုပြီးတော့ နာမည်အသစ်ဖွဲ့စည်းလိုက်ပြီဖြစ်ပါတယ်၊ အတိုကောက်အားဖြင့် MCEA ဖြစ်ပါတယ်၊ ဒီနာမည်အသစ်က လွန်ခဲ့တဲ့ ရှစ်လလောက်က ပြည်ထဲရေးကိုတင်ပြီးတော့ ပြီးခဲ့တဲ့နှစ်လလောက်က ပြည်ထဲရေးက ပြန်ကျလာတဲ့အတွက် အမည်သစ်ကို ကြေညာလိုက်ခြင်းဖြစ်ပါတယ်၊ ဆောက်လုပ်ရေးနဲ့ပတ်သက်တဲ့ အသင်းအဖွဲ့တွေ အကွဲကွဲအပြားပြားဖြစ်နေမယ့်အစား တစ်မိုးတစ်ရိပ်အောက်မှာ အားလုံးပါဝင်နိုင်ဖို့ အသင်းချုပ်ဆိုပြီး ဖွဲ့စည်းလိုက်ရခြင်း ဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ထူထောင်မှုဟာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေကို အခြေခံပါတယ်၊ ဒီအသင်းချုပ်ကြီးက အများပိုင်ကုမ္ပဏီတစ်ခုအဖြစ်လည်းပြောင်းလဲသွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းရုံး၌ ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်သော အထူးအစည်းအဝေးတွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာအသင်းချုပ်ဥက္ကဋ္ဌ ဦးသာဌေးက ပြောကြားသည်။

အဆိုပါအထူးအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီအဖွဲ့အစည်းများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းကို ၁၉၉၆ ခုနှစ်က စတင်ဖွဲ့စည်းပြီးနောက် အသင်းချုပ်အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ၎င်း



အသင်းကြီးက အိမ်ခြံမြေရောင်းဝယ်ရာတွင် ၃၀ ရာခိုင်နှုန်း အခွန်ထားရာမှ ၅ ရာခိုင်နှုန်းသို့ လျှော့ချပေးနိုင်ရေး၊ စီမံကိန်းချေးငွေများ ချေးယူရာတွင် သုံးနှစ်မှ ၁၀ နှစ်အထိ တိုးပေးရေး၊ ဘဏ်ချေးငွေအတိုးနှုန်းကို ၉ ရာခိုင်နှုန်းအထိ လျှော့ချပေးရေး၊ အိမ်ရာချေးငွေကို ၁၅ နှစ်မှ နှစ် ၂၀ အထိ တိုးပေးရေး၊ တည်ဆောက်ရေးခွင့်ပြုမိန့်များ အမြန်ချပေးနိုင်ရေးစသော အချက်များကို တင်ပြတောင်းဆိုထားရာ ၉၀ ရာခိုင်နှုန်း အောင်မြင်နေပြီဖြစ်ကြောင်း ဦးသာဌေးက ပြောသည်။

အဆိုပါအထူးအစည်းအဝေးတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၏ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းကို အထွေထွေအတွင်းရေးမှူး ဦးတင်မောင်နိုင်က တင်သွင်းခြင်း၊ တက်ရောက်လာသောအသင်းသားများက ဆွေးနွေးခြင်းနှင့် ဆွေးနွေးပြီးရလဒ်များကို အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

## ပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ မှုခင်းအသိပညာပေးယာဉ်ဖြင့် အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းရှိ စည်ပင်ကုန်သေတ္တာတင်ယာဉ်ရပ်နားစခန်းတွင် ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်သိန်း ဦးစီးသောတပ်ဖွဲ့ဝင်များ၊ အမှတ် - ၅၁ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးကျော်မင်းလွင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ် - ၆ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်များအား အသိပညာပေး ဟောပြောခဲ့ရာ ပြည်သူ ၂၀၀ခန့် လာရောက်လေ့လာခဲ့ကြောင်း သိရသည်။



**(မြန်မာ့အလင်း)**


ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် (ကကယ-၁၃/၂၀/၀၅၁)
ရန်ကုန်တိုင်းအကောင်းဆုံးကျောင်းတွေထဲက
မဟာသရဖူ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် တန်းမြင့်ဘော်ဒါ
SINCE1965
၂၀၁၈-၂၀၁၉
ဦးမျိုးဆန်းမြင့်(သချ်ာ)နှင့်
ဒေါ်ခင်ခင်ဖြူအောင်(မြန်မာစာ)
တို့ ဦးစီးတည်ထောင်သည်။



မူလတန်း၊ အလယ်တန်း၊ အထက်တန်း
- စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်လေ့ကျင့်ပေးခြင်း၊
- စည်းကမ်းကောင်းစေရန် ပြုစုပျိုးထောင်ပေးခြင်း၊
- လိမ္မာယဉ်ကျေးစေရန် သွန်သင်ဆုံးမပေးခြင်း၊
- ထူးချွန်ထက်မြက်စေရန် သင်ကြားပြသပေးခြင်း၊

၈၊ ၉၊ ၁၀ တန်းများအတွက် မတ်လဆန်းစသင်မည်။
facebook မဟာသရဖူကိုယ်ပိုင်အထက်တန်းကျောင်း

အလယ်တန်း၊ အထက်တန်း(ကျောင်းသား/သူ သီးသန့်ဘော်ဒါ)
- လုံခြုံစိတ်ချရပြီးအစစတာဝန်ယူသည့် ဘော်ဒါ
- ပေးရသည့်ငွေကြေးထက် တန်အောင်ပိုပေးသည့် ဘော်ဒါ
- ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ပညာသင်ကြားရသည့် ဘော်ဒါ
- ၅၊ ၆၊ ၇ တန်းများ - (၃၀)သိန်း
- ၈၊ ၉ တန်းများ - (၃၃)သိန်း
- ၁၀ တန်း - (၃၅)သိန်း

ကျောင်းကြီး မေ (၂)ဖွင့်မည်။
(နှစ်ရစ်ခွဲသွင်းနိုင်သည်။ မတ်လဆန်းအဆောင်ဝင်ရမည်။)
စာသင်ခန်းများနှင့်အိပ်ဆောင်များတွင် လေအေးပေးစက်များတပ်ဆင်ထားသည်။
ဒဂုံမြို့သစ် (အရှေ့၊ တောင်၊ မြောက်)၊ သင်္ဃန်းကျွန်း၊ ဒဂုံဆိပ်ကမ်း၊ ဥက္ကလာပ (တောင်၊ မြောက်)၊ ရွှေပေါက်ကံ ကျောင်းကားရှိသည်။ 09452233375 09452233376
၆၅၃/၁၊ မင်းရဲကျော်စွာလမ်း၊ (၅)ရပ်ကွက်၊ အရှေ့/ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။


### ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လပွတ္တာမြို့နယ်တရားမရုံး၌
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၈

ဦးကံဟိန် နှင့် ဦးကျော်ညွန့်
(၎င်း၏အထွေထွေကိုယ်စားလှယ်စာ
ရရှိသူ)ဦးဝင်းချို
**တရားလို** **တရားပြိုင်**

လပွတ္တာမြို့၊ ခနိချောင်းကျေးရွာ၊ သင်္ကန်းကြီးကျေးရွာအုပ်စု၊ လပွတ္တာမြို့ရပ်နေ (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးကံဟိန်(၎င်း၏အထွေထွေကိုယ်စားလှယ်စာ ရရှိသူ) ဦးဝင်းချိုက ဆားကွင်းမြေ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မတ်လ ၁၆ရက် (၁၃၇၉ခုနှစ် တပေါင်းလကွယ် ၁၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ဇင်လင်းသန့်)**
**မြို့နယ်တရားသူကြီး**
**လပွတ္တာမြို့နယ်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/3732, TOYOTA MARK II J2 x110, SLOON (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းစု ၁၂/ဥကတ(နိုင်)၁၈၄၉၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### အများသိစေရန်

ပြင်ဦးလွင်မြို့နေ ကျွန်မ ဒေါ်ဆွေဆွေမြင့် ၁/ဗမန(နိုင်)၀၆၂၈၄၅သည် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်လိုင်စင်အမှတ် (၀၆၅၁)ဖြင့် ရိုးရာနှင့် မျက်မမြင်အကြောပြင်လုပ်ငန်းအား "Sabai Sabai" (စံပယ် စံပယ်) အမည်အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဆွေမြင့် ၁/ဗမန(နိုင်)၀၆၂၈၄၅**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၉၊ မြေကွက်အမှတ် ၁၄၄၊ မြေကွက်တည်နေရာအမှတ် ၁၄၄၊ သခင်ဗဟိန်းလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးမြသောင်း-AE-၂၄၅၂၉၃)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမြသောင်းအပေါ် တရားပြိုင်ထားကာ ဒေါ်စုလတ်မွန် ၁၂/ဗဟန(နိုင်)၀၈၅၇၃၂မှ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပါသဖြင့် တရားမကြီးမှုအမှတ် ၁၂၃/၂၀၁၇၏(၁၂-၇-၂၀၁၇)ရက်စွဲပါ စီရင်ချက်၊ ဇာရီမှုအမှတ် ၁၄၄/၂၀၁၇ ၏နေ့စဉ်မှတ်တမ်းတင်ပြ၍ (တရားရုံး)ဦးမြသောင်း ကိုယ်စား ဘီလစ်ဒေါ်ရွှေရည်ခိုင် ၁၂/သကတ(နိုင်)၁၆၇၃၆၅မှ ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာ၊ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး အနိုင်ဒီကရီရရှိထားသော မြေကွက်ဖြစ်ပြီး ပိုင်ဆိုင်မှုမှန်ကန်ပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာမရှိ အစစအရာရာတာဝန်ယူပါကြောင်း တရားနိုင်ဒေါ်စုလတ်မွန်မှ ကွင်းဆင်းစစ်ဆေးချက် Form တွင် လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ်ဒေါ်ရွှေရည်ခိုင်၏အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



# မြန်မာသဒ္ဒါသင်ကြားရေး (၄၂)

**မောင်ခင်မင် (ဓနုဖြူ)**

"ကဲ... ညည်းတို့နှစ်ယောက် မြန်မာသဒ္ဒါသင်ကြားရေးနှင့်ပတ်သက်ပြီး စကားစလာလို့ ဆွေးနွေးလိုက်ကြတာ တော်တော်များသွားပြီနော်၊ ပြဿနာတွေလည်း ရှင်းတန်သလောက် ရှင်းသွားပြီထင်ပါရဲ့"

"မြန်မာသဒ္ဒါသင်ကြားရေးအကြောင်း ပြောရဆိုရတာ တော်တော်စိတ်ဝင်စားစရာကောင်းပါတယ် ဆရာ၊ ကျွန်တော်တို့ မသဲကွဲတာတွေ၊ သတိမထားမိတာတွေ တော်တော်ရှင်းသွားပါပြီ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်မလည်း တော်တော်သဘောပေါက်သွားပါပြီ"

"ဆရာ့မိတ်ဆွေတစ်ယောက်က ပြောတယ်၊ သူ့သားသမီးတွေ ဆယ်တန်းအောင်တဲ့အထိ အဲဒီမြန်မာသဒ္ဒါစာအုပ်တွေ သင်ရပေမယ့် အဲဒီထဲက ဖွင့်ဆိုချက်တွေ အလွတ်ကျက်ရင်းနဲ့ပဲ တစ်တန်းပြီးတစ်တန်း အောင်သွားတယ်၊ စာတော့ ကောင်းကောင်း မရေးတတ်ဘူးတဲ့၊ သဒ္ဒါစာအုပ်တွေက ကလေးတွေ စာရေးတတ်အောင် အထောက်အကူမပြုဘူးလို့ ထင်တယ်-တဲ့"

"ဟုတ်ကဲ့ပါ၊ အဲဒီလိုပြောစရာဖြစ်နေတာပေါ့"

"နောက်မိတ်ဆွေတစ်ယောက်က နိုင်ငံခြားဘာသာစကားတစ်ခုကို သင်ပေးနေတဲ့ဆရာမ တစ်ယောက်ပဲ၊ သူသင်ပေးနေတဲ့ နိုင်ငံခြားဘာသာစကားရဲ့သဒ္ဒါအကြောင်း ပြောရမယ်ဆိုရင် စနစ်တကျပြောနိုင်ပေမယ့် မြန်မာသဒ္ဒါအကြောင်းကိုတော့ စိတ်ချလက်ချ မပြောပြနိုင်ပါဘူးတဲ့၊ စိတ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် မပြောရဲသလို ဖြစ်နေတယ်တဲ့"

"သြော်... ဟုတ်ကဲ့ပါ"

"အဲဒါကြောင့် ကျောင်းသားတွေအတွက် လက်တွေ့အသုံးချနိုင်မယ့် ခေတ်မီစနစ်ကျတဲ့ မြန်မာသဒ္ဒါတစ်အုပ်ပြုစုဖို့ လိုအပ်နေတာပေါ့ကွယ်၊ ကဲ... ခုပြောလက်စ ဝါကျအကြောင်းပြောပြီးရင်တော့ မြန်မာသဒ္ဒါသင်ကြားရေးကိစ္စတွေ အဆုံးသတ်ကြရအောင်နော်"

"ဟုတ်ကဲ့ပါ"

"မြန်မာသဒ္ဒါစာအုပ်တွေထဲက ဝါကျအကြောင်းတွေကို သိပ်မချဲ့တော့ပါဘူး၊ ကလေးတွေ နားလည်သဘောပေါက်အောင် သာဓကတွေ၊ ဝါကျပုံစံတွေပေးပြီး သင်နိုင်ရင်ကောင်းပါတယ်"

"ကြိုးစားပါ့မယ်ဆရာ"

"ဆရာပြောခဲ့သလိုပဲ ဆရာတို့ဟာ မြန်မာစကားစပြီး ပြောတတ်တဲ့အရွယ်ကတည်းက သဒ္ဒါနည်းမှန်မှန်၊ ဝါကျမှန်မှန် ပြောခဲ့ကြတာမို့ စာရေးရင်လည်း အဲဒီပြောတဲ့အစီအစဉ်အတိုင်းရေးရင် မှားစရာအကြောင်းမရှိပါဘူးကွယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ မြန်မာဝါကျဟာ ကြိယာနဲ့ အဆုံးသတ်ရတဲ့အတွက် ကြိယာနေရာက ပုံသေရှိတယ်လို့ ပြောလို့ရတယ်၊ ရှေ့ပုဒ်တွေကတော့ လွတ်လွတ်လပ်လပ်ရှိတယ်၊ ဘာသာဗေဒပညာရှင်တွေက မြန်မာဝါကျဖွဲ့ပုံအရ မြန်မာစကားကို SOV Language လို့ ခေါ်ကြတယ်ဆိုတာ သိတယ်မဟုတ်လား၊ အရှည်က Subject+Object+ Verb ဆိုတဲ့ အစီအစဉ်နဲ့ ဝါကျဖွဲ့ရတာကို ဆိုလိုတာလေ၊ 'ကြောင်က ခွေးကိုကိုက်တယ်' ဆိုတဲ့ ဝါကျပုံစံမျိုးပေါ့"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် ကြိယာရဲ့နေရာသာ ပုံသေဖြစ်တာ၊ ကျန်တဲ့ပုဒ်တွေက ရှေ့နောက်ပြောင်းလို့ရတာ များတယ်မဟုတ်လား၊ 'ခွေးကို ကြောင်ကိုက်တယ်' လို့လည်း ပြောလို့ရတာ-ကြည့်လေ၊ အဲ... 'ကိုက်တယ်ခွေးကိုကြောင်က' လို့ ပြောရင်တော့ လက်ခံနိုင်တဲ့ အစီအစဉ်မဟုတ်ဘူးပေါ့"

"ဟုတ်ပါတယ်ဆရာ"

"ကလေးတွေ ဝါကျမှန်မှန်ဖွဲ့တတ်အောင် သင်ပေးနေတာဆိုတော့ မင်းတို့သတိပြုရမယ့်အချက်က ဝါကျထဲက ကြိယာတစ်ခုထက်ပိုပြီးပါရင် ဘယ်ပုဒ်နဲ့၊ ဘယ်ကြိယာနဲ့ နီးနီးကပ်ကပ်ထားရမယ်ဆိုတာ သေသေချာချာသင်ပေးဖို့ပဲ၊ ဆရာကတော့ ဆိုင်ရာပုဒ်ချင်း အတတ်နိုင်ဆုံး နီးနီးကပ်ကပ်ထားလို့ ဥပဒေသ ထုတ်ပြတယ်"

"ဘယ်လိုပါလဲ ဆရာ၊ သာဓက ကလေးပြောပြပါ"

"ခုတလော ကြားနေရတဲ့ 'မော်တော်ယာဉ်များ စာမေးပွဲဖြေနေသည့်အတွက် ဖြည်းဖြည်းမောင်းနှင်ကြပါရန်' ဆိုတဲ့ ဝါကျမျိုးကို ကြည့်လေ၊ 'မော်တော်ယာဉ်များ' ဆိုတဲ့ပုဒ်ကို သူနဲ့ဆိုင်တဲ့ 'ဖြည်းဖြည်းမောင်းနှင်ကြပါရန်' ဆိုတဲ့ ကြိယာပုဒ်နဲ့ ကပ်မထားဘဲ မဆီမဆိုင် 'စာမေးပွဲဖြေနေသည့်အတွက်' ဆိုတဲ့ ပုဒ်နဲ့ကပ်ထားတော့ ရယ်စရာဖြစ်တာပေါ့၊ ဝါကျအထားအသိုလည်း မပြေပြစ်ဘူးပေါ့"

"ဟုတ်ကဲ့ပါ"

" 'စာမေးပွဲဖြေနေသည့်အတွက် မော်တော်ယာဉ်များ ဖြည်းဖြည်းမောင်းနှင်ကြပါရန်' လို့ ရေးမှအဆင်ပြေမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီဝါကျက ရယ်စရာဖြစ်ရုံလောက်ပဲရှိတယ်၊ တချို့ဝါကျတွေကျတော့ ပုဒ်အထားအသို မရှင်းလင်းလို့ အဓိပ္ပာယ်နှစ်ခွထွက်နေတာမျိုးတွေရှိတယ်၊ ဒါမျိုးတွေ ဆရာပြောဖူးပါတယ်၊ 'ကုန်တိုက်တွင် ပစ္စည်းများ ပျောက်ဆုံးနေသည့်အတွက် မန်နေဂျာကို အရေးယူရန် တိုင်ကြားသည်' ဆိုတဲ့ ဝါကျမျိုးပေါ့၊ တာဝန်ရှိတဲ့ မန်နေဂျာကို အရေးယူပေးဖို့ အထက်ကို တိုင်တာလား၊ ဒီကိစ္စကို အရေးယူပေးဖို့ မန်နေဂျာကို တိုင်တာလား၊ မရှင်းဘူးလေ၊ နှစ်မျိုးစလုံးဖြစ်နိုင်တာပဲ၊ ဒီတော့ ရှင်းအောင်ရေးဖို့ လိုတာပေါ့"

"ဘယ်လိုရေးရမှာလဲဆရာ"

"ပထမအဓိပ္ပာယ်ကို ဆိုလိုရင် 'မန်နေဂျာကို အရေးယူရန် အထက်ကို တိုင်ကြားသည်' လို့ ၊ 'အထက်သို့' ဆိုတဲ့ စကားကလေးဖြည့်ရေးရင် ဒါမှမဟုတ် 'သက်ဆိုင်ရာသို့' ဆိုတဲ့ စကားကလေးဖြည့်ရေးရင် အဓိပ္ပာယ်နှစ်ခွ မထွက်တော့ဘူးပေါ့"

"ဟုတ်ကဲ့၊ ဒုတိယအဓိပ္ပာယ်ဆိုရင်ကော ဆရာ"

"ဒုတိယအဓိပ္ပာယ်ဆိုရင်တော့ 'အရေးယူရန် မန်နေဂျာကို တိုင်ကြားသည်' လို့ရေးရမှာပေါ့၊ ဒါကြောင့် အဓိပ္ပာယ်အရ ဘယ်ပုဒ်နဲ့ ဘယ်ပုဒ် ဆက်စပ်သလဲ၊ ဘယ်ပုဒ်က ဘယ်ပုဒ်နဲ့ ဆိုင်သလဲဆိုတာ စဉ်းစားပြီး သက်ဆိုင်ရာပုဒ်ချင်း အတတ်နိုင်ဆုံး ကပ်ထားဖို့ လိုအပ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"နောက်မြန်မာဝါကျတွေမှာ ပြုလုပ်သူဖြစ်တဲ့ ကတ္တားကိုလည်း မြှုပ်လို့ရတယ်၊ ပြုလုပ်ကြောင်းပြတဲ့ ကြိယာကိုလည်း မြှုပ်လို့ရတယ်၊ အဲဒီလို မြှုပ်ထားပေမယ့် ဖတ်တဲ့သူက အဆက်အစပ်ပေါ်မူတည်ပြီး မြှုပ်ထားတဲ့စကားတွေက ဘာတွေလဲလို့ အလွယ်တကူနားလည်နိုင်ပါတယ်"

"ဘယ်လိုပါလဲ ဆရာ"

"သြော်... 'ဤကိစ္စ အလွန်အရေးကြီးသည်ဟု ထင်မြင်ပါသည်' ဆိုတဲ့ ဝါကျမှာ ထင်မြင်တဲ့သူ၊ အဲ... ကတ္တားပေါ့၊ ဘယ်သူထင်မြင်တယ်ဆိုတာမပါဘူး မဟုတ်လား၊ ဒါပေမယ့် ဖတ်တဲ့သူက ထင်မြင်သူဟာ အဲဒီစာကို ရေးနေတဲ့ သူကိုယ်တိုင်ပဲ၊ 'ကျွန်တော်ထင်မြင်ပါသည်'၊ 'ကျွန်မထင်မြင်ပါသည်' လို့ ဆိုလိုတာပဲဆိုတာ ချက်ချင်းနားလည်ပါတယ်၊ အဲဒီ 'ကျွန်တော်'၊ 'ကျွန်မ' ဆိုတာ ထည့်မရေးလို့ ရတယ်လေ"

"သြော် ဟုတ်ကဲ့ပါ"

" 'ဒါ ကျွန်တော့် ဖေဖေပါ' ဆိုတဲ့ ဝါကျကို ကြည့်ရင် ဘယ်မှာ ကြိယာပါလို့လဲ၊ ဒါပေမယ့် 'ဒါ ကျွန်တော့်ဖေဖေ ဖြစ်ပါတယ်' လို့ ဆိုလိုတယ်ဆိုတာ နားလည်ပါတယ်၊ 'ဖြစ်ပါတယ်' ဆိုတဲ့ ကြိယာကို မြှုပ်ထားလို့ရတယ်လေ"

"ဟုတ်ကဲ့ပါ"

"ဒါကြောင့် ဝါကျတစ်ခုမှာ အနည်းဆုံး ကတ္တားနဲ့ ကြိယာပါတယ်လို့ ယေဘုယျဆိုပေမယ့် အဲဒီကတ္တားရော၊ ကြိယာရော လိုအပ်ရင် မြှုပ်ထားလို့ရတယ်ဆိုတာ ထင်ရှားတဲ့ လက္ခဏာတစ်ခုပဲလေ"

"ဟုတ်ကဲ့ပါ"

"တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပြောတဲ့ အပြောဝါကျတွေကို ကြည့်ရင် အပြည့်အစုံပြောစရာမလိုဘဲ အဆက်အစပ်ကိုထောက်ပြီး ဘာဆိုလိုတယ်ဆိုတာ သိနိုင်ပါတယ်"

"ဘယ်လိုပါလဲ ဆရာ"

"သြော် ... 'ဒါဘယ်သူလဲ' ဆိုတဲ့မေးခွန်းကို ပြန်ဖြေရင် 'ဖြူဖြူ' လို့ ဖြေရုံနဲ့ လုံလောက်တယ်မဟုတ်လား၊ အဲ-အယဉ်ကျေးသဘောနဲ့ 'ဖြူဖြူပါ' လို့ဖြေရင်လည်း ဖြစ်တယ်၊ 'ဒါဖြူဖြူဖြစ်ပါတယ်' လို့ စကားအပြည့်အစုံ မပါမဖြစ်ပါအောင် ထည့်ဖို့မလိုဘူးလေ"

"ဟုတ်ကဲ့ပါ"

" 'ဘယ်ကပြန်လာသလဲ' ဆိုတဲ့မေးခွန်းကို 'ဈေးက၊ ဈေးကပါ' လို့ ဖြေရင်လုံလောက်တယ်၊ 'ဈေးကပြန်လာပါတယ်' လို့ အပြည့်အစုံမဖြေလည်း ဖြစ်တယ်၊ ရှေ့စကားရဲ့ အဆက်အစပ်အရ အဓိပ္ပာယ်ကို နားလည်နိုင်တယ်လေ"

"ဟုတ်ကဲ့ပါ"

"အဆက်အစပ်လို့ဆိုရာမှာ စကားအဆက်အစပ်သာမက ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု အဆက်အစပ်တွေအထိ ကျယ်ကျယ်ပြန့်ပြန့် အကျုံးဝင်ပါတယ်၊ သာဓကတစ်ခုပြောရရင် လမ်းမှာမိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ သူက 'စားပြီးပြီလား' လို့ နှုတ်ဆက်ရင် 'ပြီးပါပြီ' လို့ ပြန်ဖြေတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"သူက ဘာကိုမေးတာလဲ၊ မုန့်စားပြီးပြီလားလို့ မေးတာလား"

"ဟာ ဘယ်ဟုတ်ပါ့မလဲ ဆရာ၊ ထမင်းစားပြီးပြီလားလို့ မေးတာပါ"

"အဲဒါကိုယ့်လူမျိုးရဲ့ဓလေ့ထုံးစံနဲ့ ဆိုင်တယ်မဟုတ်လား၊ ထမင်းစားတဲ့ကိစ္စကို အလေးထားတဲ့အတွက် လောကဝတ်အနေနဲ့ ဒီမေးခွန်းမေးတာပေါ့၊ ထမင်းမဟုတ်ဘဲ မုန့်တို့လို စားစရာကို စားပြီးပြီလားလို့ မေးလေ့မရှိဘူး၊ မေးရင်လည်း 'မုန့်ဟင်းခါးစားပြီး ပြီလား၊ ကော်ဖီသောက်ပြီးပြီလား' စသည်ဖြင့် သီးသန့်အခြေအနေနဲ့ ဆက်စပ်ပြီးမေးတာလေ၊ ရှေ့ကဘာစကားမှမပါဘဲ 'စားပြီးပြီလား' လို့ မေးရင်တော့ 'ထမင်းစားပြီးပြီးလား' လို့ မေးတယ်ဆိုတာ မြန်မာစကားပြောတဲ့ မြန်မာလူမျိုးတိုင်း သိပြီးသားပါ၊ ဝါကျကိစ္စဟာ အဲဒီလောက်ထိ ကျယ်ပြန့်တယ်ဆိုတာ စကားစပ်မိလို့ပြောတာပါ"

"ဟုတ်ကဲ့ပါ စိတ်ဝင်စားဖို့ ကောင်းပါတယ်ဆရာ"

"ကဲ... နိဂုံးချုပ်ရအောင်၊ မြန်မာသဒ္ဒါသင်ကြားတယ်ဆိုတာက မြန်မာစကားရဲ့သဒ္ဒါနည်းစနစ်ကို သိဖို့ရော၊ သဒ္ဒါနည်းနဲ့အညီ လက်တွေ့ရေးသားတတ်ဖို့ရော ရည်ရွယ်တယ်ဆိုတာ အထင်အရှားပါ၊ အခုအခြေခံကျောင်းသားတွေကို သင်တဲ့မြန်မာသဒ္ဒါတွေဟာ သဒ္ဒါနည်းစနစ် ဖွင့်ဆိုချက်ရှင်းလင်းချက်တွေ လေးနေပြီး လက်တွေ့ရေးသားနိုင်အောင် ညွှန်ပြတဲ့အပိုင်းက တော်တော်အားနည်းနေတယ်လို့ အများနားလည်ကြပါတယ်၊ ဒီနေ့ခေတ်မှာ စာသုံးစကားဟန်နဲ့ရော၊ အပြောသုံးစကားဟန်နဲ့ရော တွင်တွင်ကျယ်ကျယ် ရေးနေကြတာမို့ ဒီနေ့သင်ကြားနေတဲ့ မြန်မာသဒ္ဒါဟာလည်း လိုအပ်ချက်နဲ့အညီ စာသုံးစကားရော၊ အပြောသုံးစကားရော ကျွမ်းကျွမ်းကျင်ကျင်ရေးတတ်အောင် လမ်းပြပေးနိုင်တဲ့ သဒ္ဒါမျိုးဖြစ်မှ ကျောင်းသားတွေအတွက် လက်တွေ့အသုံးဝင်ပြီး အကျိုးရှိမယ်လို့ ဆရာကတော့ ယူဆပါတယ်၊ ကဲ... သဒ္ဒါသင်ကြားရေးအကြောင်း အဆုံးသတ်ပါပြီ"

"အများကြီး ကျေးဇူးတင်ပါတယ် ဆရာ"

"ခုတလော ကြားနေရတဲ့ 'မော်တော်ယာဉ်များ စာမေးပွဲဖြေနေသည့်အတွက် ဖြည်းဖြည်းမောင်းနှင်ကြပါရန်' ဆိုတဲ့ ဝါကျမျိုးကို ကြည့်လေ၊ 'မော်တော်ယာဉ်များ' ဆိုတဲ့ပုဒ်ကို သူနဲ့ဆိုင်တဲ့ 'ဖြည်းဖြည်းမောင်းနှင်ကြပါရန်' ဆိုတဲ့ ကြိယာပုဒ်နဲ့ ကပ်မထားဘဲ မဆီမဆိုင် 'စာမေးပွဲဖြေနေသည့်အတွက်' ဆိုတဲ့ ပုဒ်နဲ့ကပ်ထားတော့ ရယ်စရာဖြစ်တာပေါ့၊ ဝါကျအထားအသိုလည်း မပြေပြစ်ဘူးပေါ့"

# ဖခင်ဆီမှ သမီးဆီသို့ ရောက်ရှိလာသည့် X ခရိုမိုဇုမ်းကြောင့် သားအိမ်ကင်ဆာဖြစ်ပွားမှုနှုန်း မြင့်တက်စေ

***ကလျာမိုးမြင့်***

အမျိုးသမီးများမှာ သားအိမ်ကင်ဆာဖြစ်ပွားနှုန်းကို မြင့်တက်စေနိုင်တဲ့ မျိုးဗီဇဆိုင်ရာ ပြောင်းလဲခြင်းအသစ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပြီလို့ အမေရိကန်ဆေးပညာရှင်တွေက ယုံကြည်နေကြပြီး အဲဒီဗီဇပြောင်းလဲမှုဟာ ဖခင်ဆီကနေ သမီးဖြစ်သူဆီကို ဖြတ်ကျော်ဝင်ရောက်လာခြင်းဖြစ်တယ်လို့ သိရပါတယ်။

အဲဒီမျိုးဗီဇပြောင်းလဲမှုဟာ X ခရိုမိုဇုမ်းတွေကနေ ဆင်းသက်လာပြီး အမျိုးသမီးတွေ စစ်ဆေးစမ်းသပ်နိုင်တဲ့ တခြားသောထိခိုက်ခံစားမှုဆိုင်ရာ မျိုးဗီဇတွေအပေါ်မှာ မှီခိုခြင်းမရှိဘူးလို့ ဖော်ပြထားပါတယ်။ ကျွမ်းကျင်သူတွေကတော့ ဒီဖော်ထုတ်မှုနဲ့ မျိုးဗီဇလုပ်ဆောင်မှုတွေကို အတည်ပြုနိုင်ဖို့ နောက်ထပ်လေ့လာစမ်းသပ်မှုတွေ လိုအပ်ဦးမှာဖြစ်တယ်လို့ ဆိုထားပါတယ်။

**မိသားစုဖြစ်နိုင်ခြေ**

လတ်တလောမှာ မိသားစုထဲမှာ ကင်ဆာဖြစ်ပွားမှုသမိုင်းကြောင်း အခိုင်အလုံရှိတဲ့ အမျိုးသမီးတွေဟာ ရင်သားကင်ဆာနဲ့ သားအိမ်ကင်ဆာတွေဖြစ်ပွားနိုင်တဲ့ အခွင့်အလမ်းကို ပိုပြီးတိုးပွားလာစေနိုင်တဲ့ BRCA မျိုးရိုးဗီဇကို စစ်ဆေးစမ်းသပ်နိုင်ပါတယ်။

ကမ္ဘာကျော် ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီဟာ BRCA1 ကို ၎င်းရဲ့ မိခင်ထံကနေ လက်ဆင့်ကမ်းရရှိခဲ့တာဖြစ်ပါတယ်။ ဆရာဝန်တွေက ၎င်းမှာ ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေ ၈၇ ရာခိုင်နှုန်းနဲ့ သားအိမ်ကင်ဆာဖြစ်ပွားနိုင်ခြေ ၅၀ ရာခိုင်နှုန်းလောက်ရှိနေတယ်လို့ ကြိုတင်ခန့်မှန်းခဲ့ကြပြီးနောက်မှာ ကြိုတင်ကာကွယ်တားဆီးတဲ့ ခွဲစိတ်မှုကို ခံယူခဲ့ရပါတယ်။

သို့သော်လည်း ဆေးပညာရှင်တွေကတော့ ဖြစ်ခဲလှတဲ့ သားအိမ်ကင်ဆာလို့ ထင်ရတဲ့ အခြားသောကင်ဆာဖြစ်ပွားမှုတွေ ရှိနေနိုင်ပြီး တချို့ကတော့ မိန်းကလေးတွေဟာ ဖခင်ဆီကနေ အမွေဆက်ခံလာတဲ့ X ခရိုမိုဇုမ်းကနေတစ်ဆင့် သားအိမ်ကင်ဆာဖြစ်ပွားရတယ်လို့ ယုံကြည်နေကြပါတယ်။ အမျိုးသားတွေဟာ X ခရိုမိုဇုမ်းတစ်ခုကို သမီးဖြစ်သူတွေဆီကို လက်ဆင့်ကမ်းရောက်ရှိစေပါတယ်။

ဖခင်ဆီကနေ ဆင်းသက်လာတဲ့ မျိုးဗီဇနဲ့ဆက်နွှယ်နေတဲ့ သားအိမ်ကင်ဆာဖြစ်ပွားမှုတွေဟာ မိခင်ဆီကမျိုးဗီဇနဲ့ ဆက်နွှယ်နေသော သားအိမ်ကင်ဆာဖြစ်ပွားမှုတွေထက် ပိုမိုစောစီးတဲ့ အသက်အပိုင်းအခြားမှာ တိုက်ခိုက်လာနိုင်ပြီး ဖခင်နဲ့ သားဖြစ်သူ



တွေထံဆီမှာ ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုနှုန်းမြင့်တက်လာခြင်းနဲ့လည်း ဆက်စပ်မှုရှိနေတယ်လို့ သိရပါတယ်။

**ဘီဘီစီ**

ခ ရီး သွား ဆောင်း ပါး

# မော်လမြိုင်မှသည် ဖားဘောင်ဂူဆီသို့

မောင်မောင်မြင့်ဆွေ

**မော်လမြိုင်မြို့က ထွက်ချိန် နံနက်ခင်းနေရောင်ခြည်က လွှမ်းခြုံနေဆဲ၊ နေခြည်နုနုအောက်တွင် ဝပ်စင်းနေသော ကျေးရွာများ၊ သစ်ပင်တောတန်းများ၊ လယ်ကွင်းဝါဖန့်ဖန့်များကို တွေ့ရသည်။ အချို့နေရာများတွင် နွေစိုက်ခင်းအတွက် ပြင်ဆင်နေမှုများနှင့် စိုက်ပျိုးခင်းများကို လှမ်းမြင်ရသည်။ မွန်ပြည်နယ်က ရာသီဥတုမျှတပြီး စိုက်ပျိုးရေးဖြစ်ထွန်းသည်ဖြစ်ရာ ကြည့်လေတိုင်း စိမ်းလန်းစိုပြည်မှုအတိဖြစ်ပြီး စိတ်လန်းဆန်းမှု၊ စိတ်ကြည်မွေ့မှုဖြစ်ပေါ်စေသည်က အမှန်ပင်။ မော်လမြိုင်-ကျိုက်မရောကားလမ်းအတိုင်း ကျွန်တော်တို့ကားလေးက အရှိန်မှန်မှန်သာ မောင်းနှင်လာခဲ့ရာ ပတ်ဝန်းကျင်မြင်ကွင်းကို စိတ်အေးချမ်းစွာ ကြည့်ရှုလေ့လာခွင့်ရလေသည်။ ကျွန်တော်တို့ ဦးတည်ချက်က ဖားဘောင်ဂူကို လေ့လာရန်ဖြစ်သည်။**

**များပြား**

ကျွန်တော်က မွန်ပြည်နယ်ကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးသည်။ မွန်ပြည်နယ်အတွင်း တန်ခိုးကြီးဘုရားပုထိုးစေတီများ၊ မြို့များ၊ နာမည်ကျော်ကမ်းခြေများသို့ သွားရောက်ခဲ့ဖူးသည်။ မွန်ပြည်နယ်က သဘာဝကပေးထားသော ကမ်းခြေအလှများ၊ သမိုင်းဝင်နေရာများကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသော ပြည်နယ်တစ်ခုအဖြစ် ရောက်ရှိလာသည်။ မော်လမြိုင်-ကျိုက္ခမီ-စက်စဲခရီးစဉ်ကခရီးသွားများ စိတ်ဝင်စားမှုအများဆုံး ဖြစ်ရာ ပွင့်လင်းရာသီတွင် အပန်းဖြေ၊ ဘုရားဖူး၊ ခရီးသွားများ လာရောက်မှုအထူးများပြားကြောင်း သိရသည်။

**လိုဏ်ဂူများ**

မွန်ပြည်နယ်အတွင်း တာဝန်ဖြင့် မကြာခဏရောက်ခဲ့ဖူးသော်လည်း မွန် ပြည်နယ်ရှိ လိုဏ်ဂူများသို့ တစ်ကြိမ်မျှ မလေ့လာဖြစ်၊ မရောက်ဖြစ်ခဲ့၊ ထင်ရှားပြီး ခရီးသွားများသော လိုဏ်ဂူများက ခရီးသွားခရီးစဉ်သစ်များအဖြစ် သတ်မှတ်ပြီး ခရီးသွားလုပ်ငန်းများက ကားများဖြင့်ပြေးဆွဲပေးလျက်ရှိရာ လိုဏ်ဂူများသို့ သွားရောက်လေ့လာရန် နှစ်သက်လာကြသည်။ ယခု မွန်ပြည်နယ်တွင် ခရီးစဉ်သစ်တစ်ခု ဖြစ်လာသည့် ဖားဘောင်လိုဏ်ဂူသို့ ကျွန်တော်တို့ လေ့လာရန်ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

**ဂူအဝင်ဝ**

ဖားဘောင်ဂူမှာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ဝါးပြန့်ကုန်းကျေးရွာ အနီးတည်ရှိရာ ကျေးရွာသားတစ်ဦး၏ အကူအညီဖြင့် ကျွန်တော်တို့သွားရောက်ခဲ့ ကြခြင်းဖြစ်သည်။ ကျွန်တော်တို့ ဖားဘောင်ဂူရှိရာသို့ ရောက်ရှိခဲ့ကြရာ ဂူဝတွင် ထိုင်လျက်ဗုဒ္ဓဆင်းတုတော်များ၊ စေတီငယ်တစ်ဆူနှင့် လိုဏ်ဂူအဝင်ဝတစ်ဖက်တစ်ချက်နံရံတွင်ကျောက်စိုင်၊ ကျောက်မွှာများ ထွက်ရှိနေသည်ကို လှမ်းမြင်ရသည်။



ဓာတ်ပုံ- မောင်ချစ်ကြည်

**အကြီးဆုံး**

ကျွန်တော်တို့ လိုဏ်ဂူအတွင်း မဝင်ရောက်မီ မတ်တတ်ရပ်ခါ အပြင်မှာနေ၍ လေ့လာမိသည်။ ဖားဘောင်ဂူသည် ဖားဘောင်တောင်တွင် တည်ရှိနေခြင်းဖြစ်ပြီး သဘာဝကြိုးဝိုင်းဧရိယာအဖြစ် မွန်ပြည်နယ်သစ်တောဦးစီးဌာနက သတ်မှတ်ထိန်းသိမ်းထားသည့် နယ်မြေဖြစ်သည်။ "လိုဏ်ဂူက မွန်ပြည်နယ်မှာတော့ အကြီးဆုံး ထုံးကျောက်လိုဏ်ဂူပေါ့"ဟု မော်လမြိုင်မြို့သား ကိုဆန်းရှိန်က ပြောပြသည်။

တိတ်ဆိတ်နေသော ဖားဘောင်ဂူ(ဖားဘောင်တောင်) ကိုကြည့်ကာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် သဘာဝထုံးကျောက်လိုဏ်ဂူများရှိကြောင်း၊ ခရုံဂူ၊ စပယ်ဂူနှင့် မယ်ဂရိုဂူတို့မှာလည်း ထုံးကျောက်ဂူများဖြစ်ကြောင်း ကိုဆန်းရှိန်က သူလေ့လာသိရှိထားသည်များကို ပြောပြသဖြင့် ကျွန်တော် မသိရှိ၊ မရောက်ဖူးသေးသော ဂူအမည်များကို သိရသဖြင့် ကျေးဇူးတင်မိသည်။

**မြင်တွေ့ရ**

ကျွန်တော်တို့ ဖားဘောင်ဂူအဝင်ဝသို့ တက်လှမ်းခဲ့ကြရာ အင်္ဂတေဖြင့် လှေကားထစ်များ သေချာစွာပြုလုပ်ထားသည်ကို တွေ့ရသည်။ နီညိုရောင်ဆေးမှုတ်ထားသော လှေကားထစ်ဘယ်ညာတွင် ဗုဒ္ဓဆင်းတုတော်များကို ဖူးတွေ့ရသည်။ ရွှေရောင်ဝင်းပစွာဖြင့် စေတီငယ်တစ်ဆူကိုလည်း လိုဏ်ဂူအဝင်ဝတွင် မြင်တွေ့ရသဖြင့် ထိုင်ကာလက်အုပ်ချီပြီး ဖူးမြော်ကြည်ညိုမိသည်။ စေတီ၏ဌာပနာတော်မှာ မမြင့်သော်လည်း ဖူးတွေ့ရသည်မှာ သပ္ပာယ်စရာကောင်းပေသည်။

**ထားရှိ**

ထိုင်ရာမှထပြီး ဂူအတွင်း ဆက်လက်ဝင်ရောက်ခဲ့ရာ ရှေးဟောင်း ဘုရားစေတီများ၊ ဆင်းတုတော်များကို ဖူးတွေ့ရပြီး လိုဏ်ဂူနံရံများတွင် ထုံးကျောက်အထွတ်များ၊ အမွှာများကို မြင်တွေ့ရသည်။ ထုံးကျောက်ဂူဖြစ်သော်လည်း အနည်းငယ် အေးစိမ့်သလိုခံစားရသည်။ လိုဏ်ဂူအတွင်းနေရာ အချို့တွင် ဘာသာရေးနှင့် သက်ဆိုင်သောအထိမ်းအမှတ်ပစ္စည်းများ၊ ရုပ်တုများကို တွေ့မြင်ရသဖြင့် မေးကြည့်ရာ ဒေသခံများကလာရောက်ကာလိုဏ်ဂူအတွင်း ထားရှိကြခြင်းဖြစ်ကြောင်း သိရသည်။

လိုဏ်ဂူအတွင်း၌ စူးရှသော အနံ့အသက်များရရှိသဖြင့် အတူလိုက်ပါလာသူ ဝါးပြန့်ကုန်းရွာသား ဦးစိန်က "လင်းနို့ချေးအနံ့များဖြစ်ကြောင်း၊ ဂူအတွင်း လင်းနို့အကောင်ပေါင်းများစွာ နေထိုင်ကြောင်း၊ နံနက်နှင့် ညနေအချိန်များတွင် လိုဏ်ဂူအတွင်း အဝင်အထွက်ရှိကြကြောင်း" ပြောပြသည်။ လင်းနို့များ ဝင်ထွက်ပျံသန်းနေမှုကို မတွေ့ရ။ သို့သော် ညနေစောင်းအထိနေလျှင်တော့ တွေ့မြင်နိုင်မည်ဖြစ်သည်။



ဓာတ်ပုံ- မောင်ချစ်ကြည်

**"တိတ်ဆိတ်နေသော ဖားဘောင်ဂူ(ဖားဘောင်တောင်)ကိုကြည့်ကာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် သဘာဝထုံးကျောက်လိုဏ်ဂူများရှိကြောင်း၊ ခရုံဂူ၊ စပယ်ဂူနှင့် မယ်ဂရိုဂူတို့မှာလည်း ထုံးကျောက်ဂူများဖြစ်ကြောင်း ကိုဆန်းရှိန်က သူလေ့လာသိရှိ ထားသည်များကို ပြောပြသဖြင့် ကျွန်တော် မသိရှိ၊ မရောက်ဖူးသေးသော ဂူအမည်များကို သိရသဖြင့် ကျေးဇူးတင်မိ"**

ကျွန်တော်တို့ ဖားဘောင်ဂူအတွင်း လိုက်လံလေ့လာခဲ့ရာ လိုဏ်ဂူအနေအထားမှာ သမိုင်းဝင်ဂူဖြစ်ပြီး သက်တမ်းရင့်ဂူတစ်ဂူဖြစ်ကြောင်း အတူလိုက်ပါလာသူ ကိုဆန်းရှိန်က ပြောပြသည်။ မွန်ပြည်နယ်အတွင်းရှိ ဂူများအနက်အချို့လိုဏ်ဂူများကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ထိန်းသိမ်းထားကြောင်း သိရသည်။ ယခု ဖားဘောင်ဂူအနီးဝန်းကျင်ဧရိယာကို သဘာဝကြိုးဝိုင်းဧရိယာအဖြစ် သတ်မှတ်ထိန်းသိမ်းရေး စီစဉ်နေပြီဖြစ်သည်။

**သေချာ**

ကျွန်တော်တို့ ဖားဘောင်ဂူအတွင်းမှ ပြန်ထွက်လာခဲ့ကြသည်။ ရှေးဟောင်းဗုဒ္ဓ ဆင်းတုများတည်ရှိရာ၊ လင်းနို့များနေထိုင်ကျက်စားရာ ဖားဘောင်ဂူကို ခရီးသွားများ လာရောက်ကြသော်လည်း နည်းပါးနေသေးသည်ကို သတိပြုမိသည်။

လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ပြီး လူသိပိုများအောင်ဆောင်ရွက်နိုင်ပါကရာသီမရွေးခရီးသွားများ လာရောက်မှုများပြားလာမည်မှာ သေချာသည်။ နေရာသစ်၊ ခရီးစဉ်သစ်များကို စိတ်ဝင်စားသော ခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ရာနေရာတစ်ခု ဖြစ်လာမည်ဖြစ်သည်။

မွန်ပြည်နယ်တွင် ကျိုက်ထီးရိုးဘေးမဲ့တော၊ ကေလာသဘေးမဲ့တောများ ထိန်းသိမ်းစောင့်ရှောက်ထားသလို သဘာဝကြိုးဝိုင်းအဖြစ် ဖားဘောင်ဂူ(ဖားဘောင်တောင်)ကိုလည်း သတ်မှတ်ထားရာ ဇီဝမျိုးကွဲများစွာကို လေ့လာလိုသူများလာရောက်ရန်ဆန္ဒပိုမို ပြင်းပြလာအောင် ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ကျွန်တော်တို့ ဖားဘောင်ဂူမှ ပြန်ထွက်လာခဲ့ရာ သဘာဝလက်ဆောင်များ တစ်ပွေ့တစ်ပိုက်ရှိနေသော မွန်ပြည်နယ်တွင် ယခုဖားဘောင် ဂူမှာလည်း ခရီးစဉ်တစ်ခု၊ သဘာဝလက်ဆောင်တစ်ခုအဖြစ် မွန်ပြည်နယ်အလှကို ဖော်ပြထုဆစ်ပေးနိုင်ဦးမည်ဟုတွေးရင်း ......။ ။

# မြတ်မော်တင်စွန်းဘုရားဖူးများ ရေကြောင်းသွားလာမှု များပြား

**ပုသိမ် ဖေဖော်ဝါရီ ၂၄**

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းဒေသ သရဏတောင်ခေါ် မော်တင်စွန်းတောင်အထွတ်ပေါ်ရှိ မဟာမကုဋရုံသိဆံတော်ရှင် ဗုဒ္ဓပူစနိယပွဲတော်ကို တပို့တွဲလပြည့်ကျော် ၁ ရက်မှ တပေါင်းလပြည့်အထိ ရက်ပေါင်း ၃၀ ရက်တိုင် ကျင်းပလျက်ရှိသည်။

မကြာမီ ပွဲတော်ပိတ်ပွဲကျင်းပတော့မည်ဖြစ်ပြီး အဆိုပါ ဘုရားသည် မြန်မာနိုင်ငံအနှံ့ရှိ တန်ခိုးကြီးဘုရားစေတီများထက် ဦးစွာ ပထမတည်ခဲ့သော ဗုဒ္ဓရှင်၏ ဆံတော်စစ်စေတီဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံအနှံ့တောင်ပေါ် မြေပြန့်ဒေသအသီးသီးမှ လူမျိုးဘာသာစုံ သွားရောက်ဖူးမြော်ကြသူများပြားမှုရှိသည်။

အချို့က တောတောင်ခရီးလမ်း မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ရေယာဉ်ခရီးဖြင့်လည်းကောင်း ပုသိမ်ဆိပ်ကမ်းရှုခင်းသာရင်ပြင်မှနေ့စဉ် နံနက်၊ နေ့လယ်၊ ညနေတစ်နေ့သုံးကြိမ် မြတ်မော်တင်အရောက် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

နဂါးမင်းရေချိုတော် သုံးသည့် ရေကန်တော်တန်ခိုးဖြင့် ကုသိုလ်လည်းရ၊ ပင်လယ်ဗဟုသုတလည်း စုံလှမည့် မြတ်မော်တင်စွန်း ဗုဒ္ဓပူဇနိယပွဲသို့ နှစ်စဉ် ဘုရားဖူးအပန်းဖြေလာသူများက ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် ကမ်းရိုးသွားရေယာဉ်များဖြင့် သွားလာစည်ကားနေဆဲဖြစ်ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**



# လားဟူ၊ ‘ဝ’၊ ရှမ်းတိုင်းရင်းသားသွေးချင်းများရဲ့ မော်ဖဒေသဖွံ့ဖြိုးရေး

**မြင့်စိုး(နတလ)**

မက်မန်းမြို့လေးကိုရောက်တုန်းရောက်ခိုက် ဇန်နဝါရီ ၂၄ ရက် ပြန်ခါနီးမနက်ပိုင်းမှာ ဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဖွဲ့စည်းပုံအရ မိမိတို့ နတလရုံး မထားနိုင်သေးသော်ငြား ဟိုးယခင်ကတည်းက ခံယူထားတဲ့အတိုင်း နယ်စပ်မှာရှိတဲ့ ဝန်ထမ်းအားလုံးဟာ မိမိတို့ ဝန်ထမ်းချည်းပါပဲ။ ပညာ၊ ကျန်းမာ၊ လဝက၊ လမ်းဦးစီး၊ ထွေအုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရားရေး၊ ဥပဒေ အစရှိသည်ဖြင့် စုံစုံညီညီတွေ့ဆုံခွင့်ရခဲ့ပါတယ်။ အခုအခါ ဝေးလံခေါင်ဖျား ဒေသတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပေမယ့်လည်း လမ်းပန်းဆက်သွယ်ရေး အခြေအနေကတော့ ရှေးယခင်ကလို ကျိုင်းတုံ-မက်မန်းခရီးဟာ ရက်သတ္တနှစ်ပတ် သုံးပတ်လောက် မကြာတော့ပါဘူး၊ နေ့ချင်းပေါက်နေပါပြီ။ ကျိုင်းတုံ-မိုင်းပျဉ်းကတ္တရာလမ်းကို ကားမောင်းပြီးသွားခိုက် ၁၉၈၄-၁၉၈၅ ခုနှစ် ကျိုင်းတုံအရှေ့ဘက်ကို စစ်ဆင်ရေးဝင်ဖို့ တီအီး ၁၁ ယာဉ်ကြီးတွေနဲ့ ချီတက်လာကြတုန်း၊ မြေပြိုတဲ့နေရာ ကပြို၊ဗွက်နစ်တဲ့နေရာက နစ်ဖြစ်ခဲ့တာတွေတောင် သတိရမိသေးတော့။ ၁၉၈၈ ခုနှစ် တစ်ခေါက် ထပ်ရောက်တုန်းကလည်း အကောင်းဘက်သို့ မရောက်သေးပါ။

**သွားရလာရ အဆင်ပြေ**

အခုတော့ တောင်ကြီး-နမ့်စန်-ကွန်ဟိန်း- တာကော်-မိုင်းပျဉ်း-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးရဲ့အစိတ်အပိုင်းတစ်ခုဖြစ် နေလို့ လမ်းအဆင့်တွေ မြှင့်ထားတဲ့အပြင်၊ မိုင်းပျဉ်းကနေ မက်မန်းမြို့လေးကို သွားရတဲ့ မိုင် ၇၀ မှာ တောင်တက် တောင်ဆင်းမတ်စောက်တဲ့နေရာတွေကို ကွန်ကရစ်လမ်းခင်းပေးထားတဲ့အတွက် အကွေ့အကောက် လမ်းကြောရှည်ပင် ရှည်ငြားသော်လည်း သွားရလာရအဆင်ပြေတယ်လို့ ပြောနိုင်ပါတယ်။ နေ့ချင်း ပေါက်နေပြီမို့လည်း တစ်ချိန်တုန်းကလို (၁၉၈၉-၁၉၉၀ ပြည့်လွန်နှစ်များ) လစာသွားထုတ်တဲ့သူဟာ တစ်လလောက်ကြာနေတာမျိုး မဖြစ်တော့ပါဘူး။ ဗကပတွေ ချုပ်ငြိမ်းသွားအောင် တိုက်ထုတ်ခဲ့ရတဲ့ အချိန်ကာလက စစ်ဆင်ရေးလမ်း (ကကယာက ဖောက်ပေးခဲ့တဲ့ လမ်း)တွေ၊ ၁၉၈၉ ခုနှစ် နောက်ပိုင်း အစပြုခဲ့တဲ့ နတလလမ်းတွေမှသည် ယခု ဆောက်လုပ်ရေး ဝန်ကြီးဌာနက အဆင့်မြှင့်တင်ဖောက်လုပ်ထားတဲ့လမ်းတွေကြောင့် မက်မန်း(မော်ဖ)ဒေသရဲ့လမ်းပန်းဆက်သွယ်ရေးဟာ အကောင်းကြီး မဟုတ်သည့်တိုင် အဆိုးကြီးလည်းမဟုတ်ပါဘူး။ ကျွန်တော်တောင် မက်မန်းရောက်ခိုက် မက်မန်း-အေးကျန့်-ကန်နလမ်း (၁၄/၀)မိုင်ကို လာမည့်ဘဏ္ဍာနှစ်တွေမှာ အပိုင်းလိုက် အဆင့်မြှင့်တင်ပေးနိုင်ဖို့ ကြိုတင် ကွင်းဆင်း လိုက်လံကြည့်ရှုခဲ့ပါသေးတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုပေးထားတဲ့ နတလလမ်း နမ့်တော်-ရောင်စောင်း-ခိုဟင် မြေလမ်း (၆/၀)မိုင်ကိုတော့ မက်မန်းမြို့ အလာခရီးမှာကတည်းက သွားကြည့်ခဲ့ပြီး လိုအပ်တာတွေမှာကြားညှိနှိုင်း ပေါင်းစပ်ပေးခဲ့ပါတယ်။ တစ်မြို့နယ် တစ်ခရိုင်တည်းနဲ့ ခရိုင်မြို့လေးဖြစ်သွားတဲ့ မက်မန်းခရိုင်ရဲ့ဖွဲ့စည်းပုံအရ ခရိုင်ရုံးတွေ၊ မြို့နယ်ရုံးတွေတိုးချဲ့ဆောက်လုပ်မည့် မြို့အနောက်ဘက်ခြမ်းမှာလည်း နတလက မြေလမ်းတစ်လမ်း ဖောက်လုပ်ပေးမှာဖြစ်ပါတယ်။

**တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေး**

သူတို့နဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၊ လက်ဆောင်တွေပေး၊ အလှူငွေတွေပေးပြီးတဲ့အခါ ကျွန်တော့်ရဲ့ စိတ်ထဲမှာ အလိုလိုပေါ်လာတဲ့ စေ့ဆော်မှုတစ်ခုကြောင့် မေးလိုက်မိတာကတော့ မနှစ်က ၁၀ တန်းအောင်ချက် ဘယ်နှရာခိုင်နှုန်းရှိလဲ၊ ဘယ်နှယောက်အောင်သလဲဆိုတာပါပဲ။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်က လူငယ်သင်တန်းကျောင်းတွေကို ရောက်တိုင်းလည်း သည်လိုမေးခွန်းမျိုးမေးပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေးတိုက်တွန်းအားပေးခဲ့စမြဲပါ။ ဂုဏ်ထူးတွေအများကြီးထွက်လို့ နေပြည်တော်ကို ဆုလာယူကြတဲ့အခါ ဘဘလည်း တစ်ဘာသာကို တစ်သိန်းဆုချမယ်ကွာဆိုပြီး မှာခဲ့စမြဲပါ။ (ဒါနဲ့စကားမစပ် ကျိုင်းတုံလူငယ်သင်တန်းကျောင်းရေ..ကြိုးစားကြဟေ့၊ မင်းတို့နဲ့နေပြည်တော်မှာ ဆုံတွေ့ဖို့ မျှော်လင့်ထားပါတယ်) ဒါ့ကြောင့် မက်မန်း အထကအနေနဲ့လည်း အများကြီးအောင်စေချင်ပါတယ်။ အောင်ချက်ရာနှုန်းတွေ မြင့်လာစေချင်ပါတယ်။ တကယ့်ဆန္ဒပါ။ မက်မန်းဒေသ ပညာရေးအကြောင်းပြောရင်းက အေးကျန့် မူလတန်းလွန်ကျောင်းအုပ်ဆရာ ဦးဝင်းမင်းထွန်းနဲ့ သူ့ဇနီး ဆရာမဒေါ်စုကဒီစီဝင်းတို့ကို သတိရနေပြန်ပါရောလား။ ဆရာမ ဒေါ်စုကဒီစီဝင်းက နယ်ခြားစောင့်တပ် အမကမှာ မူလတန်းပြပါ။ မူလတန်းပြဆိုပေမယ့် B.Ed ဝင်ခွင့်စာမေးပွဲ အောင်ပြီးပြီ။ သူတို့ဇနီးမောင်နှံ နှစ်ယောက်စလုံးအနေနဲ့လည်း မက်မန်းဒေသက ကျောင်းတွေမှာ ဟိုပြောင်း သည်ပြောင်းလုပ်ရင်း ရှစ်နှစ် ကိုးနှစ်လောက် တာဝန်ထမ်းဆောင်ခဲ့ကြပြီးပြီ။ အပြောင်းအရွှေ့လည်း တင်ထားပြီးပါပြီတဲ့။ မက်မန်း- အေးကျန့်-ကန်နလမ်းကိုသွားကြည့်ရင်း သိခဲ့ရတာ။ နေပြည်တော်ရောက်တော့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်ကို ပြန်လည်တင်ပြတဲ့အခါ ဝန်ကြီးကလည်း စေတနာထက်သန်စွာနဲ့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးဆီ ချက်ချင်းဖုန်းဆက်ပေး၊ ကိုယ်ရေးစာနဲ့ရေးပြီးတော့လည်း အကူအညီတောင်းပေးတာကို တွေ့ရတဲ့အခါ ကျွန်တော်လား.. ဘယ်နှယ်ပြောပါလိမ့်၊ ဝမ်းသာပီတိဖြစ်မိတာပေါ့ဗျာ ။ ဒါလည်းပဲ နေရင်းထိုင်ရင်း ကုသိုလ်ရတဲ့အလုပ်ပဲလေဗျာ။ တစ်ဆက်တည်း ပြောရရင် သူတို့နှစ်ယောက်က အညာသူ၊ အညာသားတွေဗျ။ ပုသိမ်ကြီးမြို့နယ်ထဲကို ပြန်လည်ပြောင်းရွှေ့ခွင့်ရဖို့ တင်ပြထားကြောင်း သိရပါတယ်။

**လျှပ်စစ်မီးကိစ္စ**

မက်မန်းမြို့ခရီးစဉ်မှာ နောက်ထပ်တွေးမိတာလေးတစ်ခု။ ဒါကတော့ လျှပ်စစ်မီးကိစ္စပါ။ ကိုယ့်ဘဝနဲ့ယှဉ်ပြီးပြောရရင် ကျွန်တော်ငယ်စဉ်ကလည်း သူငယ်တန်းကနေ ၈ တန်းအထိ ရေနံဆီမီးခွက်နဲ့ စာကြည့်ခဲ့ရတယ်။ ရေနံဆီမှာတောင် အဖြူနဲ့ အနီရှိသေးတယ် ဆိုလားပဲ။ ရွာမှာ ၈ တန်းအောင်ပြီး ၉ တန်း၊ ၁၀ တန်းကို လေးမျက်နှာမြို့က ပရဟိတကျောင်း မှာ သွားနေပြီး သင်ယူခဲ့ရချိန်ကျမှ လျှပ်စစ်မီးနဲ့ စာကြည့်ခဲ့ဖူးတာလေ။ ဒါလည်း ၂၄ နာရီ မရသေးဘူး၊ ဒီဇယ်မီးစက်နဲ့ပေးတာမို့ ညဦးပိုင်း ၆ နာရီကနေ ၉ နာရီလောက်အထိပဲပေါ့။ ကျွန်တော် စစ်တက္ကသိုလ်ကျောင်းဆင်းပြီးတော့လည်း လေးမျက်နှာမြို့လေးမှာ မီးပေးချိန်က ၆-၉ မပြောင်းလဲသေးဘူး (နောင်မှ မြန်အောင်က ဓာတ်ငွေ့သုံး မီးအားပေးစနစ်ရောက်လာ၊ အခုတော့ ၂၄ နာရီ လင်းပြီ )။ ဆိုတော့ကာ မက်မန်းမြို့လေးကို ရောက်တဲ့အချိန်မှာ ၆-၉ နဲ့ ကြုံရတော့ လေးမျက်နှာမြို့လေးရယ်၊ ကျွန်တော့်ဇာတိရွာက ရေနံဆီမီးခွက်လေးရယ်ကိုတောင် လွမ်းမိသေးတယ်ဗျာ။ မေးကြည့်တော့ မက်မန်းလည်း ၆-၉ ဘဝမှာ အတော်ကြာခဲ့ပြီ။ ကျွန်တော့်စိတ်ထင် မြို့သစ်တည်တဲ့ ၁၉၉၁ ခုနှစ်က စတွက်ရင်တောင် နှစ်ပေါင်း ၃၀ ပြည့်ခါနီးပြီပဲ။ ခေတ်ကာလ ပြောင်းလဲခဲ့ပြီမို့ ယခု ဆိုလာမီးတွေ သုံးနေကြပါတယ်။ ကျွန်တော့်ရဲ့ ခရီးစဉ်အပြန်မှာ ဒေသရဲ့လိုအပ်ချက်တွေကို ပြည်ထောင်စုဝန်ကြီးထံ တင်ပြတဲ့အခါ မက်မန်းမြို့နယ်ထဲက ကျေးရွာ ၁၂ ရွာအတွက် ဆိုလာမီး ၃၆၆ စုံ၊ အလားတူ ထိုဒေသက အထက ၊ အလက၊ အလက (ခွဲ)၊ အမက (၃၃)ကျောင်းမှာ လာရောက် တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ၊ ဆရာမများအတွက် ဆိုလာ ၅၈ စုံ၊ မင်းရန်အောင် ကျေးရွာအတွက် ဆိုလာ ၃၂ စုံ ဝန်ကြီးက ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ မကြာခင်ပို့ပေးမှာပါ။ မင်းရန်အောင်ကျေးရွာလေးကတော့ မော်ဖဒေသမှာ ဗကပချုပ်ငြိမ်းသွားမှုအမှတ်တရ သမိုင်းဝင် ရွာလေး တစ်ရွာမို့ တပ်မတော်က လမ်းတွေဖောက်ပေးနေသလို နတလအနေနဲ့လည်း ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာ နှစ်လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်းတည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ မီးကိစ္စပြန်ပြောရရင် မက်မန်းမြို့ရဲ့အနောက်တောင်ဘက် ၄ မိုင်ခန့်အကွာ နမ့်နန်းချောင်းမှာ ရေတံခွန်ငယ်လေးလို ဖြစ်ပေါ်နေတဲ့အတွက် ရေအားလျှပ်စစ် ထုတ်ယူအသုံးပြုနိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြထားကြောင်း သိရှိရပါတယ်။ စနစ်တကျတိုင်းထွာတွက်ချက်ပြီး ရေအားလျှပ်စစ်ရသလောက်ထုတ်ပေးနိုင်မယ်ဆိုရင် မက်မန်းမြို့လေးဟာ ၆-၉ ဘဝကနေ တစ်စိတ်တစ်ဒေသ လွတ်မြောက်သွားနိုင်မလားလို့၊ ဒါလည်းပဲ ကုသိုလ်ဖြစ် စဉ်းစားကြည့်မိတာပါ။






**ထူးခြားတဲ့ဘောလုံးပွဲ**

ရယ်စရာလို့ပဲ ပြောရမလား၊ မပြည့်စုံမှုအတွက် စိတ်မကောင်းစရာလို့ပဲ ဆိုရမလားတော့ မပြောတတ်တော့ပါ။ မက်မန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲလေးတစ်ခုကို ပြီးခဲ့တဲ့လအနည်းငယ်က မက်မန်းမြို့အနီး ကွန်ဟောင်းကျေးရွာမှာ ဘောလုံးပေါင်း အလုံး ၂၀ လောက် ဆောင်ထားပြီးမှ ကျင်းပပေးခဲ့ရတယ်လို့ အုပ်ချုပ်ရေးမှူး ဦးစိုးလင်းက ပြောပြခဲ့ပါတယ်။ ဘောလုံးကများလှချည်လား.. ဘာအတွက် ဆောင်ထားရတာလဲလို့ မေးလိုက်တဲ့အခါ ဘောလုံးကွင်းလုပ်ဖို့ မြေပြန့်မရှိဘူးလေဗျာ..ကန်လိုက်ရင် တောင်အောက်ကိုကျသွားတော့တာပဲ ဆရာရေ၊ အဲ့ဒီဘောလုံးလိုက်ကောက်နေရင် တစ်နေကုန်တောင် ဘောလုံးပွဲက ပြီးမှာမဟုတ်တော့ဘူး ဒါ့ကြောင့် ဘောလုံး အလုံး ၂၀လောက် ဆောင်ထားရတာဗျို့..ဟူသတတ်။ သူပြောလိုက်မှပင် ချင်းပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဦးဟုန်းငိုင်း လက်ထက်ကလည်း ချင်းပြည်နယ်ရဲ့ တချို့မြို့များမှာ ဘောလုံးကွင်းလုပ်ဖို့ မြေကျယ်ကျယ်မရှိတာကြောင့် တောင်ထိပ်မှာပဲ ကန်ကြရကြောင်း၊ ငွေကျပ် ၅၀၀၀ ပေးပြီး ဘောလုံးကောက်ခိုင်းလိုက်လျှင်လည်း နာရီဝက်နှင့် ပြန်တက်မလာနိုင်ကြောင်း၊ သည့်အတွက် ဘောလုံးများများဆောင်ထားရကြောင်း ပြောခဲ့ဖူးတာကို ပြန်လည်အမှတ်ရမိပါတယ်။ မက်မန်းဒေသကတော့ မြေနေရာမရှိသော်ငြား အားကစားကို အလွန်ဝါသနာပါကြတယ်နဲ့တူပါရဲ့။ ကောင်းခေးရွာကို ဖြတ်သွားတုန်း ဘောလုံးကွင်းသစ်တစ်ခုကို မြင်လိုက်ရပြီး လူငယ်လူရွယ် တော်တော်များများ ပျော်ရွှင်စွာ လာရောက်ကစားနေကြတာကို တွေ့ခဲ့ရပါတယ်။

**“ မော်ဖ…သို့ ”**

မက်မန်းမြို့လေးကအပြန်မှာ ညီတော်မောင် အုပ်ချုပ်ရေးမှူး ဦးစိုးလင်းက သူကိုယ်တိုင် ရေးဖွဲ့ထားပြီး ကွန်ဟောင်းကျေးရွာက တရားဟော ဓမ္မဆရာ ဦးလော့လုံနဲ့ လားဟူတိုင်းရင်းသူလေးများ သီဆိုထားကြတဲ့ “ မော်ဖ…သို့ ”လို့ အမည်ရတဲ့ သီချင်းလေးတစ်ပုဒ်ကို လက်ဆောင်ပေးလိုက်ပါတယ်။ အဲ့ဒီအထဲက သီချင်းတစ်ပိုဒ်ကတော့.....

နွေးထွေးတဲ့တိုင်းရင်းသား ××× လားဟူ၊ ‘ဝ’၊ ရှမ်း
စုပေါင်းလို့နေထိုင်တဲ့ တို့ရဲ့ဌာနေပါ×××
တို့ရိုးရာပွဲ ပျော်စရာကွယ်×××
စုံစုံလင်လင် ××× လိုက်ပြပေးမယ်လေ
တို့လားဟူနှစ်သစ်ကူးက ××× ပျော်စရာကွယ်
တူညီဝတ်စုံဝတ်ရင်း အတူတူနွှဲကကြမယ်×××
ဂျင်လည်းပေါက်လို့ရယ် ××× ပန်းလည်းပေါက်ကြမယ်
တို့ရိုးရာသိစေချင်တယ် အရောက်လာခဲ့ကွယ်×××
ဖိတ်ခေါ်ပါတယ် မိတ်ဆွေ ××× အတူတူနွှဲကြမယ်လေ
ပြည်ထောင်စုသား ညီနောင်ဖွားတို့ရယ်×××
‘ဝ’ ရှမ်းမီးထွန်းပွဲလည်း ××× လာလည်ကွယ်
အတူတူမီးတိုင်ထမ်းပြီး ဆီမီးပူဇော်ကြမယ်×××
‘ဝ’ ဆန်ပြုတ်လေးလဲ အတူစားကြမယ်×××

ဆိုပြီး အဓိပ္ပာယ်ရှိရှိ စပ်ဆိုထားတာကို နားဝင်ပီယံဖြစ်စွာ နားထောင်ခွင့်ရလိုက်ပါတယ်။ နားထောင်နေရင်းက ကျွန်တော်လေ…မက်မန်းဒေသကို လှမ်းပြီး လွမ်းနေမိပါရဲ့၊ နောက်တစ်ခေါက် ပြန်ရောက်ခွင့် ကြုံဖို့ဆိုတာက မလွယ်လှဘူးလေ။ ။

**‘ချင်းပြည်နယ်ရဲ့တချို့မြို့များမှာ ဘောလုံးကွင်းလုပ်ဖို့ မြေကျယ်ကျယ်မရှိတာကြောင့် တောင်ထိပ်မှာပဲ ကန်ကြရကြောင်း၊ ငွေကျပ် ၅၀၀၀ ပေးပြီး ဘောလုံးကောက်ခိုင်းလိုက်လျှင်လည်း နာရီဝက်နှင့် ပြန်တက်မလာနိုင်ကြောင်း၊ သည့်အတွက် ဘောလုံးများများဆောင်ထားရကြောင်း ပြောခဲ့ဖူးတာကို ပြန်လည်အမှတ်ရမိပါတယ်။ မက်မန်းဒေသကတော့ မြေနေရာမရှိသော်ငြား အားကစားကို အလွန်ဝါသနာပါကြတယ်နဲ့တူပါရဲ့။ ကောင်းခေးရွာကို ဖြတ်သွားတုန်း ဘောလုံးကွင်းသစ်တစ်ခုကို မြင်လိုက်ရပြီး လူငယ်လူရွယ် တော်တော်များများ ပျော်ရွှင်စွာ လာရောက်ကစားနေကြတာကို တွေ့ခဲ့ရပါတယ်။’**

ကျန်း မာ ရေး ပ ညာ ပေး ဆောင်း ပါး

# သွေးတိုးရောဂါ သတိပြုစရာ

**ကြည်လွင်မြင့် (မုံရွာ)**



သွေးတိုးရောဂါသည် အဖြစ်များသော နာတာရှည်ရောဂါမျိုး ဖြစ်သည်။ ဆေးဝါး၊ ခါတ်စာ မမှီဝဲဘဲ ပျောက်ကင်းနိုင်သော ရောဂါမျိုးမဟုတ်ပေ။ သွေးတိုးရောဂါ၏ မူလအစမှာ အဆီစားသုံးမှုများပြားခြင်းကြောင့် နှလုံးမှ ခန္ဓာကိုယ်တစ်ခုလုံးသို့ ပေးပို့သော သွေးလွှတ်ကြောများအတွင်းတွင် အဆီထုတက်ပြီး သွေးကြောကျဉ်းမြောင်းလာရာမှ စ၍ဖြစ်သည်။ ကျဉ်းမြောင်းသောသွေးကြောမှ သွေးပို့ပေးရာတွင် လိုအပ်သောနေရာရောက်ရှိရန် နှလုံးသည် ညှစ်အားပို၍ သုံးရသည်။ ထိုသွေးဖိအား ညှစ်အားကို လက်မောင်းတွင်ပတ်၍ချိန်သော သွေးပေါင်ချိန်ကိရိယာက သွေးတိုးအဖြစ် ညွှန်ပြသည်။

သွေးတိုးရောဂါ၏ နောက်ဆက်တွဲမှာ နှလုံးရောဂါနှင့် အလွန်ကြောက်စရာကောင်းသော လေငန်း၊ လေဖြတ် ရောဂါဖြစ်သည်။ ရောဂါနှစ်ကြာလာသောအခါ ကျောက်ကပ်ကို ပျက်စီးစေနိုင်သည်။ သွေးတိုးရောဂါ ဖြစ်ပွားလာလျှင် သွေးပေါင်ပုံမှန်ချိန်ခြင်း၊ မိမိနှင့်သင့်တော်သော သွေးကျဆေးတစ်မျိုးမျိုးကို ပုံမှန်စားခြင်း ပြုလုပ်သင့်သည်။ အချို့သူများမှာ သွေးတိုးရောဂါဝင်လာခါစမှာ ကြိုတင်သတိရှိပြီး မြန်မာဆေးမြီးတိုနှင့် ပျောက်ကင်းသွားသူများလည်းရှိသည်။

နှလုံးမကောင်းခြင်း၊ ကျောက်ကပ်မကောင်းခြင်း၊ အဆီအအိမ့်အစားများ၍ သွေးကြောများတွင် ပထဝီဓာတ်လွန်ကဲကာ လေးလံထိုင်းမှိုင်းခြင်း၊ ပိတ်ဆို့ခြင်းများကြောင့် သွေးဖိအားတိုးရောဂါ ဖြစ်လာရသည်။ ပထဝီဓာတ်ပိတ်ဆို့ခြင်းကြောင့် လေသွားလမ်းကျဉ်းမြောင်းသဖြင့် ဖိတိုးသောကြောင့် "လေတိုးရောဂါ"ဟုလည်း မြန်မာဆေးဆရာကြီးအချို့က ယူဆကြသည်။

စိတ္တဇဝါယော(ခေါ်) စိတ်ကြောင့်ဖြစ်သောလေဖိအားကြောင့်လည်း သွေးတိုးရောဂါ ဖြစ်နိုင်သည်။ (တစ်နည်း) စိတ်မချမ်းသာလျှင်လည်း သွေးတိုးရောဂါဖြစ်နိုင်သည်။

**ငါးစားခြင်းဖြင့် သွေးတိုးနှင့် လေဖြတ်ရောဂါကာကွယ်နိုင်**

လေဖြတ်ရောဂါမှန်သမျှသည် သွေးတိုးရောဂါအခြေခံမှ စသည်ကို တွေ့ရသည်။ ငါးစားခြင်းဖြင့် သွေးတိုးရောဂါကို ထိန်းနိုင်သည်ဟု ဆိုသည်။ လူတို့ နေ့စဉ်စားသောက်သော အစာအာဟာရများကို အမျိုးအစားခွဲခြားကြည့်သောအခါ (၁) အသီးအရွက်များ၊(၂)တိရစ္ဆာန်အသားများဟူ၍ နှစ်မျိုးနှစ်စားတွေ့ရှိရသည်။ အသားစားသူများ စားသုံးသည့် အသားအမျိုးအစားကို ထပ်မံခွဲခြားကြည့်လျှင် (၁)ကုန်းသတ္တဝါအသားနှင့် (၂) ရေသတ္တဝါအသားများဖြစ်ပြီး ရေသတ္တဝါအသားအဖြစ် ငါးကို အများဆုံး စားသုံးကြသည်ကို တွေ့ရသည်။

ဆေးပညာသဘောအရ ကုန်းသတ္တဝါအသားများသည် ပထဝီဓာတ်လွန်ကဲပြီး ကြေခဲသောအစာများ ဖြစ်သည်။ မီးဖြင့် အချိန်ကြာမြင့်စွာ ချက်ပြုတ်မှသာ စားသုံးနိုင်သည့်အခြေအနေသို့ ရောက်သည်။ အဆီများသောအသားမျိုးဖြစ်လျှင် ပို၍ပင် အချိန်ကြာမြင့်စွာ ချက်ပြုတ်ရသည်။ ချက်ပြုတ်၍ မကြေကျက်သော အစားအစာများကို စားသုံးသဖြင့် အစာအိမ်နှင့် အူမကြီးရောင်သောရောဂါများ ရရှိနိုင်သည်။ ထိုထက်ဆိုးသည်မှာ အဆီဓာတ်များသည် လူ၏သွေးကြောများအတွင်းသို့ ရောက်ရှိကာ သွေးပိုက်လိုင်းများ ကျဉ်းသွားစေနိုင်သည်။ ထိုကျဉ်းနေသော သွေးကြောမှ သွေးများစီးဆင်းစေရန် နှလုံးသည် ပို၍ညှစ်အားပေးရသည်။ ထို့ကြောင့် သွေးတိုးရောဂါဖြစ်လာသည်။ အလုပ်ပိုလုပ်ရသော နှလုံးသည် ကြာရှည်မခံနိုင်၍ နှလုံးရောဂါဖြစ်ပြီး လူ့သက်တမ်းစေ့ မနေရတော့ပေ။

ငါးစားသုံးသူများသည် သက်သတ်လွတ်စားသုံးသူများနည်းတူ နှလုံးတွင် အဆီတက်ခြင်း၊ သွေးကြောများကျဉ်းခြင်း စသည့်ရောဂါများ ဖြစ်ပွားမှုနည်းပါးသည်။ ငါးတွင်ပါဝင်သော အဆီဓာတ်သည် ပထဝီဓာတ်နည်းပါးပြီး အာပေါဓာတ်များခြင်းကြောင့် နှလုံးသွေးကြောများအတွင်း အဆီခဲခြင်း၊ သွေးကြောပိုက်လိုင်းများကျဉ်းမြောင်းခြင်း မဖြစ်စေနိုင်ပေ။

အနောက်တိုင်းဆေးပညာရှင်များကလည်း ငါးတွင်ပါဝင်သောအဆီသည် အိုမီဂါသရီးခေါ် လူကိုအကျိုးပြုသည့် ဖက်တီးအက်စစ်ပါဝင်သည်ဟု သုတေသနပြုထားကြသည်။ ရေချိုငါးများထက် ပင်လယ်ငါးများတွင် လူကိုအကျိုးပြုသောအဆီ ပို၍ပါဝင်သည်ဟု ဆိုကြသည်။ တူနာခေါ် ပင်လယ်ငါးတစ်မျိုး၏ အဆီကို ထုတ်ယူပြီး ငါးကြီးဆီအဖြစ် အားနည်းသောလူနာများကို ပေးလေ့ရှိသည်။ ငါးကြီးဆီသည် နှလုံးသွေးကြောကျဉ်းရောဂါကိုလည်း ဖြစ်ပွားမှုနှုန်းလျော့ကျစေနိုင်သည်ဟု ဆိုသည်။ မြန်မာ့ဆေးကျမ်းများတွင်ကား ပင်လယ်ငါးသည် ဆူ၏။ ကြေခဲ၏။ ချိုဆိမ့်၏။ ပူ၏။ သည်းခြေကို စဉ်းငယ်ပျက်စေတတ်၏။ လေကိုနိုင်၏။ သုက်၊ သလိပ်တို့ကို ပွားစေတတ်၏။ ကျင်ကြီးကို ပွားစေတတ်၏။ (မြစ်ငါးနှင့် ပင်လယ်ငါးတို့ကား အကျိုးအပြစ်တူကြ၏ဟု ဥတုဘောဇနကျမ်းတွင် ဖော်ပြထားသည်)

စာရေးသူသည် မန္တလေးမြို့တောင်ဘက် ပေါက်ချောင်းရွာမှ အသက် ၁၁၅ နှစ်ရှိသော အဘွားမြနှင့် တွေ့ဆုံသောအခါ အကြိုက်ဆုံးအစားအစာမှာ ငါးလေးအိုးကပ်နှင့် ကန်စွန်းရွက်ချဉ်ရည်ဟင်းတို့ဖြစ်ကြောင်း၊ မိမိတို့မျိုးရိုးတွင် လယ်ငါး၊ ချောင်းငါးများကိုသာ အဓိကထားပြီး စားသုံးကြကြောင်း၊ ဝက်သား၊ အမဲသား စားသုံးမှုအလွန်နည်းကြောင်း၊ ငါးစားသုံးခြင်းကြောင့် လေဖြတ်ရောဂါနှင့် မြို့ပေါ်တွင်အဖြစ်များသော သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်း ပြောပြသည်။

ငါးစားသုံးခြင်းကြောင့် ကောင်းသောအဆီများသာ ရနိုင်သည်။ ခြေလေးချောင်းသားများကဲ့သို့ မကောင်းသောအဆီများ သွေးကြောနှင့် နှလုံးသို့ ရောက်ရှိပြီး နှလုံးညှစ်အားမြင့်တက်လာရာမှဖြစ်သော ဦးနှောက်သွေးကြောပေါက်ရောဂါ၊ လေသင်တုန်းဖြတ်ရောဂါ၊ နှလုံး ရုတ်တရက်ရပ်ဆိုင်းသည့် ရောဂါများဘေးမှ ကင်းဝေးစေနိုင်ပါသည်။

**လေပူထရောဂါ နန္ဒင်းမှုန့်နှင့်သက်သာ**

ရှေးဆရာကြီးများက သွေးတိုးကို "လေတိုး" ရောဂါဟုလည်း ပြောကြသည်။ ထိုလေသည် သာမန်လေမဟုတ်ပါ။ လေပူဖြစ်သည်။ လေပူထရောဂါသည် အစာအိမ်မှ အချဉ်ပေါက်ပြီးဖြစ်လာသော ရောဂါဖြစ်သည်။ အစာအိမ်မှ အချဉ်ဓာတ်ပါသော အရည်များသည် လေနှင့်တကွ အထက်သို့ ဆန်တက်လာပြီး ပါးစောင်၊ သွားဖုံး၊ လျှာ၊ အာခေါင်စသည့် နေရာများတွင် လောင်ကာ အပူဖုငယ်များ ထွက်လေ့ရှိသည်။ လျှာတွင် ချိုင့်ခွက်ကဲ့သို့လည်း ထွက်လေ့ရှိသည်။ အလွန်နာပြီး အစားအသောက်အပူအစပ် မစားနိုင်၊ ဒုက္ခတွေ့ရသော အပူနာများဖြစ်သည်။

ကျောင်းသူသမီးငယ်တစ်ဦးသည် စာမေးပွဲနီးသည့် အခါတိုင်း လျှာတွင် အနာစက်များ ပေါက်လေ့ရှိသည်။ ဆရာဝန်ပြသောအခါ Stress Ulcer ခေါ် စိတ်ရှုပ်ထွေးမှု၊ စိတ်ပူပန်မှုကြောင့်ဖြစ်သော အနာဟု အမည်တပ်သည်။ ဇာစ်မြစ်ကို လေ့လာကြည့်သောအခါ စာမေးပွဲနီးလာလျှင် သူသည် အချိန်မှန် ထမင်းမစားဘဲ ထမင်းအစား ကော်ဖီမစ်နှင့် ရယ်ဒီမိတ်ခေါက်ဆွဲခြောက်များ၊ မအိပ်ချင်အောင် အစပ်ထုပ်များ စားရာမှ လျှာအပူကန်ရောဂါရလာခြင်း ဖြစ်ပုံရသည်။

လေပူထရောဂါကြောင့် လူကြီးများတွင် သွေးတိုးခြင်း၊ ခေါင်းပူခြင်း၊ ခေါင်းအုံ၊ ခေါင်းမူးခြင်း၊ မျက်စိမှုန်ပြီးကြည့်မကောင်းခြင်းများ ဖြစ်နိုင်သည်။ လေပူသည် မျက်စိအတွင်းရှိ မှန်ဘီလူးနှင့် မျက်ကြည်လွှာအကြားတွင် အခိုးတက်ရိုက်သောအခါ မျက်စိအတွင်းတိမ်ရောဂါ ဖြစ်တတ်သည်။ ရှေးက လူကြီးများသည် မျက်စိတိမ်စွဲရောဂါမဖြစ်အောင်နှင့် လေပူများအောက်သို့ဆင်းစေရန်အတွက် ညအိပ်ရာဝင်ချိန်တိုင်းတွင် ဒူးမှအောက်ပိုင်းကို ရေအေးခုနစ်ခွက် လောင်းပေးပြီးမှ အိပ်ကြသဖြင့် မျက်စိလည်းကြည့်ကောင်း ခေါင်းပူပြီးမူးခြင်းမှလည်း သက်သာသည်ဟု ဆိုကြသည်။

လေပူရောဂါ၏ မူရင်းအစမှာ အစာအိမ်မှဖြစ်သည်။ အပူ၊ အစပ်၊ အချဉ် အရသာသုံးမျိုးကို ကြိုက်နှစ်သက်၍ အစဉ်အမြဲ စားသုံးလျှင် ဖြစ်စေ၊ ထိုအစာများကို စာသုံးပြီးနောက် ဆန့်ကျင်ဘက်ဖြစ်သော အေးသောရေခဲရေကို သောက်သုံးလျှင်ဖြစ်စေ အစာအိမ်မှ ဝမ်းမီးပျက်ပြီး လေချဉ်ဖြစ်လာသည်။ ထိုလေချဉ်တွင် ဥဏှတေဇောခေါ် အပူဓာတ်သည် လေဝါယောဓာတ်နှင့် ပေါင်းမိပြီး အထက်သို့ အချဉ်ဓာတ်များကို သယ်ဆောင်ပြီး တက်လာသည်။ ပါးစပ်၊ ခံတွင်း၊ လျှာ၊ အာခေါင်ပေါက်မှ၊ မျက်စိ၊ ဦးခေါင်းအတွင်းမှ ငယ်ထိပ် ပေါက်ထိအောင် အပူချိန်တက်သည်ဟု ဆိုသည်။

လေချဉ်၊ လေပူတက်ခြင်းကို ရှေးလူကြီးများက သင်္ဘောသီးနုကို ထန်းလျက်နှင့် စားခြင်းဖြင့်လည်းကောင်း၊ ဖရဲသီးမှည့်ကို သကြားနှင့်ခေါက်စားခြင်းဖြင့် လည်းကောင်း၊ မန်ကျည်းမှည့်အနှစ်ကို ထန်းလျက်နှင့်စိမ်၍ ဆားအနည်းငယ်ခပ်ကာ ညအိပ်ရာဝင်သောက်ခြင်းဖြင့်လည်းကောင်း သက်သာစေသည်ဟု ဆိုသည်။

လေပူထရောဂါ လက်တွေ့ပျောက်ကင်းနည်းကို တိုင်းရင်းဆေးကောင်စီဝင် ဆရာကြီးဦးမာဃက (၁၉၈၄ ခုနှစ် မတ်လထုတ် သိပ္ပံမဂ္ဂဇင်း၌) ရေးသားခဲ့ရာတွင် အိမ်သုံးနန္ဒင်းမှုန့်ရိုးရိုး (နန္ဒင်းခါးမဟုတ်)ကို ချိုအောင် သကြားရော၍ တစ်နေ့လျှင် မန်ကျည်းစေ့ နှစ်စေ့၊ သုံးစေ့ခန့် (အင်အားနှင့် အခြေအနေကိုကြည့်၍)သောက်ပါ။ အစာအိမ်အတွက် ဆရာတို့ လက်တွေ့ဖြစ်ပါသည်။ နန္ဒင်းအပူကို သကြားကပြန်ထိန်းထားသဖြင့် ခံနိုင်ရည်ရှိပါလိမ့်မည်ဟု ရေးသားထားကြောင်း မှတ်သားထားသည်ကို တွေ့ရသည်။

**ဝမ်းချုပ်ခြင်းပြဿနာ**

ဝမ်းချုပ်ခြင်းကြောင့်လည်း သွေးတိုးတက်သည်ကို သတိပြုပါ။ လူကြီးများ၊ အထိုင်များသော အလုပ်လုပ်ရသူများ၊ စားချိန်သောက်ချိန်မမှန်သော အလုပ်လုပ်ရသူများ၊ ခရီးသွားသူများတွင် အခြားကျန်းမာရေးကောင်းမွန်သည့်တိုင် ဝမ်းချုပ်ခြင်းပြဿနာ ကြုံတွေ့ရလေ့ရှိသည်။ ဝမ်းချုပ်ခြင်းကို ဆေးကျမ်းများတွင် ရောဂါဟု သတ်မှတ်မထားသော်လည်း လူတော်တော်များများတွင် ခံစားရသည့် ဝေဒနာဖြစ်သည်။

ယနေ့ ကြော်ငြာရောင်းချနေသော တိုင်းရင်းမြန်မာဆေးအမျိုးမျိုးကို လေ့လာကြည့်သောအခါ ရောဂါအမည်အမျိုးမျိုး တပ်ထားကြသော်လည်း များသောအားဖြင့် ဝမ်းနုတ်ဆေးအမျိုးအစားများသာ ဖြစ်နေသည်ကို တွေ့ရသည်။ ဝယ်ယူသုံးစွဲကြသောအခါ ဝမ်းမှန်မှန်သွားခြင်း၊ လွယ်ကူစွာဝမ်းသွားခြင်း၊ ဝမ်းချုပ်ခြင်းကြောင့်ဖြစ်သော နောက်ဆက်တွဲ အကြောတက်ခြင်း၊ အညောင်းအကိုက်များခြင်းများကိုပါ သက်သာစေသဖြင့် ထိုဆေးများကို ကြော်ငြာသည့်ရောဂါ မပျောက်သည့်တိုင် ဆက်လက်ဝယ်ယူသုံးစွဲနေသည်ကို တွေ့ရပေသည်။ ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲဟူသော ရှေးလူကြီးများစကားကို အချို့က ဝမ်းသွားလျှင် ခေါင်းမကိုက်ဟု ယူဆနေကြသည်။ မူရင်းစကားမှာ ထိုသို့ ရည်ရွယ်ခြင်းမဟုတ်ပေ။ ဝမ်းဗိုက်အတွင်းမှ အစာအိမ်ကောင်းလျှင်၊ အစာကြေကျက်အား သို့မဟုတ် ဝမ်းမီးအားကောင်းလျှင် ခေါင်းခဲစရာ နောက်ဆက်တွဲရောဂါဆိုးများ မဖြစ်နိုင်ဟု ဆိုလိုရင်းဖြစ်သည်။ ဝမ်းမချုပ်လျှင် ခေါင်းမခဲဟု အယူအဆမှားနေကြခြင်း ဖြစ်ပေသည်။

ဝမ်းချုပ်ခြင်း ပြဿနာရှိသူ တော်တော်များများကို လေ့လာကြည့်သောအခါ လမ်းလျှောက်နည်းသူများဖြစ်သည်ကို တွေ့ရပေသည်။ လမ်းမလျှောက်ခြင်းကြောင့် အစာမကြေ၊ လေအောက်သို့မကျ၊ အူလှုပ်ရှားမှုမရှိသဖြင့် ရှေ့ကအစာနှင့် နောက်ကအစာပေါင်း၍ အူမကြီးတွင် ပိတ်ဆို့ကာ စမြင်းကဲ့သို့ဖြစ်ပြီး ဝမ်းချုပ်သွားခြင်း ဖြစ်ရလေသည်။

ဝမ်းနုတ်ဆေးမှန်သမျှသည် အူနံရံလှုပ်ရှားမှုကို ဖြစ်စေပြီး ဝမ်းသွားစေခြင်း၊ အစာဟောင်းများကို အရည်အဖြစ်ပျော်ပြီး ဝမ်းသွားစေခြင်း နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးလုံးသည် ရေရှည်တွင် အူနံရံများမှ သက်စောင့်အချွဲအမြှေးများ ကွာကျစေခြင်း၊ ဝမ်းနှင့်အတူ ပါသွားစေခြင်းကြောင့် အကျိုးထက် အပြစ်ကပိုများလာမည် ဖြစ်သည်။ မြန်မာဝမ်းနုတ်ဆေးတွင် ပွေးကိုင်းနှင့် ကနခိုများများပါလျှင် ပို၍ပင် ဥပဒ်ပေးနိုင်သည်။ ထိုဆေးများသည် ကြာကြာစွဲသုံးလျှင် အူသာမက ကျောက်ကပ်ကိုပင် ပျက်စီးစေနိုင်သည်။ တစ်ခါတစ်ရံသာ သုံးစွဲသင့်သော ဆေးများကို သက်စောင့်ဆေးသဖွယ် နေ့စဉ်စွဲ၍ စားသုံးနေလျှင် တစ်နေ့တွင် ဒုက္ခနှင့်တွေ့ရမည်ကို သတိပြုမိစေလိုသည်။


လမ်းများများလျှောက်ခြင်း၊ ထိုင်ထလေ့ကျင့်ခန်း လုပ်ခြင်း၊လေ့ကားအဆင်းအတက်ပြုလုပ်ခြင်း၊ ရေများများသောက်ခြင်း၊ အိပ်ရာဝင်ချိန်နှင့် အိပ်ရာထချိန်တွင် ရေမတ်ခွက်တစ်ခွက်ခန့် သောက်ခြင်း၊ အသီးအရွက်များများစားခြင်း၊ သင်္ဘောသီးမှည့်၊ ငှက်ပျောသီးမှည့်များကို နေ့စဉ်မှန်မှန် စားသုံးပေးခြင်း၊ ညအိပ်ရာဝင်ချိန်တွင် မန်ကျည်းမှည့်ဖျော်ရည် သောက်ခြင်း၊ နံနက်စောစော အစာမစားမီ နွားနို့အစိမ်းကို ဆားခတ်၍ သောက်ခြင်း၊ အူမကြီးကို အန္တရာယ်မပေးသည့် ဆားခါးနှင့် ရှောက်ရည်သောက်ခြင်းတို့ဖြင့် ဝမ်းမှန်အောင် ပြုလုပ်သင့်ကြောင်း အကြံပြုအပ်ပါသည်။


**သွေးတိုးကျစေနိုင်သော ဆေးမြီးတိုများမှာ-**

သွေးတိုးရောဂါအတွက် မြန်မာဆေးမြီးတို(ဆေးနည်းတို) များစွာရှိသည်။ လူတစ်ဦးနှင့်တစ်ဦး ပျောက်ကင်းစေနိုင်သော နည်းလမ်းများ မတူညီသော်လည်း တိုက်ဆိုင်၍ ပျောက်ကင်းသွားလျှင် ငွေကုန်ကြေးကျမများဘဲ အလွယ်တကူ မိမိပတ်ဝန်းကျင်တွင် ရရှိနိုင်သော အပင်၊ အမြစ်၊ အရွက်၊ အသီး၊ အပွင့်တို့မှ ရရှိခြင်းဖြစ်သဖြင့် အားကိုးထိုက်သော ဆေးမြီးတိုများဖြစ်သည်။ အချို့ခေတ်ပညာတတ် တိုင်းရင်းဆေးကို အထင်မကြီးသူများပင် သွေးတိုး၊ ဆီးချိုကဲ့သို့ ရောဂါကြီးများ ရုတ်တရက် အသက်ဆုံးနိုင်သည့် နှလုံးသွေးကြောပိတ်၊ ရင်ဘတ်အောင့်ရောဂါကြီးများကို ဆေးမြီးတိုနှင့် ပျောက်သွားသည်ကို တွေ့ရသောအခါ အံ့သြနေကြသည်။ ဆေးမြီးတိုများသည် လူထုအတွက် အသုံးဝင်သော တိုင်းရင်းဆေးပညာဖြစ်သည်။

(၁) ရှောက်သီးအခွံပါ လေးစိတ်စိတ်ပြီး မတ်ခွက်တွင်ထည့်၊ ရေနွေးစိမ်ထားပြီး အအေးခံ၍ တစ်နေကုန် သောက်ပါ။
(၂) ရှောက်သီးအရည်ညှစ် သုံးဇွန်း+ပျားရည်စစ်စစ် တစ် ဇွန်း ထမင်းစားပြီးသောက်ပါ။
(၃) ရှောက်ရွက်အနု၊ အရင့် တစ်နေ့လျှင် ၇ ရွက်မှ ၁၀ ရွက်ခန့် နေ့စဉ် အတို့အမြှုပ်ပြုလုပ်၍ စားပါ။
(၄) ငါးပိရည်၊ ငံပြာရည်၊ ငါးခြောက်စသည်တို့သည် မြန်မာလူမျိုးတို့နှင့် မကင်းနိုင်သောအစာများ ဖြစ်သည်။ ထိုအစာများ စားသည့်နေ့တွင် ဒန့်သလွန်ရွက်ဟင်းချိုကို ကြက်သွန်ဖြူနိုင်နိုင်ဖြင့်ချက်ပြီး တွဲဖက်သောက်ပေးပါ။ ကြက်သွန်ဖြူသည် သွေးတိုးကိုကျစေနိုင်သည်။ (သွေးတိုးရောဂါဖြစ်ပွားခဲ့ရာ ကြက်သွန်ဖြူကို နေ့စဉ်စားသုံးခဲ့ပါသဖြင့် ပျောက်ကင်းခဲ့သည်-မဟတ္တမဂန္ဒီ)
(၅) ဒန့်သလွန်သီးအရင့်များကို နေဖြင့်အခြောက်လှန်းထားပြီး သွေးအလွန်တိုးလျှင် ၂ စေ့၊ ၃ စေ့ ဝါးစားပါ။
(၆) သင်္ဘောအဖိုပင်၏အပွင့်ကို ပြုတ်၍စားပါက သွေးတိုးရောဂါသက်သာစေသည်။
(၇) ကြက်သွန်နီကို ထက်ခြမ်းခြမ်း ရေတစ်ဖန်ခွက်တွင်စိမ်၍ နံနက်အိပ်ရာထ စောစော သောက်ပေးလျှင် သွေးတိုးရောဂါကို ကာကွယ်သည်။ နံနက်အိပ်ရာထချိန် ခေါင်းကိုက်ခြင်းကို သက်သာစေသည်။
(၈) ပြောင်းဖူး၏ထိပ်မှ အမွှေးကိုပြုတ်၍ အရည်ကို အကြမ်းပန်းကန်တစ်လုံးစာသောက်လျှင် သွေးတိုးရောဂါ သက်သာစေသည်။
(၉) ချင်းလက်နှစ်ဆစ်ကို ထုထောင်း၊ အရည်ကိုယူ၊ သံပရာသီးတစ်လုံးအရည်နှင့် ပျားရည်တစ်ဇွန်းစပ်၍ နေ့စဉ်သောက်ပါ။ သွေးတိုးရောဂါဘေး ကင်းဝေးနိုင်သည်။ ။

**"ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲဟူသော ရှေးလူကြီးများစကားကို အချို့က ဝမ်းသွားလျှင် ခေါင်းမကိုက်ဟု ယူဆနေကြသည်။ မူရင်းစကားမှာ ထိုသို့ ရည်ရွယ်ခြင်းမဟုတ်ပေ။ ဝမ်းဗိုက်အတွင်းမှ အစာအိမ်ကောင်းလျှင် အစာကြေကျက်အား သို့မဟုတ် ဝမ်းမီးအားကောင်းလျှင် ခေါင်းခဲစရာ နောက်ဆက်တွဲရောဂါဆိုးများ မဖြစ်နိုင်ဟု ဆိုလိုရင်းဖြစ်သည်။ ဝမ်းမချုပ်လျှင် ခေါင်းမခဲဟု အယူအဆမှားနေကြခြင်းဖြစ်ပေသည်"**





GRAND HANTHA INTERNATIONAL HOSPITAL

MMPGA

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး
စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

ကလေးအထူးကုသမားတော်ကြီး
ဒေါက်တာသန်းသန်းနု
MBBS,MD,FAAP, ECFMG,
American Board of Paediatrics Certified.
Consultant Pediatrician
New Jersey, USA
၁၉.၂.၂၀၁၈ မှ ၂၂.၆.၂၀၁၈ ထိ

အထွေထွေရောဂါအထူးကုသမားတော်ကြီး
ဒေါက်တာမျိုးလွင်
MBBS, MD, ABIM Board Certified, ECFMG
Internal Medicine, Consultant Physician
Missouri, USA
၅.၃.၂၀၁၈ မှ ၂၃.၃.၂၀၁၈ ထိ

နှလုံးရောဂါအထူးကုသမားတော်ကြီး
ဒေါက်တာအောင်ထွန်း
MBBS, MD, FACC
Cardiologist
Florida, USA
၂၂.၃.၂၀၁၈ မှ ၄.၄.၂၀၁၈ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃ ၀၀၀၊ ၀၁ ၅၂၃ ၁၁၁၊ ၀၁ ၅၂၃ ၂၂၂

ပင်လယ်ကမ်းခြေမြို့ရှိ
Beauty Salon,
Unplugged Entertainment
& KTV တွင် အမျိုးသမီး
ဝန်ထမ်းများအမြန်အလိုရှိသည်။
09 952225350

အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

ဝန်ထမ်းအမြန်အလိုရှိသည်။
တိုးတက်သမှုဟာ ကုမ္ပဏီ လီမိတက်တွင် တာဝန်ထမ်းဆောင်ရန်အောက်ပါ ဝန်ထမ်းများအမြန်အလိုရှိသည်။
၁။ Brand Leader (Marketing) ကျား/မ (၂)ဦး
၂။ Medical Sales Representative ကျား/မ (၅)ဦး
၃။ Product Specialist ကျား/မ (၅)ဦး
၄။ ယာဉ်မောင်း ကျား (၂)ဦး
၅။ အထွေထွေဝန်ထမ်း ကျား (၃)ဦး
အမှတ်စဉ် (၁,၂,၃) ရာထူးနေရာများအတွက် ဘွဲ့ ရဖြစ်ပြီး ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းများတွင် အတွေ့ အကြုံရှိထားသူကို ဦးစားပေးခန့် အပ်သွားမည်။
လျှောက်ထားလိုသူများသည် C.V နှင့် လိုအပ်သောစာရွက်စာတမ်းမိတ္တူများကို Email မှတစ်ဆင့် ပေးပို့ လျှောက်ထားနိုင်ပါသည်။
Email - info@synergygn.com
ဖုန်း - 01-2301124, 2301125, 2301977 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗဟုသုတအသိပညာလေ့လာလိုသူများနှင့် ဝင်ခွင့်အသီးသီးဖြေဆိုမည့်သူများအတွက်
ကြယ်စင် အထွေထွေဗဟုသုတ (၂၀၁၈–၂၀၁၉)
ကြယ်စင် ရာထူးဝင်ခွင့် (၂၀၁၈–၂၀၁၉)
ဖြန့်ချိရေး
ကြယ်စင်စာပေ - Ph: 09421010037, 095064594
တစ်မြို့မြို့နယ်ရှိ စာအုပ်ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်အကြီးမားဆုံးကျင်းပပြုလုပ်သော
2nd THE LARGEST
DIGITAL INKJET PRINTING, MEDIA & ADVERTISING
SIGN EXPO IN MYANMAR (2018)

VENUE : TAMADAW HALL,U WISARA ROAD DATE : MARCH 9TH TO 11TH 2018 TIME : 9:00 TO 5:30

- ကြိုတင် စာရင်းပေးသွင်းထားသော visitor များကိုပြပွဲရက်အတွင်း Sim Card + Handset ကံစမ်းမဲ ဖောက်ပေးပါမည်။
- ပြပွဲတွင်လာရောက်ကြည့်ရှုသော visitor များအနေဖြင့် Game အစီအစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ပြီး လက်ဆောင်ပစ္စည်းများ ရယူနိုင်ပါသည်။
- ( ကံစမ်းမဲဖောက်ပေးမည့်အချိန် : နံနက် 11:00 နာရီမှ 12:00 နာရီ ထိ ၊ နေ့လည် 2:00 နာရီမှ 3:00 နာရီ ထိ)

ORGANIZED BY -
myanmar Gh
we care your future

ပါဝင်ပြသမည့်ပစ္စည်းများ
- Indoor/ Outdoor Digital Inkjet Printers
- UV Roll to Roll / Flatbed Inkjet Printers
- Textile Printing Machine
- HP Latex Printers
- HP Design Jet Printers
- EPSON Printers
- CNC Cutting Machine
- Display Products
- LED
- Original Light Boxes



(ပြပွဲတွင်ပါဝင်ပြသလိုသော လုပ်ငန်းရှင်ကြီးများ အောက်ပါ Hot Line ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်)
HOT LINE : 09-777588878 , 09-777588898

MAIN SPONSOR
GOLDEN HEROES
GOLD SPONSOR
Gandamar Business Solutions
CO-SPONSOR
iPentum TECHNOLOGY
hp DAS Designjet D5800
AUNG WONDER
AOD Advertising Co.,Ltd (A&T)

myanmargh.118@gmail.com www.facebook.com/ myanmargh www.myanmargh.com , www.digitalinkjetprinting sign expo myanmar.com , www.media&advertising sign expo myanmar.com

ပျောက်ဆုံးကြောင်း
ဆရာတော် မွန်အရှင်ပညာဒီပ ၁၀/မဒန(သ)၀၀၁၅၂၂ ၏ (Passport No) မမှတ်မိသည် ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

ပျောက်ဆုံးကြောင်း
ကျွန်တော်မောင်ဝင်းမြင့် ၁၀/မလမ(နိုင်)၁၄၄၁၃၉ ၏ (Passport No) မမှတ်မိသည် ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၈ဃ/၇၄၃၀၀ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လားလ် နန့်သွားဦး ၅/ကလထ (နိုင်)၁၄၀၆၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး၊ ကလေးမြို့

ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ိ /- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီးအိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀ )ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊Pile-Foundation၊ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.

အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်သိန်းရီ
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၁၉/၂၀၊ ကမ်းနားလမ်း River View Garden Housing နေ(ဦးချစ်ဖေ-ဒေါ်မေသန်း)တို့၏သမီး၊ ဗိုလ်မှူးကြီးဝင်းစိန် (ငြိမ်း)(ဝန်ကြီး၊ ငြိမ်း)(ရထားပို့ဆောင်ရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးဝဏ္ဏ(MD. Myanmar Media Group) - ဒေါ်စန္ဒာဝင်း၊ ဦးအောင်မြင့်(ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)-ဒေါ်သန္တာဝင်း၊ ဦးလင်းဇော်ဝင်း(MD. Lin Htet Industry Co., Ltd.)-ဒေါ်ကြည်ကြည်ခိုင်တို့၏ချစ်လှစွာသောမိခင်သည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်စင်မောင်-ဒေါက်တာဒေါ်ခင်သန်းအေး**
**ပြည်ထောင်စုဝန်ကြီး**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်သိန်းရီ အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၁၉/၂၀၊ ကမ်းနားလမ်း၊ River View Garden Housing နေ (ဦးချစ်ဖေ-ဒေါ်မေသန်း)တို့၏သမီး၊ ဗိုလ်မှူးကြီးဝင်းစိန် (ငြိမ်း)(ဝန်ကြီး၊ ငြိမ်း)(ရထားပို့ဆောင်ရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးဝဏ္ဏ (M.D, Myanmar Media Group)-ဒေါ်စန္ဒာဝင်း၊ ဦးအောင်မြင့်(ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)-ဒေါ်သန္တာဝင်း၊ ဦးလင်းဇော်ဝင်း(MD, Lin Htet Industry Co., Ltd.)-ဒေါ်ကြည်ကြည်ခိုင်တို့၏ ချစ်လှစွာသောမိခင်၊ ကိုလင်းထက်အောင် (CEO, Myanmar Media Group)၊ မမြတ်သင်းခိုင်(Final Part II၊ ဆေးတက္ကသိုလ်-၁)၊ မောင်မင်းသန့်နိုင်(2nd M.B၊ ဆေးတက္ကသိုလ်-၁)၊ မောင်စွမ်းပြည့်စုံဝင်း(Year 5, MISY)၊ မောင်ဘုန်းမြင့်မြတ်ဝင်း(Year 3, MISY)တို့၏အဘွားသည် ၂၄-၂-၂၀၁၈ရက်(စနေနေ့)နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

Myanmar Media Group မှ MD ဦးဝဏ္ဏ-ဒေါ်စန္ဒာဝင်းတို့၏မိခင် ဒေါ်ခင်သိန်းရီ အသက်(၇၆)နှစ်သည် ၂၄-၂-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Tomorrow News Journal**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Pi Ngul Za Ning
**အသက်(၉၁)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်ကွက်နေ(Pu Vial Kai-Pi Vial Kho Cing)တို့၏သမီး၊ (Pu Tel VuM-Pi Luan Dim)တို့၏သမီးချွေးမ၊(Sgt.Thual Za Langh) ၏ဇနီး၊ (U Tuah Kho Thang), (Daw Aei Za Vung-U Suah Pau), (Daw Thang Khan Dim-U Tual Khan Thang), (Daw Suan Khan Cing-U Song Kho Lian), Daw Go Khan Man-(U Kai Za Nang), Daw Dim Hau Vung တို့၏ ညီမ/အစ်မ၊ DR. Vum Lyan Thang-Daw Cing Lyan Vung (Victoria Hotel, Mandalay), Dr.Kai Khan Mang-Daw Langh Khawm Cing (USA), U Thang Suan Gin-Daw Dim Khen Cing(USA),Daw Dim Lam Vung-U Do Cin Khup, Daw Cing Hau Lian-U Vu, Khan Pau, U Khai Thawn Tung-Daw Cing Khan Man (ဒု-လဝကမှူး)၊ Daw Thang Lam Cing-U Kai Khan Mang တို့၏မိခင်၊ မြေးမြစ် ၃၀တို့၏အဘွားသည် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် တီးတိန်မြို့မနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး အေဂျီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ရှိန်(ခ)ဖိုးအာလူး
**အသက်(၈၈)နှစ်**

သူငယ်ချင်းလှစိုး၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၂-၂-၂၀၁၈ရက် နံနက် ၁၀နာရီခန့်ကကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စတသ(၂၄)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

## ဒေါ်အောင်မေသန်း
**အသက်(၆၆)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရန်ကင်းရပ်ကွက်နေ(ဦးမျိုးညွှန့်)၏ဇနီး၊ မရွက်နုအောင်၊ ကိုအောင်ကိုသူ-မဇင်မာအောင်၊ မအေးသီတာအောင်တို့၏မိခင်၊ မောင်အံ့ဘုန်းမြတ်သူ၏အဘွားသည် ၂၃-၂-၂၀၁၈ရက် (သောကြာနေ့)ည ၈း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၄း၃၀နာရီတွင် ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းသန်းဌေး (အိုင်ကလောင်)
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၅၀(မြေညီထပ်)နေ (ဦးစိန်ဝင်း-ဒေါ်စောလှ)တို့၏သမီး၊ (ဦးကိုကိုလေး-ဒေါ်ခင်ရီ)တို့၏သမီးချွေးမ၊ (ဦးဝင်းတင့်)၏ဇနီး၊ ကိုသက်အောင်ဝင်း-မချစ်စုတို့၏မိခင်၊ မစုပြည့်စုံဝင်း၊ မလင်းပြည့်စုံဝင်း (အထက-၃၊ စမ်းချောင်း)၊ မစောပြည့်စုံဝင်း(စမ်းချောင်းမူကြို)တို့၏ဘွားဘွားကြီးသည် ၂၃-၂-၂၀၁၈ရက် (သောကြာနေ့) ည ၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင် (ဝက်လက်မြို့)
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**စက်မှု၊ စိုက်ပျိုးနှင့်သက်မွေးပညာဦးစီးဌာန**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်လမ်းသွယ်(၁)၊ အမှတ် ၅၄(A)နေ (ဦးစွန့်-ဒေါ်သုခ)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်ဒေါ်ပြုံင်)တို့၏သားသမက်၊ (ဒေါက်တာခင်လေးကြီး)၏ခင်ပွန်း၊ ဦးအောင်မျိုးမွန်၊ ဦးအောင်မျိုးနိုင်-ဒေါ်ခင်ချစ်ဆွေ၊ ဒေါက်တာအောင်ဉာဏ်လင်း-ဒေါ်ပပမြိုင်၊ ဦးအောင်မြတ်သူ-ဒေါက်တာမိစန္ဒာမွန်၊ ဒေါက်တာချောစုဝင်း၊ ဒေါ်လှစုမြတ်၊ ဦးအောင်နိုင်သူ-ဒေါ်ဝင့်ဝါတိုးတို့၏ဖခင်၊ မမေမွန်မျိုးနိုင်၊ မောင်ကျော်လင်းနိုင်၊ (မောင်ဆက်ဖြိုးအောင်)၊ မောင်ဉာဏ်မင်းမြတ်သူ၊ မောင်ဝေလျှံလင်း၊ မောင်လင်းသူရအောင်တို့၏အဘိုးသည် ၂၃-၂-၂၀၁၈ရက် ည ၈း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြကြည် (လားရှိုးမြို့)
**အသက်(၈၉)နှစ်**

လားရှိုးမြို့၊ (၁၀)ရပ်ကွက်နေ ဗိုလ်ကြီးအေးမြင့်(ငြိမ်း)-ဒေါ်ညွန့်ညွန့်စိမ်း (ဆလအ-၉၅၉၊ ငြိမ်း)တို့၏မိခင်၊(ဦးရန်နောင်အေး)၊ ဗိုလ်မှူးကျော်ထွန်း(ငြိမ်း)-ဒေါ်မင်းမင်းအေး၊ ဦးအောင်ဇော်မြင့်-ဒေါ်ဥမ္မာအေးတို့၏အဘွား၊ မောင်ဉာဏ်လင်းဆက်၊ မောင်ဇော်ထက်နိုင်တို့၏ဘွားဘွားကြီး၊ (ဦးမောင်မောင်)၏ ချစ်လှစွာသောဇနီးသည် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ(၂)မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၈ရက် (ကြသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မယိုင်ဦး (ကျောက်ဖြူမြို့)
**အသက်(၈၉)နှစ်**

ရမ်းဗြဲမြို့နယ်၊ လေးတောင်(သရက်ချို)ကျေးရွာနေ (ဦးမောင်ဘ-ဒေါ်မယေ)တို့၏သမီး၊(ဦးမောင်အေးထွန်း)၏ဇနီး၊ မာန်အောင်မြို့နယ်၊ အလေးချောင်ကျေးရွာနေ [ဦးညီမောင်(ခ)အောက်ကျို]၊ ငအင်းကျေးရွာနေ ဒေါ်မရင်နုတို့၏အစ်မ၊ ရန်ကုန်မြို့နေ ဦးထွန်းရင်(ခ)ငမဲကျီ၊[ဒေါ်မေရီမြင်(ခ)မတုတ်]၊ မာန်အောင်မြို့နေ [ဦးသန်းထွန်း(ခ)အမောင်]၊ ကျောက်ဖြူမြို့၊ တောင်ရင်းကျေးရွာနေ [ဒေါ်စန်းရီ(ခ)အပုမ]၊ ဦးသန်းဖေ(ခ)အညီကြီး၊ မြိတ်မြို့နေ [ဦးသန်းမြင့်(ခ)အညီကလေး]၊ ဘူးသီးတောင်(ခလရ-၂၃၄)နေ ဒေါ်ငယ်ငယ်စိုး(ခ)မငယ်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၀၊ မြစ် ၂၂ယောက်တို့၏အဘွားသည် ၂၃-၂-၂၀၁၈ရက် ည ၈း၅၅နာရီတွင် ကျောက်ဖြူမြို့၊ တောင်ရင်းကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ကျောက်ဖြူမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**
## ဒေါ်မြင့်မြင့် အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ စလမ်း၊ အမှတ် ၂၉၅နေ (ဦးစော-ဒေါ်စောတင်)တို့၏သမီး၊ (ဦးခင်အေး)၏ဇနီး၊ ဦးတင်ဌေ-ဒေါ်ခင်မြင့်ဦး၊ ဒေါ်နီနီမာ၊ ဒေါ်ချိုချိုမာ၊ ဒေါ်ဝင်းဝင်းမာ၊ ဒေါ်တင်တင်မာ၊ ဦးမောင်မောင်သန်း၊ ဒေါ်စပယ်(Y.C.D.C)၊ ဦးတင်မောင်ထွေး၊ ဦးဝင်းအောင်ထွန်း(မ/ဥ၊ ဥပဒေရုံး)-ဒေါ်ရီရီခိုင်(ဥပဒေရုံး)၊ ဒေါ်တင်နွယ်အေး(ထွေ/အုပ်)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၃-၂-၂၀၁၈ရက် ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်ခင်
**အထက(၁)တောင်ဥက္ကလာပ၊ အထကတန်းပြဆရာမ(ငြိမ်း)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ ကုန်းဘောင် ၁၃လမ်း၊ အမှတ် ၇၈၇၊ ခြောက်လွှာ(ခြေရင်းခန်း)နေ [ဦးလှထွန်း၊ အမြတ်ခွန်ဝန်ထောက်-ဒေါ်ခင်မြ]တို့၏သမီး၊ (ဗိုလ်ကြီးသက်ထွန်း) (သူရဲကောင်းမှတ်တမ်းဝင်)၏ဇနီး၊ (ဦးမင်းထွန်း)-ဒေါ်ဖြူဖြူလွင်၊ ဦးသူထွန်း(Sea Dragon Service)-ဒေါ်ရတနာဝင်း(Lia International Co., Ltd.)တို့၏မိခင်၊မောင်ထက်ဝေယံ-မဖူးဖူးအိန္ဒြေဇော် (Sea Dragon Service)၊ မောင်ထက်ဝေလင်းတို့၏အဘွားသည် ၂၄-၂-၂၀၁၈ရက် မွန်းလွဲ ၂း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**
## ဒေါ်ညွန့်ညွန့်ကြည် အသက်(၇၄)နှစ်
**ဌာနခွဲစာရေး(ငြိမ်း)၊ လယ်/စိုက်/ရှင်း**
**အသင်းဝင်နံပါတ်(၁၀၅၆)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၃)ရပ်ကွက်၊ စိုက်ပျိုးရေး ၃လမ်းနေ ဒေါ်ညွန့်ညွန့်ကြည်သည် ၁၆-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ပင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးအေးမြင့် (ဆုတံဆိပ်ရိုက်)
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ အမှတ် ၇၀၊ ဘီ-၃၊ လမင်းဝင်းတိုက်နေ (ဦးပါ-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးသန်းအောင်-ဒေါ်ခင်နီနီ)စိတ်လှတံဆိပ်ရိုက်တို့၏ညီမ၊ (ဦးကျော်ထွန်း)၏ဇနီး၊ ကိုရဲလင်းမောင်-မအိအဲအေး၊ ကိုဇေလင်းမောင်-မဝေဝေလင်းတို့၏ ချစ်လှစွာသောမိခင်၊ ရွှေရတီ(ခ)ရွှေကြုတ်၏အဘွားသည် ၂၄-၂-၂၀၁၈ရက်(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ယုယု
**အသက်(၇၅)နှစ်**

(ဦးချစ်စု-ဒေါ်ပု)တို့၏သမီး၊(ဦးမြိုင်-ဒေါ်ရင်သန်း)၊ ဦးလှဝင်း-ဒေါက်တာဘန်နီ၊ (ဦးမောင်မောင်)-ဒေါ်ခင်သန်းတို့၏ညီမ၊ (ဦးမောင်ဝင်း)၊ ဦးကျော်ဝင်း-ဒေါ်မို့မို့တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ နောင်ချိုလမ်း၊ အမှတ် ၁၂၇၂နေ (ဦးအေးသိန်းလှိုင်)၏ဇနီး၊ ကိုကျော်စိုးသိန်း-မအဲလစ်စဘတ်တို့၏ချစ်လှစွာသောမိခင်၊ စောရွှေမိုးသိန်း၏ အဘွားသည်၂၄-၂-၂၀၁၈ရက်(စနေနေ့)နံနက် ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်းဌေး
**B.Sc (Zoology)**
**အသက်(၆၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ အမှတ် ၆၂နေ (ဦးလှအောင်-ဒေါ်သန်းခင်)တို့၏သမီး၊ ပန်းတောင်းမြို့နေ (ဦးဟန်ကြီး-ဒေါ်တင်လှ)တို့၏ သမီးချွေးမ၊ ဦးတင်မြင့်ထွန်း-ဒေါ်လှမြင့်၊ ဦးတင်ဝင်း-ဒေါ်သက်သက်နှင်း (အထက-၂၊ လှိုင်သာယာ)၊ ဦးခင်သက်နိုင်ဝင်း-(ဒေါ်ဌေးဌေးမြင့်)၊ (ဒေါ်ဌေးဌေးဝင်း)တို့၏ညီမ၊ ဒေါ်စန်းစန်းဝင်း၊ ဦးစိုးနိုင်အောင်(ကညန) - ဒေါ်ခင်လေးမော် (ကထိက၊ ပထဝီဌာန၊ မုံရွာ စီးပွားရေးတက္ကသိုလ်)၊ ဦးညီညီလေး-ဒေါ်ဖူးဖူးငုံ (ဗဟိုဘဏ်)တို့၏ အစ်မ၊ လှိုင်သာယာမြို့နယ်နေ ဦးသန်းဝင်း၏ဇနီး၊ မောင်ဝင်းမြတ်သူ၊ မောင်အောင်ပိုင်-မနန္ဒာတို့၏မိခင်၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည်၂၃-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၁၈ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁-၃-၂၀၁၈ရက် လှိုင်သာယာမြို့နယ်၊ (၁၈) ရပ်ကွက်၊ အောင်ဆန်းသူရိယလမ်း၊ အမှတ် ၉၅၀/ခ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်ငြိမ်း အသက်(၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ (ဦးဟန်မောင်-ဒေါ်ခင်တင့်)တို့၏သား၊(ဦးကျော်စိန် - ဒေါ်သန်းညွန့်)တို့၏သားသမက်၊ ဦးညိုဝင်း-ဒေါ်ပြုံး၊ဒေါ်သန်းဦး၊ ဦးမြင့်သိန်း-ဒေါ်နွဲ့ရီ၊ ကမာရွတ်မြို့နယ်နေ ဦးဇော်ဝင်း-ဒေါ်ခင်မော်၊ မြောင်းတကာကျေးရွာနေ ဦးသန်းထွန်းအောင်၊ မအေးသီတာတို့၏ညီ/မောင်၊ ရွှေပေါက်ကံမြို့သစ်၊(၂၁)ရပ်ကွက်၊ ရွာမလမ်း၊ အမှတ် ၅၅၅နေ ဒေါ်လှလှဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မဇင်ဇင်ဝင်း၊ မသဇင်ဝင်းတို့၏ ဖခင်သည် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မချောဆုဇံ(ခ)ချောချော
**T.24၊ လက်ထောက်မန်နေဂျာ**
**CB Bank (ရုံးချုပ်)**
**ဝန်ထမ်းဟောင်း**
**အသက်(၃၂)နှစ်**

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ အမှတ် ၈၉၊ လမ်း ၅၀နေ ဦးကိုကိုလေး-ဒေါ်ချိုချိုဟန်တို့၏သမီး၊ အမှတ် ၈၄၃၊ သမာဓိလမ်း၊မေတ္တာညွန့်နေ ဒေါ်နုနုဝင်း၏သမီးချွေးမ၊ ကိုထူးနိုင်အောင်၏ ဇနီး၊ မောင်သော်ဟန် - မခင်ပြည့်မွန် (လက်ထောက်ကထိက၊ နည်းပညာမြှင့်တင်ရေးသင်တန်းဌာန၊ ဘဲလင်း)တို့၏အစ်မ၊ မပြည့်မြင့်မိုရ်၏မိခင်သည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၉း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မြ
**မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၄လမ်း(အလယ်)၊ အမှတ် ၁၂၈နေ (ဦးအုန်းတင်-ဒေါ်စောရင်)တို့၏သား၊ ဒေါ်ခင်တီတီ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်မောင်)-ဒေါ်မြခင်၊ (ဦးရွှေမြ-ဒေါ်ချစ်စိန်)တို့၏ညီ/မောင်၊ ဒေါ်စောတင်၊ ဒေါက်တာခင်စိန်တို့၏အစ်ကို၊ ဦးစိုးကျော်(ခ)တေးရေးစိုးလင်း၊ ဒေါ်လွဲ့လွဲ့ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ပညာရေးဝန်ကြီးဌာန)တို့၏ဖခင်သည် ၂၄-၂-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးတင်သိန်း (ကျော်ဇံ မော်ကျွန်း)
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ကလေးပြုစုရေးဝင်း၊ DELTA PLAZA၊ တိုက် A၊ အခန်း ၅၀၇နေ(ဒေါ်သိန်းကြည်)၏ခင်ပွန်း၊ ဒုရဲမှူးကြီးလှရီ(ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး)-ဒုရဲမှူးမာမာအေး(နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး)၊ဦးခင်မောင်ငြိမ်း(လက်ထောက်ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)-ဒေါ်သိန်းသိန်းမြင့်(ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဌာန)၊ ဦးသိန်းထွန်း၊ ဦးလှဌေး-ဒေါ်မျိုးမင်းမင်းသိန်း(လက်ထောက် ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)၊ ဒေါ်ဖြူဖြူဝင်းတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့)ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်သိန်း
**အသက်(၈၈)နှစ်**

နေပြည်တော်ရဲတပ်ဖွဲ့ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှရီ-ဒုရဲမှူး မာမာအေးတို့၏ဖခင် ဦးတင်သိန်းသည် ၂၃-၂-၂၀၁၈ရက် (သောကြာနေ့) ည ၇း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်ရဲတပ်ဖွဲ့ မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင် ကလေးပြုစုရေးဝင်း၊ တိုက်(A)၊ အခန်း ၅၀၇နေ (ဒေါ်ကြည်သိန်း)၏ခင်ပွန်း၊ ဒုရဲမှူးကြီးလှရီ (ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်)-ဒုရဲမှူးမာမာအေး(နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး)၏ ဖခင်ဦးတင်သိန်း အသက်(၈၈)နှစ်သည်၂၃-၂-၂၀၁၈ရက်ည၇း၄၅တွင်ကွယ်လွန်ပြီး ၂၅-၂-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်တွင်း ဒုရဲအုပ်လောင်းသင်တန်း**
**အမှတ်စဉ်(၁၆/၁၉၉၁)မှ သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်တင် အသက်(၈၃)နှစ်
**ဆရာမကြီး(ငြိမ်း)၊ အထက(၆)မန္တလေး**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ် ၁၆၂နေ (ဦးသာဝ-ဒေါ်စောလှိုင်)တို့၏သမီး၊ (ဦးဘိုးထွား-ဒေါ်ခင်ပု)တို့၏ချွေးမ၊ (ဦးအုန်းကျော်၊ ဒုညွှန်ကြားရေးမှူး၊ စစစ၊ ငြိမ်း)၏ဇနီး၊ (ဦးတင်မောင်)၏ညီမ၊ (ဦးမောင်စိန်)၊ (ဦးမောင်အေး)တို့၏အစ်မ၊ ဦးကျော်တင်ဦး-ဒေါ်စန္ဒာအေး၊ (ဦးကျော်တင်လတ်)-ဒေါ်နွယ်နီလတ်၊ (ဦးကျော်တင်မြတ်)၊ ဒေါ်စန္ဒာတင်ကျော်တို့၏ချစ်လှစွာသောမိခင်၊ မောင်ငြိမ်းပြည့်စုံဖြိုး၊ မောင်ဝေယံမိုးထွဋ်၊ မောင်အဂ္ဂါမိုးထွဋ်၊ မောင်ရဲခေါင်တင်မြတ်တို့၏အဘွားသည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ကြီး
**(တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ ငြိမ်း)**
**အသက်(၈၄)နှစ်**

အမတ်ကြီး(ဦးမျှင်-ဒေါ်သိန်းတင်)တို့၏သား၊ ညောင်ရွှေနယ်၊ အမတ်ချုပ်(ဦးမောင်မောင်လတ်-ဒေါ်ခင်မေ)တို့၏သားသမက်၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့၊ ဒေါနဘွား၊ မင်္ဂလာဥယျာဉ်၊ (၄၄)ရပ်ကွက်နေ အထက(၁၇) ကျောင်းအုပ်ဆရာမကြီး (ဒေါ်ခင်နန်းညွန့်)၏ခင်ပွန်း၊ (ဦးလှမောင်)-ဒေါ်တင်အေး၊ ဦးညို-ဒေါ်ခင်လှထွေးတို့၏အစ်ကို၊ ဒေါက်တာမိုးကျော်မြင့်(ညွှန်ကြားရေးမှူး၊ ဆေးသုတေသနဦးစီးဌာန)-ဒေါ်မေသင်းထိုက်(ကထိက၊ တပ်မတော်နည်းပညာတက္ကသိုလ်)တို့၏ဖခင်၊ ဦးသောင်းအေး-ဒေါ်အေးခမ်း (မန္တလေး ကွန်ပျူတာတက္ကသိုလ်)၊ဒေါ်အေးအောင်၊ မောင်မင်းသူတို့၏ဖခင်၊ မသီရိ၊ မစန္ဒီ၊ မသန္တာတို့၏အဘိုးသည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှအေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ရက် နံနက် ၁၀နာရီတွင် မန္တလေးမြို့၊ နန်းရှေ့၊ ဒေါနဘွား၊ အကွက် ၄၄၊ မင်္ဂလာဥယျာဉ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သိန်းရီ
**အသက်(၇၆)နှစ်**

အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ကြည်း-၈၇၄၃ ဗိုလ်မှူးကြီးဝင်းစိန်(ငြိမ်း)၊ ရထားပို့ဆောင်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ ဇရိပ်မွန်(၂) မိဘမဲ့မိန်းကလေးကျောင်း ချောင်းဦးမြို့ ဦးဆောင်နာယက၏ဇနီး မေမေကြီး ဒေါ်ခင်သိန်းရီသည် ၂၄-၂-၂၀၁၈ရက် နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဇရိပ်မွန်(၂)မိဘမဲ့မိန်းကလေးကျောင်း
ကြီးကြပ်မှုကော်မတီနှင့်သမီးငယ်များ၊ ချောင်းဦးမြို့

# ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ဆုနှစ်ခုပိုင်ရှင် အောင်လအန်ဆန်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်သူ အောင်လအန်ဆန်အနေဖြင့် ဘရာဇီးနိုင်ငံသား လက်ဝှေ့သမား ALEXANDRE MACHADO အား ယမန်နေ့ညက သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ကျင်းပသော လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်လုပွဲတွင် ပထမအချီ၌ပင် အလဲထိုး အနိုင်ရရှိခဲ့သည်။

ထိုသို့ ယခင်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ဆုအပြင် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ဆုကိုပါ ထပ်မံရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်အတွက် အောင်လအန်ဆန်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ မိသားစုများက လှိုက်လှဲစွာဂုဏ်ပြု၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကပေးပို့သည့် ဂုဏ်ပြုစာလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ တို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်ပုံက ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Rose Garden Hotel ၌ သွားရောက်ချီးမြှင့်ပေးအပ်ရာ အောင်လအန်ဆန်က လက်ခံရယူသည်။ (ဝဲပုံ)

စာမျက်နှာ ၇ ကော်လံ ၁ ❍

## မြစ်ကြီးနားမြို့ရှိ ကုန်စုံဆိုင်များမှ သက်တမ်းလွန် ကုန်ပစ္စည်းများ သိမ်းဆည်း

စာမျက်နှာ - ၁၀

## ဂျပန်အမျိုးသမီးထံမှ ဖုန်း၊ ငွေနှင့် ပစ္စည်းများ လုယက်သူများကို ဖမ်းဆီးရမိ

စာမျက်နှာ - ၁၂

# MNL အမှတ်ပေးပြိုင်ပွဲ မကွေးနှင့်ရခိုင်အနိုင်ရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မကွေးနှင့် ရခိုင်အသင်း နိုင်ပွဲရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက ရောဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသော်လည်း ပုံစံကောင်းပြသနေသည့် မကွေးသည် ရောဝတီကိုအနိုင်ယူကာ ဇယားထိပ်ပိုင်းသို့ ရောက်ရှိသွားခဲ့သည်။ ရောဝတီအသင်းမှာ နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ပြီး တိုက်စစ်မှူးများ ဂိုးပေါက်ပျောက်ဆုံးနေမှုနှင့်အတူ ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားများ အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး နောက်ဆုံးကစားသည့်ပွဲတွင် နိုင်ပွဲပျောက်ထားမှုကြောင့် အနိုင်သုံးမှတ်ရရန် အားထည့်ကစားခဲ့သည်။ ပထမပိုင်းတွင် မကွေးက ပိုဖိကစားနိုင်ခဲ့သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်ရအောင် မဖန်တီးနိုင်၍ ရောဝတီသက်သာရာရခဲ့သည်။ ရောဝတီသည် ကာစီယို၏ ညာဘက်တောင်ပံမှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ကာစီယိုကို မကွေးနောက်ခံလူ နန္ဒကျော်က မလွတ်တမ်း ထိန်းချုပ်နိုင်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင် မကွေးတိုက်စစ် ပိုမြှင့်လာခဲ့ပြီး ၅၃ မိနစ်တွင် အောင်မြင့်ထွန်းက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မကွေးကစားပုံပိုကောင်းလာပြီး ၅၉ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး စိုးလွင်လွင်က သွင်းယူခဲ့သည်။မထင်မှတ်ပဲ နှစ်ဂိုးဆက်ပေးလိုက်ရသည့် ရောဝတီသည် ချေပဂိုးပြန်ရရန် အားထည့်လာခဲ့ပြီး ၇၄ မိနစ်တွင် ကာစီယိုက တစ်ဂိုးပြန်သွင်းခဲ့သည်။ ရောဝတီသည် လက်ကျန်မိနစ်များတွင် ချေပဂိုးထပ်ရရန်ကြိုးပမ်းခဲ့သော်လည်း မကွေးက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ဝေသာလီကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက GFA အသင်းကို သုံးဂိုးပြတ်အနိုင်ရ

စာမျက်နှာ ၉ ကော်လံ ၆ ❒



မကွေးနှင့် ရောဝတီအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

# ရခိုင်ပြည်နယ် စစ်တွေမြို့၌ လက်လုပ်မိုင်းသုံးလုံးပေါက်ကွဲ မပေါက်ကွဲသေးသည့် မိုင်းသုံးလုံးအား သက်မဲ့ပြုလုပ်ခဲ့



ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ယာဉ်နှစ်စီး။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ယနေ့နံနက် စောစောပိုင်းတွင် လက်လုပ်မိုင်းသုံးလုံးပေါက်ကွဲခဲ့ပြီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းသုံးလုံး ရှာဖွေတွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ပြည်နယ်တရားရုံးရှေ့ လျှပ်စစ်ထရန်စဖော်မာတွင် နံနက် ၄ နာရီ ၁၀ မိနစ်ခန့်က ဒေသန္တရ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး **(ယာပုံ)** ထရန်စဖော်မာကိုထိမှန်ကာ လျှပ်စစ်မီး တစ်နာရီကျော် ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။



အလားတူ နံနက် ၄ နာရီ ၁၁ မိနစ်ခန့်တွင် ပြည်တော်သာရပ်ကွက် ပြည်တော်သာ လမ်းမကြီးရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၏ နေအိမ်အနောက်ဘက် ခြံစည်းရိုး၌

စာမျက်နှာ ၁၀ ကော်လံ ၄ ❖

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by EUROMONEY 2017